www.burmeseclassic.com

တက္ကသိုလ်

# ငှက်ပင်းဒေါင်

## လေရူးတောင်မှဓားသိုင်းကျမ်း

ကျင်း ထုံ ... ဘောင် စန်း ရှ

BURMESE CLASSIC .com



ပထမပိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဇာတ္တသိုလ်

# နေလင်းအောင်

# လေရှူးတောင်မှဓါးသိုင်းကျမ်း

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



## မြွေဘုရင်

လူငယ်လေးတစ်ယောက်....

အသက်အားဖြင့် ဆယ့်သုံးလေးနှစ်အရွယ်မျှသာရှိပေလိမ့်ဦးမည်။ မိခင်ဖြစ်ဟန်တူသောအမျိုးသမီးနောက်မှ တစ္ဆတ်ဆွဲလိုက်ပါလာသည်။

လူငယ်လေးကိုကြည့်ရသည်မှာ အတော်ပင် ပင်ပန်းနွမ်းနယ်နေဟန်ရှိပေသည်။

အတန်ကြာသော်...

လူငယ်လေးသည် ဆက်လက်၍လမ်းမလျှောက်နိုင်တော့သည့်အခြေအနေသို့ရောက်ရှိလာပုံရသည်။

အမျိုးသမီးကိုမော့ကြည့်ပြီး....

"မေမေ... လေရှူးတောင်ကြားကို မရောက်သေး... သေး...ဘူးလား"

သူသည် အလွန်မောဟိုက်နေသဖြင့် ပြောလိုက်သောစကားသံပင်လျှင်....

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်ဖြောင့်တန်းတန်းမရှိဘဲ ပြတ်တောင်းပြတ်တောင်းဖြစ်နေပေသည်။

သူ့ရှေ့မှလျှောက်နေသူမှာ....

အသက်သုံးဆယ်ကျော်ခန့်ရှိအမျိုးသမီးတစ်ဦးဖြစ်သည်။

ဆံပင်များမှာစုတ်ဖွာနေပြီး အဝတ်အစားများသည်လည်း ညစ်ပေစုတ်ပြဲနေ၏။

ဖုန်အလိမ်းလိမ်း....

ချေးအထပ်ထပ်နှင့်....

လူရုပ်ပင် မပေါ်သလောက်ဖြစ်နေပေသည်။

သူမ၏မျက်နှာတစ်ခုလုံးသည်လည်း သွေးရောင်မရှိသလိုဖြူဖပ်ဖြူရော်ဖြစ်နေ၏။

ကြည့်ရသည်မှာ... ခရီးပန်းရုံသာမက ဝေဒနာတစ်ရပ်ရပ်ကို ခံစားနေရပုံရှိလေသည်။

သူမသည် မောဟိုက်နေသည့်ကြားမှပင်....

သားဖြစ်သူ၏မေးခွန်းကို ကြိုးစား၍ဖြေလေသည်။

"ဆုံးသွားတဲ့ သားရဲ့ဖေဖေဟာ တုန်းလိုင်စန်းတောတန်းအတွင်းကိုဝင်ပြီးရင် တောင်ဘက်တည့်တည့်ဆက်လျှောက်သွားတာနဲ့ လေရှူးတောင်ကြားကိုတွေ့ရမယ်လို့ သေသေချာချာမှာကြားသွားတာပဲ... အခု.... အခုတော့...."



အမျိုးသမီးသည် စကားကိုဆုံးအောင်ပင် ဆက်မပြောနိုင်ဘဲ ချောင်းတဟွတ်ဟွတ်ဆိုးလာလေသည်။

"အဟွတ်... အဟွတ်... အဟွတ်"

ချောင်းဆိုးလိုက်ရသဖြင့် အမျိုးသမီးသည် အတော်ပင်ပန်းမောဟိုက်သွားပုံရ၏။

မျက်နှာတစ်ခုလုံးနီမြန်းကာ အသက်ကိုမနည်းရှူနေရသဖြင့် ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်လာသည်။

လူငယ်လေးသည် စိုးရိမ်တကြီးဖြစ်သွားကာ....

ရုတ်တရက် မိခင်ဖြစ်သူ၏ခြေထောက်ကိုပြေးဖက်ထားလိုက်၏။ နှုတ်မှလည်း....

"မသွားပါနဲ့တော့မေမေရယ်... မေမေ့ရဲ့ရောဂါပိုဆိုးလာပြီတော်ကြာ...."

လူငယ်လေးသည် စကားကိုဆုံးအောင်ပင် မပြောနိုင်ဘဲ ရှိုက်ကြီးတငင်ငိုကြွေးလိုက်လေသည်။

အမျိုးသမီးသည် ဝေဒနာခံစားနေရသည့်ကြားမှ အားတင်း၍လူငယ်လေးကိုနှစ်သိမ့်ဖျောင်းဖျလိုက်လေသည်။

"မငိုပါနဲ့ထန်ဟုန်ရယ်... မေမေရဲ့ရောဂါကဆိုးလာပေမဲ့ ခံနိုင်ပါသေးတယ်၊ မင်းကို မင်းဘိုးဘိုးဆီရောက်အောင်ပို့ပြီးရင် မေမေသေပျော်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်အမည်ရှိလူငယ်လေးက....

"မေမေ... သားဘိုးဘိုးကိုတွေ့အောင်ရှာမယ်၊ ရန်သူကိုလက်စားချေမယ်... မေမေမသေရဘူး"

အမျိုးသမီးက ရုတ်တရက် လူငယ်လေး၏ပါးစပ်ကို လက်ဝါးဖြင့် ကမန်းကတမ်းလှမ်းပိတ်လိုက်၏။

"အသံမထွက်နဲ့"

သူမ၏မျက်လုံးအစုံသည် ကြောက်ရွံ့သောအရိပ်အယောင်များဖြစ်ပေါ်လာပြီး....

ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်လှည့်ပတ်ကြည့်ရှုလိုက်၏။ ထန်ဟုန်အမည်ရှိလူငယ်လေးက အမျိုးသမီး၏လက်ကို တွန်းဖယ်လိုက်သည်။

"မေမေ... လူယုတ်မာလိုက်လာနေလို့လား"

အမျိုးသမီးကခေါင်းညိတ်ပြ၏။

"ဟုတ်တယ် တို့နောက်မှာ သူလိုက်နေတယ်ဆိုတာ မေမေသိလို့ရှောင်တိမ်းခဲ့တာ... ဒါပေမဲ့ သူကလက်လျှော့မှာမဟုတ်ဘူး၊ မေမေတို့နောက်ကိုလိုက်လာနေဦးမယ်ဆိုတာ စိတ်ထဲမှာထင်နေမိတယ်"

ထန်ဟုန်က....

"မေမေ... ဘိုးဘိုးဘယ်မှာနေတာလဲ၊ ရှာမတွေ့ဘူးလား"



အမျိုးသမီးက သက်ပြင်းချလိုက်၏။

"မေမေတို့လာတဲ့လမ်းအတိုင်းဆိုရင် မှားစရာအကြောင်းမရှိဘူး၊ ဘာဖြစ်လို့ ရှာမတွေ့သေးတာလဲဆိုတာတော့ မေမေလဲမပြောတတ်တော့ဘူး"

ထိုအချိန်မှာပင်....

အလွန်ကြောက်မက်ဖွယ်ရာကောင်းသော ရယ်မောသံတစ်သံထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

"ဟား... ဟား... ဟား"

ထိုရယ်သံကိုကြားလိုက်ရသည်နှင့် သားအမိနှစ်ယောက်မှာ မျက်နှာများဖြူဖွေးသွားကြသည်။ အမျိုးသမီးက အံတင်းတင်းကြိတ်ကာဓားကိုရွမ်းခနဲဆွဲထုတ်လိုက်၏။

နှုတ်မှလည်း....

"သား လွတ်အောင်ပြေး... မေမေသူ့ကိုတားထားလိုက်မယ်၊ မေမေ့အတွက်မစိုးရိမ်နဲ့"

ထိုအချိန်မှာပင်...

မြူမှုန်များမှုန်ရိုင်းတဝါးလွှမ်းခြုံနေသော တောင်ကြားတွင်းမှ လူရိပ်တစ်ရိပ် ရုတ်တရက်တိုးထွက်လာသည်ကိုမြင်တွေ့လိုက်ရ၏။

ထိုလူရိပ်သည် အသက်ငါးဆယ်နီးပါးခန့်ရှိသော အဘိုးအိုတစ်ယောက်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရေပ်ကပိန်ပိန်ရှည်ရှည်ဖြစ်ပြီး မျက်နှာမှာကြမ်းတမ်းသည်။ အထူးသဖြင့်....

သူ၏မျက်လုံးများမှာ အလွန်တရာအေးစိမ့်ပြီး ရက်စက်ကြမ်းကြုတ်သည့်အရိပ်အယောင်များဖြစ်ပါနေ၏။

ထိုအဘိုးအိုသည် အမျိုးသမီးရှေ့သို့ရောက်ရှိသည်နှင့်ခြေလှမ်းရပ်တန့်လိုက်၏။

"ငါ့ကိုသစ္စာဖောက်တဲ့မိန်းမ... မင်း အခုပြေးလို့လွတ်သေးရဲ့လား"

အမျိုးသမီးကတောင်းပန်လိုက်၏။

"ကျွန်မကိုခွင့်မလွှတ်ရင်နေပါရှင်၊ ဒါပေမဲ့ ဒီကလေးကိုတော့ ချမ်းသာပေးပါ၊ ကလေးမှာအပြစ်မရှိပါဘူး"

အဘိုးအိုကရယ်မောလိုက်၏။

"ဒီကလေးကိုပိုတောင်သတ်ချင်သေးတယ်... အမျိုးယုတ်ရဲ့သားဖြစ်လို့ လောကပေါ်မှာမထားနိုင်ဘူး"

အမျိုးသမီးက ဓားကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားလိုက်၏။ ပြီးနောက်....

ထန်ဟုန်ကို သူမ၏နောက်ဘက်သို့ပို့ရင်း....

"ကျွန်မကတော့ အသက်နဲ့ထပ်တူ ဒီကလေးကိုကာကွယ်ပေးရမှာပဲ"



အမျိုးသမီးကပြောရင်း ထိုလူ့အားရုတ်တရက်တိုက်ခိုက်လိုက်၏။ ထိုလူကနောက်ကိုခြေလှမ်းနှစ်လှမ်းဆုတ်သွားကာ....

"မောက်ကျင်းဖုံ... ငါ့ကိုအံ့တုလို့မရဘူးဆိုတာမင်းသိပါတယ်၊ ဘာကြောင့်အံ့တုချင်ရတာလဲ"

ထိုအမျိုးသမီး၏အမည်မှာ မောက်ကျင်းဖုံဖြစ်လေသည်။

သူမသည် စကားတစ်ခွန်းမှပြန်မပြောဘဲ....

ထိုလူ့အား ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်၏။

ထိုလူကရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်လေသည်။

လူငယ်လေးထန်ဟုန်ကလည်း လက်ပိုက်ကြည့်မနေပါ။

အနီးရှိကျောက်တုံးကျောက်ခဲများကိုကောက်ယူ၍ ထိုလူ့အားပစ်ပေါက်လေသည်။

ထိုလူက ပစ်လွှင့်လာသမျှကျောက်တုံးများကိုလက်ဖြင့်ပုတ်ချပြီး မောက်ကျင်းဖုံအားဖိ၍တိုက်ခိုက်လေ၏။

မောက်ကျင်းဖုံမှာ မဟန်နိုင်တော့ဘဲနောက်သို့တဖြည်းဖြည်းဆုတ်သွားရလေတော့၏။

နောက်ဆုံး... ချောက်ကမ်းပါးနှုတ်ခမ်းထိရောက်ရှိသွားလေသည်။ နောက်သို့ဆုတ်၍လုံးဝမရတော့ပါ။

"ဟား... ဟား... ဟား"

ထိုလူက ကျေနပ်သဘောကျစွာဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေသည်။

"ကဲ... မောက်ကျင်းဖုံ ငါမင်းကိုမသတ်ဘူး၊ မင်းငါ့နောက်ကိုအေးအေးဆေးဆေးလိုက်ခဲ့ရမယ်"

မောက်ကျင်းဖုံကအံကြိတ်ရင်း....

"ကျွန်မကလေးကိုချမ်းသာခွင့်ပေးပါ၊ ဒါဆိုရင်တော့ ကျွန်မရှင့်နောက်ကိုအေးအေးဆေးဆေးလိုက်မယ်"

ထိုလူ ခေါင်းတွင်တွင်ခါယမ်းလိုက်၏။

"မဖြစ်ဘူး.... ဒီကလေးဟာ လူယုတ်မာရဲ့ကလေးဖြစ်တဲ့အတွက် ငါဘယ်နည်းနဲ့မှချမ်းသာခွင့်မပေးနိုင်ဘူး"

မောက်ကျင်းဖုံက....

"ရှင်သတ်လိုက်လို့လဲ ကလေးအဖေကသေဆုံးသွားပြီပဲ၊ ဒါကိုတောင် ရှင်ကမကျေနပ်သေးဘူးလား"

ထိုလူကမဲ့ပြုံးပြုံးကာ....

"ဒါကတော့ မင်းကသစ္စာဖောက်တာကိုး... အဲဒီအတွက် ငါကဒဏ်ခတ်ရမှာပဲ"

သူသည် ပြောရင်းပင် တဖြည်းဖြည်းနှင့်ကလေးငယ်ထန်ဟုန်ရှိရာသို့ တစ်လှမ်းချင်းချဉ်းကပ်သွားလေ၏။

ထန်ဟုန်ကကကြောက်ရွံ့ခြင်းအလျဉ်းမရှိဘဲ မားမားမတ်မတ်ရပ်နေလေသည်။



"ကျုပ်အဖမ်းမခံဘူး... သေစရာရှိရင် ချောက်ကမ်းပါးထဲကိုပဲ ခုန်ချပြီးသေမယ်"

ထိုလူကခေါင်းကိုခါယမ်း၏။

ပြီးနောက်....

"မင်း ချောက်ကမ်းပါးထဲခုန်ချပြီးသေတာကို ငါမကြိုက်ဘူး၊ မင်းကိုဖြည်းဖြည်းချင်းနှိပ်စက်ပြီးမှသေစေချင်တယ်"

ထန်ဟုန်က ထိုလူကိုခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်နေ၏။

ထိုလူကြောင်အမ်းအမ်းဖြစ်သွားကာ....

"မင်းဘာကြည့်နေတာလဲ"

ထန်ဟုန်က....

"ခင်ဗျား လူမှဟုတ်ရဲ့လားလို့ သေသေချာချာကြည့်နေမိတာပါဗျာ"

ထိုလူ ဒေါသအမျက်ခြောင်းခြောင်းထွက်သွားလေသည်။

"မင်းသေပေတော့"

သူသည် နောက်ပြန်လှည့်ကာ မောက်ကျင်းဖုံအား လက်ဝါးတစ်ဖက်ဖြင့်ရိုက်ချလိုက်၏။

"ဝုန်း...."

မောက်ကျင်းဖုံမှာ ရုတ်တရက်ဖြစ်၍ ရှောင်ရန်အချိန်ပင်မရလိုက်ဘဲ ထိုလူ၏လက်ဝါးရိုက်ချက်မိကာ....

www.burmeseclassic.com

www.burmeseclassic.com



ပက်လက်လဲကျပြီး သတိမေ့သွားလေသည်။

ထိုလူက ကျေနပ်သဘောကျဟန်ဖြင့် ထန်ဟုန်အားပြုံးစေ့စေ့ကြည့်လိုက်သည်။

ပြီးနောက် နှာခေါင်းရှုံ့ကာ...

"မင်း သေဖို့သာပြင်ပေတော့"

ပြောပြောဆိုဆို ရှေ့တစ်လှမ်းတိုးပြီး အတွင်းအားကိုလက်ဝါးထဲသို့စုစည်းတွန်းထုတ်လိုက်၏။

ထန်ဟုန်မှာ မည်သို့မျှမတတ်နိုင်တော့ဘဲ ထိုလူ၏လက်ဝါးရောက်မလာမီ ချောက်ကမ်းပါးအတွင်းသို့ သုတ်ခနဲခုန်ချလိုက်လေတော့၏။

၀၀၀၀



မောက်ကျင်းဖုံတို့သားအမိအား လိုက်လံရန်မူသောလူမှာ သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားသော 'မြွေဘုရင်'ဆိုသူဖြစ်သည်။

သူသည် သိုင်းပညာထက်မြက်သည့်အပြင် မြွေအဆိပ်များကိုကျွမ်းကျင်စွာအသုံးပြုပြီး တစ်ဖက်လူကိုတိုက်ခိုက်နိုင်သဖြင့် သိုင်းလောကသားများက သူ့အားမြွေဘုရင်ဟုခေါ်ကြသည်။

ထို့ကြောင့်...

သူ၏အမည်ရင်းကို မည်သူကမျှမသိရှိကြတော့ပါ။

မြွေဘုရင်တွင် မိန်းကလေးတပည့်လေးယောက်ရှိ၏။

ထိုတပည့်လေးဦးအနက် မောက်ကျင်းဖုံသည်အသက်အငယ်ဆုံးဖြစ်ပြီး အလွန်လှပသောမိန်းကလေးတစ်ဦးဖြစ်၏။

သို့သော် မြွေဘုရင်သည် သစ္စာရှိသူမဟုတ်ချေ။

သိက္ခာရှိသော ဆရာကောင်းတစ်ဦးလည်းမဟုတ်ချေ။

အခွင့်အရေးများရယူဖန်တီးကာ တပည့်မများကိုသိမ်းပိုက်လေ့ရှိ၏။

သူ့အကြောင်းသိရှိသည့်အခါ မောက်ကျင်းဖုံသည် ကြောက်လန့်ပြီးထွက်ပြေးတိမ်းရှောင်လေတော့၏။

သူမသည် မြွေဘုရင်ရန်မှလွတ်မြောက်အောင်ထွက်ပြေးတိမ်းရှောင်နေစဉ် တာရာအဘိုးအိုနှင့်တွေ့ဆုံခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တာရာအဘိုးအိုက သူမအကြောင်းသိရှိသွားရှိရအခါ သနားကရုဏာသက်ပြီး အိမ်သို့ခေါ်ဆောင်သွားခဲ့လေသည်။

မောက်ကျင်းဖုံသည် တာရာအဘိုးအိုအိမ်သို့ရောက်ရှိပြီး မကြာမီမှာပင် ထိတ်လန့်ကြောက်ရွံ့မှုများလျော့နည်းသွားကာ စိတ်လက်ရွှင်လန်းချမ်းမြေ့လာခဲ့သည်။

တာရာအဘိုးအို သင်ကြားပေးသော သိုင်းပညာရပ်များကိုလည်းကြိုးစားသင်ယူခဲ့သဖြင့် သိုင်းပညာအဆင့်မီသော အမျိုးသမီးတစ်ဦးဖြစ်လာခဲ့လေသည်။

ထို့နောက်တွင်မူ သူမသည် တာရာအဘိုးအို၏တစ်ဦးတည်းသောသားဖြစ်သူနှင့် အိမ်ထောင်ပြုလိုက်၏။

အိမ်ထောင်သက်တစ်နှစ်အတွင်းမှာပင်....

သားယောကျ်ားလေးတစ်ယောက်မွေးဖွားခဲ့လေသည်။

တာရာအဘိုးအိုက မြေးလေး ကိုထန်ဟုန်ဟုအမည်ပေး၏။

မောက်ကျင်းဖုံတို့ဇနီးမောင်နှံသည်....

သားဖြစ်သူထန်ဟုန် ခြောက်နှစ်သားအရွယ်သို့ရောက်ရှိလာသောအခါ သိုင်းပညာအခြေခံကိုသင်ကြားပေးသည်။

ဤသို့ဖြင့် သူတို့မိသားစုပျော်ရွှင်စွာနေလာခဲ့ကြရာမှ....

ထန်ဟုန် အသက်တစ်ဆယ့်သုံးနှစ်အရွယ်သို့ရောက်ရှိသောအခါ....



မောက်ကျင်းဟုန်၏ဆရာဟောင်း မြွေဘုရင်ရောက်ရှိလာ၏။

မောက်ကျင်းဖုံတို့ဇနီးမောင်နှံသည် မြွေဘုရင်အား အတူတကွလက်တွဲ၍ပြန်လည်တိုက်ခိုက်ကြသည်။

သို့သော်.... မြွေဘုရင်၏သိုင်းပညာမှာ သူတို့ထက်များစွာအဆင့်မြင့်နေသဖြင့် သူတို့ဇနီးမောင်နှံနှစ်ယောက်မှာ မြွေဘုရင်ကိုမည်သို့မျှမယှဉ်နိုင်ခဲ့ချေ။

ခင်ပွန်း ဖြစ်သူထန်လင်းမှာဒဏ်ရာအပြင်းအထန်ရရှိသွား၏။

ထို့ကြောင့်.... မောက်ကျင်းဖုံတို့မိသားစုသုံးယောက် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

သို့တိုင်အောင်...

ထန်လင်း၏ဒဏ်ရာမှာ ပြင်းထန်လွန်းသဖြင့် လမ်းခရီး၌ပင်သေဆုံးသွားရလေသည်။

မောက်ကျင်းဖုံမှာ ဝမ်းနည်းပူဆွေးမနေနိုင်ချေ။

သားဖြစ်သူအား ရန်သူ့လက်မှလွတ်မြောက်ရေးအတွက်....

ဆက်လက်ပြေးလွှားခဲ့ရလေသည်။

သို့သော်....

ဦးတည်ရာအရပ်သို့မရောက်မီမှာပင်....

မြွေဘုရင်သည် မောက်ကျင်းဖုံတို့သားအမိကိုလိုက်မီလာခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်သည် လူငယ်လေးတစ်ယောက်သာဖြစ်သော်လည်း မာန်မာနကြီးသူဖြစ်၏။

သူသည်....

ရန်သူ့လက်သို့အကျရောက်မခံဘဲ ချောက်ကမ်းပါးထဲသို့ တစ်ရှိန်ထိုးခုန်ချလိုက်လေသည်။

မိခင်ဖြစ်သူ မောက် ကျင်းဖုံမှာမူ သားဖြစ်သူကိုကာကွယ်ရင်း မြွေဘုရင်၏လက်ချက်မိကာ သတိလစ်မေ့မြောသွားလေတော့၏။

၀၀၀၀



## ကယ်တင်ရှင်အဘိုးအို

ထန်ဟုန်သည် ရန်သူ့လက်သို့အကျရောက်မခံနိုင်သဖြင့် အလွန်တရာနက်ရှိုင်းလှသည့်ချောက်ကမ်းပါးထဲသို့ ဇွတ်မှိတ်၍ခုန်ချလိုက်ပြီဖြစ်သည်။

သူသည် သိုင်းပညာအခြေခံမျှသာတတ်မြောက်ထားသူဖြစ်၏။ ထို့ကြောင့် ကျဆင်းနေသောအရှိန်ကိုမထိန်းနိုင်ဘဲ သူ၏ခန္ဓာကိုယ်သည် ဖောက်ထိုးမိုးမျှော်ကျသွား၏။

သူသည် အရိုးအသားရှာ၍ပင် မတွေ့နိုင်လောက်အောင် စိစိညက်ညက်ကြေကာသေဆုံးရတော့မည်ဟု စိတ်နှလုံးဒုန်းဒုန်းချကာ မျက်လုံးများကိုစုံမှိတ်ထားလိုက်သည်။

ရုတ်တရက် သူ၏ခန္ဓာကိုယ်သည် တုံ့ခနဲဖြစ်သွား၏။

တစ်စုံတစ်ခုနှင့်ချိတ်တွယ်မိသည့်အလား သူ၏ခန္ဓာကိုယ်သည် အောက်သို့ဆက်၍ပြုတ်ကျမသွားတော့ဘဲရပ်တန့်သွား၏။

သည်တော့မှ သူအံ့အားသင့်ပြီးမျက်လုံးဖွင့်ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်တစ်ဖက်ကို အခြားလက်ကြီးတစ်ဖက်ကဖမ်းဆုပ်လိုက်ခြင်းဖြစ်ကြောင်းသိရှိလိုက်ရ၏။

တစ်ဆက်တည်းမှာပင်...

သူ၏လက်ကိုဖမ်းဆွဲထားသောသူမှာ အဘိုးအိုတစ်ယောက်ဖြစ်နေသည်ကိုပါတွေ့မြင်လိုက်ရလေသည်။

ထိုအဘိုးအိုသည် တောင်နံရံမှငေါထွက်နေသောကျောက်တုံးတစ်တုံးပေါ်၌ရပ်နေခြင်းဖြစ်၏။

အဘိုးအိုသည် သူ့အား ကျောက်တုံးကြီးပေါ်သို့ဆွဲတင်လိုက်လေသည်။ ကျောက်တုံးပေါ်ခြေမိသည့်အခါမှ....

လက်ကိုလွှတ်ပေးလိုက်သည်။

"ဟဲ့... သူငယ် မင်းဘယ်လိုဖြစ်ပြီးကျလာတာလဲ"

အဘိုးအိုက သူ့အားအကဲခတ်ကြည့်ရင်းမေးလိုက်၏။

အဘိုးအိုမေးလိုက်မှ ထန်ဟုန်သည် မိမိ၏မိခင်ကိုသတိရလာပြီး ရှိုက်ကြီးတငင်ငိုကြွေးမိလိုက်တော့၏။

"မေမေ... မေမေ"

ကယောင်ကတန်းအော်ခေါ်လိုက်၏။

သူ၏အသံသည် ချောက်ကမ်းပါးတစ်ခုလုံးပဲ့တင်ထပ်သွားလေ၏။ အဘိုးအိုက သူ၏ဦးခေါင်းကိုအသာအယာလက်ဖြင့်ပွတ်သပ်လိုက်၏။



"မငိုပါနဲ့လူလေးရယ်... မင်း ဘာဖြစ်ခဲ့တယ်ဆိုတာ အဘကိုပြောပါလား"

ထန်ဟုန်က....

"လူဆိုးတစ်ယောက်က ကျွန်တော်တို့သားအမိကိုသတ်ဖို့လိုက်လာတာ... ကျွန်တော်တို့လဲ လူဆိုးလက်ကလွတ်အောင်ပြေးရင်းကျွန်တော်ကချောက်ထဲကျခဲ့ပါတယ်၊ မေမေကတော့လူဆိုးလက်ထဲရောက်သွားပြီလား လူဆိုးလက်ချက်နဲ့ပဲ သေသွားပြီလားဆိုတာမပြောတတ်ဘူး"

ထန်ဟုန်သည် ဝမ်းနည်းပက်လက်ဖြင့်ငိုကြွေး၏။

အဘိုးအိုက သူ့အားချော့မော့နှစ်သိမ့်လိုက်၏။

"မငိုပါနဲ့လူလေး... မင်းကိုတောင်ပေါ်ပို့ထားပြီး မင်းအမေကို အဘလိုက်ရှာပေးပါ့မယ်"

အဘိုးအိုသည် စကားဆုံးသည်နှင့် ထန်ဟုန်၏လက်ကိုဆွဲကာ တောင်နံရံတွင်သွယ်တန်းထားသောနွယ်ကြိုးများကိုအားပြု၍ လက်ဝဲဘက်တွင်ရှိသောတောင်နံရံရှိရာသို့ ကူးသွားလေသည်။

ထို့နောက်....

တောင်ထိပ်တစ်ခုပေါ်သို့ ရောက်သွားသောအခါ သူ့အားချပေးလိုက်လေသည်။

၎င်းနောက် လိုဏ်ဂူတစ်ခုရှိရာသို့လှမ်းအော်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်လေး... လာစမ်းပါဦးကွယ်၊ ပောဒီအစ်ကိုလေးကို ကြည့်ထားစမ်းပါ... အဘအခုပဲပြန်လာမယ်"

အဘိုးအိုသည် ယင်းသို့မှာကြားပြီးနောက်ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်ရာ မျက်စိရှေ့မှောက်မှာပင် လေဟုန်စီးသည့်အလား လွင့်မျောကွယ်ပျောက်သွားတော့၏။

၀၀၀၀



ထန်ဟုန်သည် အဘိုးအိုကွယ်ပျောက်သည်အထိကြည့်နေပြီး မှပတ်ဝန်းကျင်အခြေအနေကိုလှည့်ပတ်ကြည့်လိုက်၏။ အလွန်အေး ချမ်းသောနေရာဖြစ်သည်ကိုသိရှိလိုက်သည်။

သို့သော် ချောက်ကမ်းပါးအောက်သို့ ငုံ့ကြည့်လိုက်သောအခါ တိမ်တိုက်များဝေနေသည်ကိုတွေ့လိုက်ရ၏။

ဤနေရာသည် အလွန်မြင့်မားသောတောင်ထိပ်တစ်နေရာ ဖြစ်ရမည်ဟု သူခန့်မှန်းမိ၏။

သူသည် မိခင်အတွက်စိုးရိမ်ပူပန်နေသဖြင့် အဘိုးအိုသွားရာ ဘက်သို့လှမ်းမျှော်၍ကြည့်နေသည်။

သူသည် မိခင်အတွက် ဝမ်းနည်းပက်လက်ဖြစ်ကာ မျက်ရည် များစီးဆင်းကျလာသည်။

"မေမေ ဘာမှမဖြစ်အောင် နတ်သိကြားတွေကူညီမစပါ"

သူသည် ယင်းသို့ဆုတောင်းနေ[illegible] သူ[illegible]နောက်ဘက်မှအသံ တစ်သံထွက်ပေါ်လာသည်ကိုကြားရ၏။

"ယောကျ်ားလေးဖြစ်ပြီး ငိုနေရသလား၊ ရှက်လဲမရှက်ဘူး"

စကားသံကြောင့် ထန်ဟုန် ချာခနဲလှည့်ကြည့်လိုက်သည်။

ထိုအခါ သူ၏နောက်ဘက် တစ်လံခန့်အကွာတွင် မိမိနှင့်ရွယ် တူမျှရှိသောမိန်းကလေးတစ်ဦးရပ်နေသည်ကိုတွေ့လိုက်ရလေသည်။ ထန်ဟုန်သည် ထိုမိန်းကလေးကိုဒေါသတကြီးပြန်ကြည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အမေပျောက်သွားလို့ငိုတာ ဘာဖြစ်လဲ"

မိန်းကလေးကနှာခေါင်းရှုံ့လိုက်ပြီး....

"အမေပျောက်ရင် လိုက်ရှာပေါ့၊ ဘာဖြစ်လို့ငိုနေရတာလဲ"

ထန်ဟုန်ကခေါင်းယမ်းလိုက်သည်။

"ငါ့အမေနဲ့လူချင်းကွဲပြီးပျောက်သွားတာမဟုတ်ဘူး... ငါ့အမေကိုလူဆိုးသတ်သွားသလား... ဒါမှမဟုတ်ဖမ်းသွားသလားဆိုတာမသိရလို့"

မိန်းကလေးကအထင်သေးဟန်ဖြင့်....

"လူဆိုးဖမ်းသွားရင်လိုက်ပြီး ပြန်လုယူပေါ့၊ နင့်ကိုကြည့်ရတာ လူကြောက်တစ်ယောက်လိုပဲ"

မိန်းကလေး၏စကားကြောင့် ထန်ဟုန်ဒေါသထွက်လာလေ၏။ မိန်းကလေးကိုမကျေမနပ်ပြန်ကြည့်ရင်း....

"အဲဒီလူဆိုးက ဘယ်လောက်ကြောက်စရာကောင်းသလဲ ဆိုတာ နင်သိလား... နင်သူ့ကိုတွေ့လိုက်တာနဲ့မူးမေ့ပြီးလဲသွားမှာ"

မိန်းကလေးကမဲ့ပြုံးတစ်ချက်ပြုံးကာ....

"ငါဘယ်လောက်သတ္တိရှိတယ်ဆိုတာသိရအောင် ငါတို့တစ်ပွဲတစ်လမ်းလောက်အကဲစမ်းကြည့်ကြမလား"

မိန်းကလေးကစိန်ခေါ်လိုက်ရာ....

ထန်ဟုန်ကလည်းအားကျမခံဘဲ....



"စိန်လိုက်လေ"

ထို့နောက်... သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်ရန်ဟန်ပြင်လိုက်ကြ၏။

ထိုစဉ်မှာပင် အသံတစ်သံရုတ်တရက်ထွက်ပေါ်လာ၏။

"မြေးလေး ညှဉ့်သည်ကိုဒီလိုမလုပ်ရဘူးလေ"

ရုတ်တရက်ထွက်ပေါ်လာသည့် စကားသံကြောင့် ထန်ဟုန်လှည့်ကြည့်လိုက်ရာ အဘိုးအိုပြန်ရောက်လာသည်ကိုတွေ့ရသည်။

သို့သော် သူ၏မိခင်ပါရှိလာသည်ကိုမူ မတွေ့ရပါ။

သူ၏ရင်ထဲတွင် နင့်ခနဲဆို့သွားလေသည်။

သူ၏မိခင်သည် လူဆိုးလက်ချက်ဖြင့်သေဆုံးသွားပြီလော။

သို့မဟုတ် လူဆိုးကဖမ်းခေါ်သွားပြီလော။

သူသည်ဝမ်းနည်းပက်လက်ဖြင့်ငိုကြွေးရင်း အဘိုးအိုအားမေးလိုက်လေ၏။

"အဘ... မေမေကော"

အဘိုးအို၏မျက်နှာတွင် မကြည်မသာသောဟန်အမူအရာများဖြစ်ပေါ်နေ၏။

"မင်းကျလာတဲ့နေရာတစ်ဝိုက်ကို ငါလိုက်ရှာပြီးပြီ၊ ဘယ်သူ့ကိုမှမတွေ့ရဘူးကွ"

ထန်ဟုန် စိုးရိမ်တကြီးဖြစ်သွားကာ....

www.burmeseclassic.com

www.burmeseclassic.com



"မေမေသေပြီလား… အမှန်ပြောပါအဘ"

အဘိုးအိုကခေါင်းခါယမ်းလိုက်သည်။

"မင်းအမေသေရင် အလောင်းကိုတော့တွေ့ရမှာပေါ့၊ အခု အလောင်းမတွေ့ဘူးဆိုတော့ လူဆိုးလက်ထဲပါသွားတာဖြစ်မှာပေါ့"

ထန်ဟုန်ကဒူးထောက်လျက်ငိုကြွေးလိုက်လေ၏။

"မေ… မေ…."

သူသည် အသံကုန်ဟစ်အော်ငိုကြွေးရင်းမြေပေါ်သို့လဲကျကာ ကမ္ဘာကြီးတစ်ခုလုံးကိုမှောင်အတိဖုံးလွှမ်းသွားလေတော့၏။

၀၀၀၀



## လေရှူးတောင်

ထန်ဟုန်သတိရလာသောအခါ လိုဏ်ဂူတစ်ခုအတွင်းရောက်ရှိနေသည်ကိုတွေ့မြင်လိုက်၏။ သူ့အနီးတွင် အဘိုးအိုနှင့်မိမိရန်ဖြစ်ခဲ့သောမိန်းကလေးတို့ ထိုင်နေကြသည်ကိုတွေ့မြင်လိုက်ရလေ၏။

မိန်းကလေးက သူ့အားကြည့်နေပုံမှာ ရန်လိုသည့်အကြည့်မျိုးမဟုတ်တော့ဘဲ ကရုဏာသက်နေသောအကြည့်မျိုးဖြစ်နေသည်ကို တွေ့လိုက်ရ၏။

သူသည် ကမန်းကတမ်းထထိုင်လိုက်၏။

အဘိုးအိုက သူ့အားအတန်ကြာစိုက်ကြည့်ပြီး ကရုဏာသက်သောအသံဖြင့်….

"လူကလေး မင်းနာမည်ဘယ်လိုခေါ်သလဲ"

ထန်ဟုန်က….

"ကျွန်တော်ထန်ဟုန်ပါ"

အဘိုးအိုမျက်မှောင်ကုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်က ကွပ်ပျစ်ပေါ်မှဆင်းပြီး အဘိုးအိုအားဒူးထောက်ရှိကန်တော့လိုက်သည်။

"ကျွန်တော့်အသက်ကိုကယ်ခဲ့တဲ့အတွက် ကျွန်တော်ကျေးဇူး မမေ့ပါဘူးအဘ"

အဘိုးအိုသည် ထိုကလေးငယ်မှာ ယဉ်ယဉ်ကျေးကျေးသိမ်သိမ်မွေ့မွေ့ရှိသည်ကိုမြင်တွေ့လိုက်ရသောအခါ ကျေနပ်သွားလေ၏။ အဘိုးအိုကခေါင်းညိတ်ရင်း....

"ဒါနဲ့ မင်းအမေနာမည်ဘယ်လိုခေါ်သလဲ"

ထန်ဟုန်ကမဆင်းမတွပင် ....

"မောက်ကျင်းဖုံ"

ဟုခပ်သွက်သွက်ပြန်ဖြေလိုက်သည်။

"ဟေ...."

အဘိုးအို၏မျက်နှာကွက်ခနဲပျက်သွားပြီး....

"မင်းကမောက်ကျင်းဖုံရဲ့သားဟုတ်လား"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်အဘ"

အဘိုးအိုကမျက်မှောင်ကုပ်ကာ....

"ဒါနဲ့ မင်းအဖေကကောဘယ်သူလဲ"

ထန်ဟုန်က....



"ထန်လင်းပါ"

အဘိုးအို၏မျက်နှာ အနည်းငယ်ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

"မင်းအဖေ အခုဘယ်မှာလဲ"

ထန်ဟုန်မျက်ရည်ဝဲလာလေသည်။

"ဖေဖေသေပြီ"

"ဘာကွ"

အဘိုးအို၏အသံဟိန်းထွက်သွား၏။

ထန်ဟုန် ထိတ်လန့်တုန်လှုပ်သွားလေသည်။

သူသည် အဘိုးအိုအားမော့ကြည့်လိုက်ရာ....

အဘိုးအို၏မျက်နှာတစ်ခုလုံးမှာ

ကြောက်မက်ဖွယ်ကောင်းသော ဟန်မူအရာမျိုးဖြစ်နေပေါ်လာသည်ကိုတွေ့လိုက်ရလေသည်။

တစ်ခဏကြာမှ အဘိုးအိုကသူ့အားစိုက်ကြည့်ကာ....

"ဒါ ဘယ်သူ့လက်ချက်လဲ"

ထန်ဟုန်က....

"မြွေ.... မြွေဘုရင်"

အဘိုးအိုကအံကိုတင်းတင်းကြိတ်ကာ....

"တောက်...."

www.burmeseclassic.com

www.burmeseclassic.com



ခံပြင်းစွာဖြင့် တောက်တစ်ချက်ခေါက်လိုက်၏။

"လူယုတ်မာ... ဒင်းကိုငါသတ်မယ်"

ထိုအဘိုးအိုသည်....

မြွေဘုရင်နှင့်ရန်ငြိုးရန်စရှိလိမ့်မည်ဟု ထန်ဟုန်ခန့်မှန်းလိုက်မိလေသည်။ အတန်ကြာသည့်အခါ အဘိုးအိုသည် သူ့အားကြည့်လိုက်ပြန်၏။

ပြီးနောက်....

"ဒီလိုဆိုရင်... မင်းတို့နောက်ကိုလိုက်သတ်နေတဲ့သူဟာ မြွေဘုရင်ပေါ့ဟုတ်လား"

ထန်ဟုန်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်အဘ"

အဘိုးအိုက....

"မင်းတို့ ဘာကြောင့်ဒီဘက်ကိုထွက်ပြေးလာရတာလဲ"

ထန်ဟုန်က....

"ဖေဖေမသေခင်က မြွေဘုရင်ရဲ့ရန်ကလွတ်အောင် ဘိုးဘိုးဆီအရောက်သွားဖို့ မေမေ့ကိုမှာခဲ့လို့ပါ"

ထန်ဟုန်၏စကားကို အဘိုးအိုစိတ်ဝင်စားသွားသည်။

ထို့ကြောင့် ငြိမ်၍နားထောင်နေလိုက်သည်။

ထန်ဟုန်ကဆက်ပြောလိုက်၏။



"ဖေဖေက လေရှူးတောင်ကြားကိုရောက်ရင်ဘိုးဘိုးကိုတွေ့နိုင်တယ်လို့ပြောပါတယ်၊ ဒါကြောင့် ဒီဘက်ကိုပြေးလာခဲ့တာပါ။ ဒါပေမဲ့ ဘိုးဘိုးနဲ့မတွေ့မီ မြွေဘုရင် နောက်ကလိုက်လာလို့ကျွန်တော်တို့ အခုလို...."

သူသည် အလွန်ဝမ်းနည်းလာသဖြင့် စကားကိုပင်မဆက်နိုင်တော့ဘဲငိုကြွေးလိုက်လေတော့၏။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် ခေတ္တမျှငိုင်သွား၏။

ခက်ထန်ကြမ်းတမ်းသောသူ၏မျက်နှာပေါ်တွင် ကရုဏာအရိပ်အယောင်များယှက်သမ်းလာ၏။

အတန်ကြာမှ အဘိုးအိုက သက်ပြင်းတစ်ချက်ကိုလေးလေးပင်ပင်ချလိုက်ပြီး....

"ငါဘယ်သူလဲဆိုတာသိသလား"

ဟုမေးလိုက်၏။

ထန်ဟုန်ကခေါင်းခါယမ်းလိုက်သည်။

"မသိပါဘူးအဘ"

အဘိုးအိုက...

"ငါဟာမင်းတို့လိုက်ရှာနေတဲ့မင်းရဲ့အဘိုးပဲ"

"ဗျာ...."

ထန်ဟုန်ကအံ့သြဝမ်းသာဖြစ်သွား၏။

"ဘိုးဘိုး...."

သူသည် အဘိုးအိုရင်ခွင်ထဲသို့တိုးဝင်၍ငိုကြွေးလိုက်၏။

အဘိုးအိုက သူ့အား တင်းတင်းကျပ်ကျပ်ဖက်လိုက်ပြီး...

"မြေးလေး"

မြေးအဘိုးနှစ်ယောက်တို့သည် တင်းကျပ်စွာသိုင်းဖက်ထားရင်း အဘိုးအို၏မျက်လုံးတစ်စုံတွင် မျက်ရည်များစီးဆင်းကျလာ၏။



အတန်ကြာတော့မှ....

ထန်ဟုန်ကအဘိုးအို၏ရင်ခွင်ထဲမှခွာလိုက်၏။

"ဘိုးဘိုး လူဆိုးနောက်ကိုလိုက်ပြီးမေမေ့ကိုကယ်ပါဦး"

အဘိုးအိုကခေါင်းညိတ်လိုက်၏။

"စိတ်ချမြေးလေး... ဒီလူယုတ်မာကို ဘိုးဘိုးကအပိုင်းပိုင်းခုတ်သတ်ပြီးလက်စားချေပါ့မယ်"

သူသည် ထန်ဟုန်၏မျက်ရည်များကိုသုတ်ပေးပြီး ထန်ဟုန်အားစူးရှစွာကြည့်ကာ....

"ထန်ဟုန်... မင်း ယောကျ်ားမဟုတ်လား"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဘိုးဘိုး"

အဘိုးအိုက....

"မင်းသတ္တိရှိသလား"

ထန်ဟုန်ကရင်ကိုကော့လိုက်ပြီး....

"ရှိပါတယ်ဘိုးဘိုး"

အဘိုးအိုက....

"မင်းအဖေအတွက် မင်းကိုယ်တိုင်လက်စားချေချင်သလား"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

"ကျွန်တော်ကိုယ်တိုင်လက်စားချေချင်တယ်ဘိုးဘိုး"

www.burmeseclassic.com

www.burmeseclassic.com



သူ၏လေသံကပြတ်သား၏။

အဘိုးအိုခေါင်းညိတ်လိုက်၏။

"ကောင်းတယ်... ယောကျ်ားဆိုတာဒီလိုသတ္တိရှိရမယ်"

သူကစကားဆက်လိုက်၏။

"ဒီလိုဆိုရင်... မင်း ဘိုးဘိုးနဲ့နေရမယ်၊ ဘိုးဘိုးသင်ပေးမဲ့သိုင်းပညာကို ကြိုးစားပမ်းစားသင်ယူရမယ်ဟုတ်လား"

ထန်ဟုန်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါဘိုးဘိုး"

အဘိုးအိုက....

"သိုင်းပညာသင်တယ်ဆိုတာ ပျော်စရာအလုပ်တစ်ခုတော့ မဟုတ်ဘူး၊ အပင်ပန်းအဆင်းရဲခံပြီး ဒွဲ၊ လုံ့လ၊ ဝီရိယရှိမှဖြစ်မယ်ဆိုတာမင်းသိထားဖို့လိုမယ်"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

"ကျွန်တော်နားလည်ပါတယ်ဘိုးဘိုး"

အဘိုးအိုက....

"မင်းဒုက္ခခံနိုင်ပါ့မလား"

ထန်ဟုန်က....

"ဖေဖေ့အတွက် လက်စားချေဖို့ပဲ၊ ဘယ်လိုဒုက္ခမျိုးကိုမဆို ကျွန်တော်ခံပါ့မယ်"



အဘိုးအိုကခေါင်းညိတ်လိုက်၏။

"အေး... ယောကျ်ားဆိုတာဒီလိုမှဘိုးဘိုးကကြိုက်တာ"

သူကစကားကိုဆက်သည်။

"မနက်ဖြန်ကစပြီး မင်းကိုသိုင်းပညာသင်ပေးမယ်'

ထန်ဟုန်ဝမ်းသာသွား၏။

"ဟုတ်ကဲ့ပါဘိုးဘိုး"

အဘိုးအိုကမိန်းကလေးအားညွှန်ပြလိုက်၏။

"သူ့နာမည်ကမင်လေး... သူ့ကိုညီမလေးမင်လို့ခေါ်ရမယ်"

ထန်ဟုန်ကမိန်းကလေးအားတစ်ချက်ကြည့်ပြီးခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါဘိုးဘိုး"

အဘိုးအိုက သူမအားခေါင်းညိတ်ပြ၏။

"မင်လေး နင်သူ့ကိုအစ်ကိုလေးဟုန်လို့ခေါ်ရမယ်ဟုတ်လား"

မင်လေးကခေါင်းညိတ်၏။

"ဟုတ်ကဲ့ပါဘိုးဘိုး"

အဘိုးအိုက....

"မင်လေးကတော့ သိုင်းပညာသင်ထားတာခြောက်နှစ်ရှိပြီ၊ ထန်ဟုန်ထက်တော့ပိုတတ်နေပြီ၊ ဒါကြောင့် ဘိုးဘိုး မအားတဲ့အခါ နင့်အစ်ကိုလေးကိုသင်ပြပေးရမယ်ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူမကခေါင်းညိတ်၏။

"ဟုတ်ကဲ့ပါဘိုးဘိုး"

ဤသို့ဖြင့်.... ထန်ဟုန်သည် လေရှူးတောင်ပေါ်၌နေထိုင်ပြီး မင်လေးနှင့်အတူ အဘိုးဖြစ်သူသင်ကြားပေးသောသိုင်းပညာရပ်များကို အချိန်မလပ်ကြိုးစားလေ့ကျင့်ရင်းနေထိုင်ခဲ့ရလေသည်။

၀၀၀၀



ထိုအဘိုးအို၏အမည်မှာ တာရာအဘိုးအိုဖြစ်သည်။

သူသည် လွန်ခဲ့သောဆယ့်လေးငါးနှစ်ခန့်က တောထွက်ရန် အိမ်ဂေဟာမှထွက်ခွာခဲ့၏။ ထိုအချိန်မှာ သူ၏မြေး ထန်ဟုန်မွေးဖွားပြီး အခါလည်သားကျော်ကျော်မျှသာရှိသေး၏။

သူထွက်ခွာသွားသည့်ရည်ရွယ်ချက်မှာ အဆင့်မြင့်သိုင်းပညာတစ်ရပ်ကိုတီထွင်ရန် ဖြစ်၏။ သို့သော် အချိန်သာကုန်လွန်သွားသည်။

သူ၏ရည်ရွယ်ချက်မှာမအောင်မြင်ခဲ့ပါ။

သူသည် စတင်စိတ်ဓာတ်ကျဆင်းလာခဲ့၏။

သိုင်းပညာရပ်များကိုဆက်လက်မစဉ်းစားတော့ဘဲ အေးအေးလူလူနေထိုင်ပြီး တောတောင်သဘာဝ၏ရှုခင်းကိုသာကြည့်ရှုခံစားရင်းဖြင့်အချိန်ကုန်လွန်စေခဲ့လေသည်။

သို့သော်....

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## လိုဏ်ဂူထဲမှအမှာစကား

တစ်နေ့တွင်....

တာရာအဘိုးအိုသည် တောတောင်သဘာဝအလှကိုကြည့်ရှုခံစားရင်း ခြေဦးတည့်ရာသို့လျှောက်သွားလေသည်။

သူသည် တစ်နေရာသို့ရောက်သွားသောအခါ ကလေးငယ်တစ်ဦး၏ငိုသံကိုကြားလိုက်မိသည်။

သူသည် အလွန်ပင် အံ့ဩသွား၏။

သူရောက်ရှိနေသောနေရာမှာ လူသူတစ်စုံတစ်ဦးမှရောက်ရှိသည့်နေရာတစ်ခုမဟုတ်ပါ။

ယခု ထိုကလေးငယ်၏ငိုသံသည်မည်သည့်နေရာမှထွက်ပေါ်လာပါသနည်း။

သူသည် ကလေးငိုသံကိုနားထောင်ရင်း စူးစမ်းလိုသောစိတ်များဖြစ်ပေါ်လာ၏။

ထို့ကြောင့်....



သူသည် ငိုသံကြားရာသို့ရှာဖွေရင်းလျှောက်သွား၏။

မကြာမီ သူသည် လိုဏ်ဂူတစ်ခုကိုတွေ့မြင်လိုက်၏။

လိုဏ်ဂူဝင်ပေါက်ထိပ်တွင် စာများရေးထွင်းထားသည်ကိုမြင်တွေ့ရ၏။

တစ်စုံတစ်ဦးက ဓားဖြင့်သော်လည်းကောင်း....

သံမဏိလက်ညှိုးပညာဖြင့်သော်လည်းကောင်း....

ရေးထွင်းထားခြင်းဖြစ်သည်ကို သူခန့်မှန်းမိ၏။

"လေရှူးလိုဏ်ဂူ"

ငိုသံသည် ထိုလိုဏ်ဂူအတွင်းမှထွက်ပေါ်လာနေခြင်းဖြစ်ပေသည်။ သူသည်မနေနိုင်တော့ဘဲ လိုဏ်ဂူထဲသို့စူးစမ်းရင်း လှမ်းဝင်သွားလေ၏။

လိုဏ်ဂူမှာနက်ရှိုင်းလှသည်မဟုတ်ပါ။

ဆယ်ပေပတ်ဝန်းကျင်ခန့်မျှသာရှိ၏။

သို့သော် လိုဏ်ဂူထဲတွင် ကျောက်စားပွဲ ကျောက်ကုလားထိုင်စသည့်ပစ္စည်းများအပြင် ကျောက်ကွပ်ပျစ်တစ်လုံးပင်ရှိနေသည်ကိုတွေ့မြင်ရ၏။

ကလေးငိုသံသည် ထိုကွပ်ပျစ်ပေါ်မှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။ ကွပ်ပျစ်ပေါ်၌ အမျိုးသမီးတစ်ယောက်လဲလျောင်းနေသည်ကိုတွေ့မြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တုတ်တုတ်မျှပင်မလှုပ်ဘဲ လဲလျောင်းနေ၏။

သူ မျက်မှောင်ကုပ်သွားသည်။

ကလေးငယ်သည် မည်မျှအချိန်ကြာမြင့်စွာကပင် ငိုကြွေးနေခဲ့သည်ကိုမသိပါ။

အသံများပင် ပြာလာနေသည်ကိုတွေ့ရှိလိုက်ရလေ၏။

ကလေးငယ်သည် ဤမျှငိုနေသော်လည်းအမျိုးသမီးမှာတုတ်တုတ်မျှပင်မလှုပ်ပါ။

အိပ်ပျော်နေခြင်းတော့မဟုတ်တန်ရာ....

အသက်မရှိခြင်းသာဖြစ်ရမည်ဟု သူနားလည်လိုက်သည်။

သူသည် တစ်ခဏအကြာတွေဝေနေရာမှ ကွပ်ပျစ်ရှိရာသို့ချဉ်းကပ်သွား၏။

သူထင်ထားသည့်အတိုင်းပင် အမျိုးသမီးမှာသေဆုံးနေသည်ကိုတွေ့ရလေသည်။

သူသည် စိတ်မကောင်းခြင်းများစွာဖြင့် ကလေးငယ်အားပွေ့ချီလိုက်၏။

ကလေးငယ်မှာ အခါလည်ကျော်ကျော်ခန့်အရွယ်မိန်းကလေးတစ်ယောက်ဖြစ်၏။

သူသည် ကလေးငယ်ကိုပွေ့ချီလိုက်သည်နှင့် အဝတ်စတစ်စကျသွားသည်ကိုတွေ့မြင်လိုက်ရသည်။



ထိုအဝတ်ဖြူပေါ်တွင် အနီရောင်စာလုံးများရေးသားထားသည်ကိုတွေ့ရသဖြင့်....

သူသည် အဝတ်ဖြူစကိုကောက်ယူပြီးဖြန့်ကြည့်လိုက်၏။

သွေးဖြင့် ရေးသားထားသောစာများဖြစ်နေသည်ကိုမြင်တွေ့ရသည်။

သူသည် အမျိုးသမီး၏လက်ညှိုးကိုကိုင်ကြည့်လိုက်၏။

လက်ညှိုးထိပ်တွင် အပေါက်ကလေးတစ်ပေါက်ရှိပြီးသွေးများခဲနေသည်ကိုတွေ့ရ၏။

ထိုသွေးဖြင့်ရေးသားထားသော အဝတ်စဖြစ်ရမည်ဟုတွေးထင်လိုက်၏။

သူ စာကိုဖတ်ကြည့်လိုက်၏။

စာတွင်ရေးသားထားသည်မှာ....

"လေရှူးလိုဏ်ဂူထဲဝင်ရောက်နိုင်တဲ့ပုဂ္ဂိုလ်ဟာ ထိပ်တန်းသိုင်းသမားဖြစ်ရမယ်လို့ ကျွန်မ ယုံကြည်ပါတယ်၊ မျှော်လည်းမျှော်လင့်ပါတယ်... ဒါကြောင့် ဒီစာကိုရေးသားခြင်းဖြစ်ပါတယ်"

တာရာအဘိုးအိုက မသိမသာခေါင်းညိတ်လိုက်၏။

"ဒီအမျိုးသမီးဟာ ဉာဏ်အမြော်အမြင်ကြီးတဲ့သူဖြစ်ရမယ်"

ဟုမှတ်ချက်ချမိသည်။ သူသည် စိတ်ဝင်စားလာသဖြင့် စာကိုဆက်ဖတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဟာ ရန်သူရဲ့ လိုက်လံသတ်ဖြတ်မှုကိုရှောင်တိမ်းရင်း တစ်နှစ်သားအရွယ်သမီးလေးကိုပိုက်ပြီး ထွက်ပြေးနေရပါတယ်၊ ကျွန်မမှာဒဏ်ရာလဲရရှိထားပါတယ်၊ လမ်းခရီးကလဲ အင်မတန်ကြမ်းတမ်းလှတဲ့အတွက် ဒီကိုရောက်ရှိတဲ့အခါ မကြာခင် သေဆုံးရမယ်ဆိုတာကိုနားလည်သဘောပေါက်မိပါတယ်၊ ဒါကြောင့် ဒီစာကိုရေးခဲ့တာဖြစ်ပါတယ်၊ ဒီစာရ ရှိတဲ့ပုဂ္ဂိုလ်ဟာ ကျွန်မသမီးလေးကို ကြီးပြင်းအောင် ကျေးမွေးစောင့်ရှောက်ပါလို့တောင်းပန်ပါတယ်၊ ကျွန်မကလဲ ဓားပညာသိုင်းကျမ်းတစ်အုပ်နဲ့ကျေးဇူးဆပ်ပါမယ်၊ ကလေးယော်ရဲ့ ကိုယ်ထဲမှာ စာတစ်စောင်လဲ ရေးသားထားခဲ့ပါတယ်။ ဒီစာကိုမပျောက်ပျက်အောင် သိမ်းထားပေးပါရှင်၊ သမီးလေးကိုလဲ ကျွန်မရဲ့ ဓားပညာကိုသင်ကြားပေးပါ၊ အရွယ်ရောက်လာတဲ့အချိန် ဓားပညာအောင်မြင်တဲ့အခါကျမှ ဒီစာ သူ့ကိုပေးဖတ်ပါ၊ စာထဲမှာ ကျွန်မတို့ ဇနီးမောင်နှံရဲ့ နာမည်နဲ့ ရန်သူ့နာမည်အားလုံး ပါရှိပါတယ်၊ မိဘအတွက် ရန်သူကိုလက်စားချေပေးရမည်လို့ သမီးလေးကိုဖွင့်ပြောပေးပါ။

ကျေးဇူးတင်ပါတယ်ရှင်"

စာဆုံးသွားပြီဖြစ်သည်။

သို့သော်....

အမည်နာမရေးသားထားခြင်းမရှိသဖြင့်....



ထိုအမျိုးသမီး မည်သူမည်ဝါဖြစ်သည်ကို တာရာအဘိုးအိုမသိပါ။

သူသည် ကလေးငယ်ကို အနီးရှိရေဘူးအတွင်းမှရေများကိုတိုက်ကျွေးလိုက်၏။

ကလေးငယ်မှာအငိုတိတ်သွား၏။

ရေသောက်ပြီးနောက် အိပ်ပျော်သွားလေ၏။

တာရာအဘိုးအိုသည် ကလေးငယ်ကို ကွပ်ပျစ်ပေါ် အသာအယာချပြီး ဓားပညာသိုင်းကျမ်းကိုကောက်ယူကြည့်လိုက်၏။

သိုင်းကျမ်းမှာ... ဆိတ်သားရေပြားဖြင့်ဖုံးအုပ်ထားသည်ကိုတွေ့ရ၏။

စာအုပ်မှာ ထူထူထဲထဲရှိသည်။

သူသည် စာအုပ်၏မျက်နှာဖုံးကိုကြည့်လိုက်သောအခါ အံ့သြဝမ်းသာသွားလေ၏။

ထိုဓားပညာသိုင်းကျမ်း၏ မျက်နှာဖုံးပေါ်တွင်ရေးသားထားသည်မှာ....

"မိုးကြိုးဓားသိုင်းပညာကျမ်း"

ဟူ၍ဖြစ်လေသည်။

တာရာအဘိုးအိုသည် ထိုအမည်ကိုဖတ်ရှုလိုက်မိသည်နှင့်ထူးဆန်းသောဓားဝိဇ္ဇာတစ်ယောက်အကြောင်းကို....

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်သတိရလာမိလေသည်။

လွန်ခဲ့သော(၁၄–၁၅)နှစ်ခန့်ကဖြစ်သည်။

သိုင်းလောကတွင် ဓားဝိဇ္ဇာတစ်ယောက်ပေါ်ထွန်းခဲ့ဖူးလေသည်။ ထိုဓားဝိဇ္ဇာ၏ဓားပညာမှာ မည်သည့်ဓားပညာမျိုးနှင့်မှ မတူဘဲတစ်မူထူးခြားနေ၏။

ဓားပညာကိုအသုံးပြုလိုက်သောအခါ မိုးခြိမ်းသည့်အလား အသံများထွက်ပေါ်လာသောကြောင့် ထိုဓားပညာကိုမိုးကြိုးဓားသိုင်းပညာဟု အားလုံးကခေါ်တွင်ခဲ့ကြသည်။

ထိုဓားဝိဇ္ဇာသည် လူကောင်းလားလူဆိုးလားဟု မည်သူကမျှ ခွဲခြား၍မရပါ။

အကြောင်းမှာ....

သူ၏အပြုအမူသည် တစ်ခါတစ်ရံ သူတော်ကောင်းဆန်ပြီး တစ်ခါတစ်ရံတွင်....

အလွန်ရက်စက်သည်ကိုတွေ့ရသောကြောင့်ဖြစ်လေ၏။

မည်သည့်ဓားပညာရှင်ကမှ သူ့ကိုဓားပညာသုံးကွက်ထက် ပို၍ယှဉ်ပြိုင်နိုင်သူမရှိပါ။

သိုင်းလောကမှာ ဓားအကျော်အမော်များစွာတို့သည် သူ၏ဓားချက်အောက်တွင် အသက်ဆုံးရှုံးခဲ့ကြရလေ၏။

ထိုအခါ.... သိုင်းလောကမှထိပ်သီးဂိုဏ်းများဖြစ်ကြကုန်သော



ရှောင်လင်၊ ဝူးတန်တို့သည် ပူးပေါင်း၍ ဓားဝိဇ္ဇာအားချေမှုန်းရန် ကြိုးစားလာကြလေ၏။

သို့သော် ထိုအချိန်မှစ၍ ဓားဝိဇ္ဇာသည်လောကပေါ်မှပျောက်ကွယ်သွားသည့်အလား သတင်းအစအနကိုပင်မကြားရတော့ပါ။

သူကြားသိခဲ့ရသည်မှာ ဓားဝိဇ္ဇာက ဓားကိုဝှေ့ယမ်းတိုက်ခတ်လိုက်သောအခါ မိုးကြိုးဟိန်းသံကဲ့သို့အသံများ ကြောက်မက်ဖွယ်ရာထွက်ပေါ်လာတတ်သည်ဟုဖြစ်လေ၏။

ယခု သူရရှိထိုက်သော်သိုင်းကျမ်းမှ မိုးကြိုးဓားသိုင်းပညာဖြစ်၏။ ထို့ကြောင့် ဤမိုးကြိုးဓားပညာသိုင်းကျမ်းသည် တစ်ချိန်က လျှမ်းလျှမ်းတောက်သိုင်းပညာကျော်ကြားခဲ့သော ဓားဝိဇ္ဇာ၏သိုင်းကျမ်းဖြစ်မည်ဟုယုံကြည်လာလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



တာရာအဘိုးအိုသည် သိုင်းကျမ်းကိုစတင်၍ကြည့်ရှုလိုက်ရာ ထိုသိုင်းကျမ်းသည် ထူထူထဲထဲရှိနေသည်ဖြစ်သော်လည်း…

အခန်းပေါင်းဆယ့်နှစ်ခန်းမျှသာပါရှိသည်ကိုတွေ့ရလေ၏။

သို့သော်…. သူသည် ပထမခန်းနှင့်ဒုတိယအခန်းကိုဖတ်ကြည့်မိသည်နှင့် အံ့ဩ၍မဆုံးနိုင်အောင်ခံစားလိုက်ရ၏။

သူကိုယ်တိုင်ပင်လျှင် ဓားသမားတစ်ယောက်ဖြစ်ရာ….

ထိုသိုင်းကွက်နှစ်ကွက်ကိုလေ့လာလိုက်သည်နှင့် သိုင်းပညာ၏အားမာန်ထက်ပုံ အကွက်ဆန်းပုံ အပြောင်းအလဲများပုံစသည့် ဓားပညာ၏အဆီအနှစ်အားလုံးပါရှိသည်ကိုတွေ့ရလေသည်။

သူသည် ထိုသိုင်းကျမ်းကိုသိမ်းဆည်းထားလိုက်သည်။

ဤမိုးကြိုးဓားပညာကိုလည်း တတ်မြောက်လာအောင် ကြိုးစားလေ့ကျင့်ရန်ဆုံးဖြတ်လိုက်လေ၏။

၀၀၀၀



တာရာအဘိုးအိုသည် ဤလေရှူးလိုဏ်ဂူထဲတွင်နေထိုင်ရန် ဆုံးဖြတ်လိုက်သည်။ ရှေးဦးစွာ သူသည် အမျိုးသမီး၏အလောင်းကို လိုဏ်ဂူအနီးတွင်မြေမြှုပ်လိုက်၏။

ထို့နောက် မြေပုံရှေ့တွင် ကျောက်ပြားတစ်ပြားစိုက်ထူလိုက်လေသည်။ ကျောက်ပြားပေါ်၌….

“အညတရအမျိုးသမီး၏ဂူ”

ဟုစာဖြင့်ရေးထွင်းလိုက်လေသည်။ ထို့နောက်…

သူသည် လက်အုပ်ချီကါရ၀ပြုရင်းသစ္စာဆိုလိုက်၏။

“ကျွန်ုပ်သည် အသင်ထားခဲ့သောကလေးငယ်ကို ကျွန်ုပ်၏ သွေးသားအရင်းပမာစောင့်ရှောက်ပါမည်။ မိုးကြိုးဓားပညာကို လည်းသင်ကြားပေးပါမည်။ ကလေးငယ် အရွယ်ရောက်သည်အထိ ကျွန်ုပ် ဤလေရှူးတောင်မှတစ်ဖ၀ါးမခွာပါဟုကတိပြုသည်။ အသင် စိတ်အေးလက်အေးနေပါတော့”

တာရာအဘိုးအိုသည် အမည်မသိအမျိုးသမီးအပေါ် ယင်းသို့ ကတိပေးထားသောကြောင့် သူသည် ထိုအချိန်မှစ၍ လေရှူးတောင် မှ တစ်ဖ၀ါးမှမခွာတော့ပါ။

သို့သော် သူသည် ဤနေရာသို့ရောက်ရှိနေသည့်အကြောင်း ကိုမူ သားဖြစ်သူ ထန်လင်းအားအသိပေးခဲ့လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



တာရာအဘိုးအိုသည် မိုးကြိုးဓားပညာကို စတင်လေ့လာ၍ လေ့ကျင့်၏။

သူကိုယ်တိုင်ကလည်း ဓားပညာရှင်တစ်ယောက်ဖြစ်၏။

ထို့ကြောင့် မိုးကြိုးဓားပညာကိုတစ်နှစ်အတွင်းတတ်မြောက် အောင်မြင်လာလိမ့်မည်ဟုယုံကြည်ထား၏။

သို့သော်.... သူသည် တစ်နှစ်ကုန်ဆုံးသွားသော်လည်း သိုင်း ပညာကိုတစ်ကွက်တည်းသာ သင်ကြားတတ်မြောက်ခဲ့လေသည်။

သို့သော် သူစိတ်မပျက်ပါ။

ခက်ခက်ခဲခဲရှိသောသိုင်းပညာသည် အထက်မြက်ဆုံးသော သိုင်းပညာတစ်ရပ်ဖြစ်ရမည်ဟု သူကယုံကြည်ထားသည်။

သို့ဖြင့်.... ထိုကလေးငယ်ကို မင်လေးဟုအမည်ပေးထားပြီး ခုနစ်နှစ်အရွယ်သို့ရောက်ရှိသောအခါ ဓားပညာအခြေခံများကိုသင် ကြားပေး၏။

သူသည် ယင်းသို့သင်ကြားပေးသည့်အခါမှ မင်လေးသည် အသက်ငယ်ရွယ်သော်လည်း သိုင်းပညာအလွယ်တကူတတ်မြောက် နိုင်ရန် ပါရမီပါရှိသည်ကိုတွေ့ရှိလိုက်ရလေသည်။

သူဝမ်းသာသွား၏။ ဆက်လက်ကြိုးစားသင်ကြားပေး၏။

ဆယ့်သုံးနှစ်အရွယ်သို့ရောက်ရှိသောအခါ မင်လေးသည် မိုးကြိုးဓားသိုင်းပညာကို အခန်း(၆)အထိတတ်မြောက်လာ၏။



တာရာအဘိုးအို မင်လေး၏တိုးတက်ပုံကိုကြည့်ပြီးပီတိဖြစ် မိ၏။ ထိုအချိန်တွင်....

မမျှော်လင့်ဘဲ မောက်ကျင်းဖုံနှင့်ထန်ဟုန်တို့၏အဖြစ်အပျက် များနှင့်ကြုံတွေ့လိုက်ရခြင်းဖြစ်ပေတော့သည်။

သူ မောက်ကျင်းဖုံနောက်သို့လိုက်သွားရာ မောက်ကျင်းဖုံကို မတွေ့ရတော့ပါ။ ထို့ကြောင့် ပြန်လှည့်ခဲ့ရလေသည်။

မောက်ကျင်းဖုံကို မြွေဘုရင်ကဖမ်းဆီးခေါ်ဆောင်သွားပြီဟု သူခန့်မှန်းမိ၏။

သူသည် မြွေဘုရင်နောက်ကိုဆက်မလိုက်တော့ပါ။

အကြောင်းမှာ... သူသည် အညတြအမျိုးသမီး၏အုတ်ဂူရှေ့ တွင် မင်လေးအရွယ်မရောက်မချင်း ဤနေရာမှတစ်ဖဝါးမှမခွာပါဟု ကတိပေးထားသောကြောင့်ဖြစ်သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ထန်ဟုန်အိပ်ရာထ အနည်းငယ်နောက်ကျသွား၏။

ထို့ကြောင့်.... သူအိပ်ရာမှနိုးလာသည့်အခါ လိုဏ်ဂူထဲတွင် သူ၏အဘိုးနှင့်မင်လေးတို့ကိုမတွေ့ရတော့ပါ။

ထိုမြေးအဘိုးနှစ်ယောက်တို့သည် တောင်ထိပ်ပေါ်သို့သွားရောက်၍ဓားပညာလေ့ကျင့်နေကြပြီဟု သူနားလည်ထား၏။

သူသည် ကွပ်ပျစ်ပေါ်မှဆင်းပြီးအဝတ်အစားများကိုပြင်ဝတ်လိုက်၏။ ဆံကေသာကိုသပ်သပ်ရပ်ရပ်ဖြစ်အောင်ထုံး၍ လိုဏ်ဂူထဲမှ ထွက်လာ၏။

သူ၏ခြေလှမ်းများကို ဓားပညာလေ့ကျင့်ရာနေရာသို့ဦးတည်လိုက်၏။ လိုဏ်ဂူနှင့်ခြေလှမ်း(၂၀၀)ခန့်အကွာတွင် မြေကွက်လပ်တစ်ခုရှိ၏။

ထိုနေရာသည် သိုင်းပညာနှင့် ဓားပညာများ လေ့ကျင့်ရာနေရာဖြစ်၏။

သူသည် ထိုနေရာသို့ဦးတည်လျှောက်သွားခြင်းဖြစ်၏။

ထိုနေရာသို့မရောက်မီ မိုးခြိမ်းသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

သူသည် ကောင်းကင်ပေါ်တစ်ချက်မော့ကြည့်ပြီး....

"ဟောဗျာ.... မိုးခြိမ်းသံကြားတယ်၊ မိုးတောင်ရွာတော့မယ် ထင်ပါရဲ့"



သူသည် ယင်းသို့ပြောပြီးဆက်လက်လျှောက်သွားသည်။

မိုးခြိမ်းသံများ ပို၍ကျယ်လောင်စွာထွက်ပေါ်လာသည်ကို ကြားလိုက်ရ သည်။

သူ ကောင်းကင်ပေါ်မော့ကြည့်လိုက်ပြန်သည်။

ကောင်းကင်ပေါ်၌ တိမ်တောင်တိမ်လိပ်များကင်းစင်ပြီး နေလုံးကြီးပင် ထိန်လင်းစွာတောက်ပနေလေသည်။

သို့သော် မိုးခြိမ်းသံသည် ကျယ်လောင်စွာထွက်ပေါ်နေ၏။

သူက ခေါင်းတစ်ချက်ဆတ်လိုက်သည်။

"အင်း ဒီနေရာကတော်တော်ထူးဆန်းတယ်... နေလဲပူတယ်.. ကောင်းကင်မှာလဲတိမ်တိုက်မရှိဘူး၊ ဒါပေမဲ့ မိုးခြိမ်းသံကတော့ကြားနေရတယ်"

သူသည် ယင်းသို့ တစ်ကိုယ်တည်းရေရွတ်ရင်း ဆက်လက်လျှောက်ခဲ့ရာ ဓားပညာလေ့ကျင့်သောမြေကွက်လပ်အနီးသို့ရောက်ရှိလာသောအခါ မိုးခြိမ်းသံများ ရုတ်တရက်ရပ်တန့်သွားသည်ကို တွေ့ရှိလိုက်ရလေသည်။

သူသည် မြေကွက်လပ်ရှိရာသို့ရောက်ရှိနေပြီဖြစ်သည်။

တာရာအဘိုးအို၏လက်ထဲတွင် ဓားတစ်လက်ကိုင်ထားသည်ကိုတွေ့ရ၏။ နေရောင်ခြည်အောက်တွင် ဓားရောင်ဝင်းလက်နေသည်ကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုကဓားကိုအောက်ချ၍ မြေပေါ်စိုက်ထူထားလိုက်၏။

ထို့နောက် လက်သုတ်ပဝါတစ်ထည်ဖြင့် ချွေးများကိုသုတ်နေ၏။ မင်လေးက အဘိုးအိုအား လက်နှစ်ဖက်ဆုပ်၍ဂုဏ်ပြုစကားပြောနေသည်ကိုကြားလိုက်ရ၏။

"ဘိုးဘိုး ဓားပညာအောင်မြင်သွားတာကို ကျွန်မဂုဏ်ပြုပါတယ်ရှင်"

တာရာအဘိုးအိုခေါင်းညိတ်လိုက်၏။

"လွယ်တယ်လို့တော့မထင်လိုက်နဲ့... ဒီဓားပညာ(၁၂) ကွက်ကို ဘိုးဘိုး (၁၂)နှစ်အချိန်ကုန်ခံပြီးသင်ခဲ့ရတဲ့ဖွဲလုံးလဝီရိယကိုလဲထည့်ပြီးတွက်ရလိမ့်မယ်"

မင်လေးခေါင်းညိတ်လိုက်၏။

"ကျွန်မနားလည်ပါတယ်ဘိုးဘိုး"

အဘိုးအိုက သူမအား စိုက်ကြည့်လိုက်၏။ လွန်ခဲ့သော ၁၃-နှစ်ကအကြောင်းများကိုပြန်လည်မြင်ယောင်လာ၏။ ထိုအချိန်က မင်လေးကိုမွေးဖွားသည်မှာ လပိုင်းမျှသာရှိသေးသည်မဟုတ်ပါလော။ (၁၃)နှစ်သည် တိုတောင်းသောအချိန်ကာလမဟုတ်ပါ။

အရာရာတို့မှာ ကြီးထွားလာကြ၏။

ယခု မင်လေးသည် အပျိုပေါ်ဝင်စပြုလာလေပြီ။

မည်းနက်ပြီးကွေးနေသောမျက်ခုံးမွေး....



ရွှန်းလက်တောက်ပသောမျက်လုံး....

ဖြောင့်တန်းသောနှာတံနှင့်....

နီနီရဲရဲနှင်းဆီရောင်နှုတ်ခမ်းတို့မှာ....

တစ်နေ့ အလွန်ချောမောလှပမည့်မိန်းကလေးတစ်ဦးဖြစ်လာမည်ဟုကြိုတင်ဖော်ပြနေသလိုရှိသည်မဟုတ်ပါလား။

သူ မသိမသာသက်ပြင်းလေးတစ်ချက်ချလိုက်၏။

မင်လေးသည် မကြာမီ အချိန်တန်အရွယ်ရောက်လာတော့မည်ဖြစ်၏။ ထိုအခါ သူသည် အံမျိုးသမီးပေးခဲ့သောစာကို မင်လေး၏လက်သို့ပေးအပ်ရတော့မည်မဟုတ်ပါလော။

မင်လေးသည် သူမ၏မိဘအားသတ်သွားသူ မည်သူမည်ဝါဖြစ်သည်ကိုသိရှိလာပေတော့မည်။

သူမသည် ယင်းလျှို့ဝှက်ချက်ကိုသိရှိသွားလျှင် မုချလက်စားချေမည်သာဖြစ်၏။

သူမသည် မိုးကြိုးဓားပညာကိုတတ်ထားသောကြောင့် လက်စားချေရာတွင် အသက်ပေါင်းများစွာသေဆုံးရတော့မည်မှာ သေချာနေပြီဖြစ်သည်။

ထို့ကြောင့် သူသည် ထိုစာကိုပေးသင့်မပေးသင့်ချင့်ချိန်ရမည့်အခြေအနေသို့ရောက်ရှိလာလေ၏။

ထိုအချိန်တွင် မင်လေးကလည်း သူ့အားစိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုးရဲ့ဓားပညာအောင်မြင်သွားပါပြီ... ဒါပေမဲ့ ဘိုးဘိုး ပေးထားတဲ့ကတိတစ်ခုကိုမမေ့ပါနဲ့"

တာရာအဘိုးအိုက....

"ဘာကိုပြောနေတာလဲမင်လေး"

မင်လေးက....

"သမီးဖေဖေ့အကြောင်းကိုမေးတဲ့အခါမှာ ဘိုးဘိုးကသမီး ကြီးလာရင် နောက်ပြီးမိုးကြိုးဓားပညာအောင်မြင်လာတဲ့နေ့မှာ ပြော ပြမယ်လို့ပြောခဲ့တာလေ"

တာရာအဘိုးအို၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။

သူသည် သက်ပြင်းတစ်ချက်ချကာ....

"ပြောပြမှာပေါ့ကွယ်... ဒါပေမဲ့ မင်းကငယ်ပါသေးတယ်၊ တစ်နှစ် နှစ်နှစ်လောက်စောင့်ပါဦးလား"

မင်လေးက သူမ၏မိဘအကြောင်းမေးနေသည်ကို အနီးသို့ ရောက်ရှိလာသည့်ထန်ဟုန်ကကြားလိုက်သဖြင့် မိခင်ဖြစ်သူကိုသတိ ရလာပြီး....

ရုတ်တရက် စိတ်မထိန်းနိုင်တော့ဘဲငိုကြွေးလိုက်မိ၏။

"မေ... မေမေ...."

မင်လေးနှင့်အဘိုးအိုတို့ကချော့မော့နှစ်သိမ့်လိုက်၏။

အဘိုးအိုက....



"ထန်ဟုန်... မင်းအခု သိုင်းပညာသင်ဖို့ကအရေးကြီးတယ်၊ ဒါမှ မင်းအမေသေသလားရှင်သလားဆိုတာကို စုံစမ်းလို့ရမှာ၊ မင်း အခု ဝမ်းနည်းနေလို့လဲ ဘာမှအကြောင်းထူးလာမှာမဟုတ်ဘူး။ ဒါကို မင်းသိဖို့ကောင်းတယ်"

ထန်ဟုန်အငိုရပ်သွား၏။

"ဟုတ်ကဲ့ပါဘိုးဘိုး"

ထိုအချိန်တွင် မင်လေးက အဘိုးအိုအားကြည့်နေ၏။

အဘိုးအိုကသူမကိုပြန်ကြည့်လိုက်သောအခါ သူမမှာအလွန် ချောမောလာသည်ကိုသတိပြုမိလာ၏။

သို့သော် သူမ၏မျက်လုံးအစုံတွင်ရက်စက်ကြမ်းကြုတ်သည့် အရိပ်အယောင်များပါရှိနေသည်ကိုတွေ့ရ၍ သူ့ရင်ထဲ ထိတ်ခနဲဖြစ် သွားမိလေသည်။

"ဒီမိန်းကလေးကို သူ့ရဲ့ဘဝအဖြစ်အပျက်အမှန်ကိုပြောပြလို့ မဖြစ်သေးဘူး၊ ဒီအကြောင်း သူသိသွားရင် သိုင်းလောကမှာသွေး ထွက်သံယိုမှုတွေ အများကြီးဖြစ်လာနိုင်ရေးအကြောင်းရှိတယ်"

ထို့ကြောင့်...

သူသည် မင်လေး၏မိဘများအကြောင်းကို လောလောဆယ် ပြောမပြသေးဘဲနေရန်ဆုံးဖြတ်လိုက်၏။

"မင်လေး... ဘိုးဘိုးစကားကို နားမထောင်တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



အချိန်တန်ရင် ဘိုးဘိုးပြောပြမှာပေါ့၊ မင်လေး အားလုံးသိရစေ့မယ်၊ အခုတော့ ဘာမှမမေးနဲ့ဦး သိလား"

မင်လေးသည် စကားတစ်ခွန်းမျှမပြောတော့ပါ။ ခေါင်းကိုငုံ့လိုက်၏။ သို့သော် နှုတ်ခမ်းစူထား၏။ အဘိုးအိုကပျော့ပျော့ပျောင်းပျောင်းလေသံဖြင့် ချောမော့နှစ်သိမ့်လိုက်၏။

"ဘိုးဘိုးက ပြောမပြချင်လို့မဟုတ်ပါဘူးကွယ်... မင်းမိဘရဲ့ အခြေအနေအကြောင်းအရာတွေကို ဘိုးဘိုးလဲသိပ်ပြီးသိထားတာ မဟုတ်ဘူး... တစ်ခုတော့ရှိတယ်၊ မင်းက မင်းမိဘရဲ့အကြောင်းကို သိချင်တယ်ဆိုရင် မိုးကြိုးဓားပညာကိုတတ်အောင်ကြိုးစားပါ"

သူကစကားဆက်လိုက်၏။

"မင်း အခုသိုင်းကွက်(၆)ကွက်တောင်ရထားပြီးပြီပဲ၊ ကျန်တဲ့ သိုင်းကွက်(၆)ကွက်ကတော့ ပိုပြီးလွယ်ပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိုးကြိုးဓားရဲ့ရည်ရွယ်ချက်ကို ရှေ့ပိုင်းမှာသိပ်နားမလည်သေးတဲ့အတွက် တိုးတက်မှုက ထင်သလောက်ခရီးမပေါက်ဘူးပေါ့၊ အခုတော့ သူ့ရဲ့သဘောတရားကိုနားလည်လာတဲ့အတွက် နောက်(၃)နှစ်ဆို မင်းကောင်းကောင်းကြီးတတ်သွားမှာပါ"

မင်လေးသည် အဘိုးအို၏စကားကိုကြားလိုက်ရသောအခါ ဝမ်းသာအားတက်ဖြစ်သွားသည်။

"တကယ်လားဘိုးဘိုး"



အဘိုးအိုကခေါင်းညိတ်လိုက်သည်။

"ဘိုးဘိုးပြောတဲ့အတိုင်း မှန်မှန်လေ့ကျင့်သွားမယ်ဆိုရင် (၃) နှစ်ထက်မပိုဘူးလို့ဘိုးဘိုးပြောနိုင်တယ်"

မင်လေး ဝမ်းသာသွား၏။ သူမသည် စိတ်ဓာတ်တက်ကြွစွာဖြင့်မိုးကြိုးဓားကိုဆက်လက်လေ့ကျင့်သည်။

အဘိုးအိုက ကျောက် တုံးတစ်တုံးပေါ်ထိုင်၍ကြည့်ရှုနေလေသည်။ သူသည် ထန်ဟုန်အားသူ့နံဘေးတွင်လာရောက်ထိုင်ရန်ခေါင်းညိတ်ပြ၏။

ထန်ဟုန်က အဘိုးအိုအနီးတွင်ထိုင်၍ မင်လေး သိုင်းပညာလေ့ကျင့်နေသည်ကိုကြည့်ရှုသည်။ မင်လေးသည် ဓားကိုဆုပ်ကိုင်လျက် ရင်တွင်ပိုက်ရင်း အဘိုးအိုရှေ့တွင်ရပ်၍ ဂါရဝပြုလိုက်သည်။

ထို့နောက် ပိုက်ထားသောဓားကို တဖြည်းဖြည်းရှေ့သို့ ဆန့်ထုတ်လိုက်သည်။

ရုတ်တရက် သူမ၏ဘယ်ဘက်လက်ကိုလခြမ်းကွေးသဏ္ဌာန်အနေအထားဖြင့် ခေါင်းပေါ်၌ကွေးထားလိုက်ပြီး ညာဘက်လက်တွင်ကိုင်ထားသောဓားကို စတင်လှုပ်ရှားလေသည်။

သူမသည် ယင်းသို့လှုပ်ရှားလိုက်သောအခါ အေးစိမ့်သောအလင်းရောင်တန်းများသည် ဝင်းလက်တောက်ပသွားသည်။ သူမ ကိုယ်လှုပ်ရှားလိုက် ဓားကိုဝှေ့ယမ်းလိုက်ဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးဓားပညာကိုအသုံးပြုလိုက်၏။

တဖြည်းဖြည်းနှင့်အသံများထွက်ပေါ်လာသည်။

အသံများသည် တဖြည်းဖြည်းကျယ်လောင်လာပြီး....

"ဂျိမ်း...."

မိုးခြိမ်းသံကဲ့သို့အသံများ ရုတ်တရက်ပေါက်ကွဲထွက်လာလေတော့သည်။

ထန်ဟုန်ထိုင်နေသောကျောက်တုံးများပင် တုန်ခါသွားသည်ဟုထင်မှတ်ရလေသည်။

ထန်ဟုန် ထိတ်လန့်တုန်လှုပ်သွား၏။

စိတ်ကိုတည်ငြိမ်စေရန် မနည်းကြိုးစား၍ထိန်းထားရသည်။ အသံများကိုမခံနိုင်သဖြင့် နားနှစ်ဖက်ကိုပိတ်ထားလိုက်သည်။

ဤသို့ဖြင့် ရေနွေးတစ်အိုးကျက်ခန့် အချိန်ကုန်ဆုံးသွားသည့်အခါမှ ဝင်းလက်တောက်ပနေသောဓားရောင်များတဖြည်းဖြည်းနှေးကွေးလာပြီး နောက်ဆုံးတွင်ပျောက်ကွယ်သွားလေသည်။

မိုးခြိမ်းသံများလည်းပျောက်ကွယ်သွားသည်။

ထန်ဟုန်ကကြည့်လိုက်ရာ မင်လေးသည် ဓားကိုပိုက်၍ရပ်နေသည်ကိုတွေ့လိုက်ရ၏။

ဝဝဝဝ



မင်လေးသည် အဘိုးအိုအား ဂါရဝပြုပြီးနောက် မြေပေါ်ထိုင်ချလိုက်လေသည်။

"ဘိုးဘိုး ကျွန်မသိုင်းကွက်(၆)ကွက်ကစားပြပြီးပါပြီ၊ အခြေအနေကိုပြောပြပါဦး"

အဘိုးအို၏မျက်နှာတစ်ခုလုံးသည် ကျေနပ်အားရဟန်ဖြင့်ပြုံးရွှင်နေလေသည်။ သူသည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

"ကောင်းတယ် မင်လေးက ဘိုးဘိုးထင်ထားတာထက်တောင်ပိုပြီးအောင်မြင်နေပြီပဲ"

မင်လေးက....

"ဒါဖြင့် မနက်ဖြန်ကျရင် သတ္တမမြောက်အကွက်ကိုသင်ပေးရမယ်နော်"

အဘိုးအိုခေါင်းညိတ်၏။

"သင်ပေးရမှာပေါ့ကွယ်"

မင်လေးဝမ်းသာသွား၏။

"ကျေးဇူးတင်လိုက်တာဘိုးဘိုးရယ်"

အဘိုးအိုက ထန်ဟုန်အားလှည့်ကြည့်လိုက်၏။

"ထန်ဟုန် မင်းကောမိုးကြိုးဓားပညာကိုမသင်ချင်ဘူးလား"

ထန်ဟုန်ကနားမလည်နိုင်ဟန်ဖြင့်....

"ကျွန်တော်သင်လို့ဖြစ်ပါမလားဘိုးဘိုး"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုကခေါင်းညိတ်လိုက်သည်။

"ဖြစ်လို့မေးနေတာပေါ့"

သူကစကားဆက်လိုက်သည်။

"မင်း ဒီအနီးမှာထိုင်ပြီး မင်လေးလေ့ကျင့်နေတာကို ကြံ့ ကြံ့ခံထိုင်ကြည့်နေနိုင်တာကိုတွေ့ရလို့ မင်းလဲ မိုးကြိုးဓားသိုင်းပညာကိုလေ့ကျင့်နိုင်တဲ့အရည်အချင်းရှိတယ်ဆိုတာ ငါသိလိုက်တာပဲ၊ ဒါကြောင့် သင်ချင်သလားလို့မေးတာ"

ထန်ဟုန်ဝမ်းသာသွားသည်။

ကမန်းကတမ်းပင်....

"ဟုတ်ကဲ့... 'ကျွန်တော်သင်ပါ့မယ်"

အဘိုးအိုက....

"ကောင်းပြီ... မနက်ဖြန်ကစပြီး မင်းကိုသင်ပေးမယ်၊ ဒါမှလဲ မင်းမိဘကျေးအတွက်လက်စားချေနိုင်မှာ"

ထန်ဟုန် ဦးညွှတ်လိုက်သည်။

"ကျွန်တော်ကြိုးစားပါ့မယ်... သုံးနှစ်အတွင်းမှာ ဒီမိုးကြိုးဓားပညာကိုတတ်မြောက်အောင်သင်ပါ့မယ်"

အဘိုးအိုအံ့သြသွားသည်။ ထန်ဟုန်၏လေသံမှာ အလွန်ပြတ်သားနေသဖြင့် သူသည် ကြောင်အမ်းအမ်းဖြင့် ထန်ဟုန်အားကြည့်လိုက်မိလေသည်။



ထန်ဟုန်၏နဖူးပေါ်မှ ခရမ်းရောင်သမ်းနေသောအငွေ့တစ်ခုသည် ငယ်ထိပ်ပေါ်ရှိ 'ထျန်းထိန်'သွေးကြောနေရာအထိရောက်ရှိနေသည်ကိုတွေ့ရသည်။ ထန်ဟုန်ပြန်ပြောလိုက်စဉ်....

ထိုခရမ်းရောင်အငွေ့သည် လျှပ်တစ်ပြက်ဖြစ်ပေါ်လာပြီး သူ့စကားအဆုံးတွင် ပြန်လည်ပျောက်ကွယ်သွားသည်ကိုတွေ့လိုက်ရခြင်းဖြစ်၏။

အဘိုးအိုရင်ထိတ်သွားသည်။

ထိုကလေးငယ်သည် တစ်နေ့လူပေါင်းများစွာကို သတ်ဖြတ်မိလိမ့်မည်ဟု ချက်ချင်းအမိပ္ပါယ်ကောက်လိုက်မိလေသည်။

သူသည် စိတ်မသက်သာဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"အင်း... ဒီလူငယ်နှစ်ယောက်ဟာ မိုးကြိုးဓားပညာကိုသာပေါက်မြောက်အောင်မြင်သွားမယ်ဆိုရင် သိုင်းလောကတစ်ခုလုံးတော့ သွေးချောင်းစီးပြီးဒုက္ခရောက်လိမ့်မယ်နဲ့တူတယ်"

ဟု စိတ်ထဲမှညည်းညူလိုက်မိလေသည်။

ထိုအဖြစ်မှရှောင်လွှဲနိုင်ရန် ၎င်းတို့အား သိုင်းပညာသင်မပေးဘဲနေလျှင်ကောင်းမည်လော။

မဖြစ်နိုင်ပါ။

သူ့အနေဖြင့် ၎င်းတို့အား သိုင်းပညာ မသင်ပေး၍မဖြစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အရာရာသည် ကံကြမ္မာကဖန်တီးပေးနေခြင်းသာဖြစ်သည် ဟုသဘောထားရပေတော့မည်။

ထို့ကြောင့် သူသည် ကတိပေး ထားသည့်အတိုင်း ထန်ဟုန် အား မိုးကြိုးဓားသိုင်းပညာသင်ပေးရန်ဆုံးဖြတ်လိုက်လေတော့၏။

၀၀၀၀



## ကျီစယ်လေသောကံတရား

နောက်တစ်နေ့တွင်...

တာရာအဘိုးအိုသည် ထန်ဟုန်အား မိုးကြိုးဓားပညာကို စ တင်သင်ကြားပေးသည်။ ထန်ဟုန်သည် ထိုဓားပညာကိုသင်ယူရခြင်း သည် မိဘအတွက်သွေးကြွေးဆပ်လို၍ဖြစ်သည်။

သွေးကြွေးဆပ်ရမည့်ရန်သူသည် ထိပ်တန်းသိုင်းပညာတတ် မြောက်ထားသူဖြစ်ရာ ရန်သူနှင့်ရင်ဆိုင်ရန် လုံလောက်သောသိုင်း ပညာမရှိ၍မဖြစ်ပါ။

ထို့ကြောင့် အဘိုးဖြစ်သူသင်ပေးမည့်ဓားပညာကိုသင်ယူရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

မိဘများ၏သွေးကြွေးကိုချေပနိုင်ရန်မှာ ထိုဓားပညာကိုတတ် မြောက်မှဖြစ်မည်ဟုလည်းနားလည်ယုံကြည်ထား၏။

ထို့ပြင် မိခင်ဖြစ်သူမောက်ကျင်းဖုံက သူမ၏ပညာရပ်များကို သင်ကြားပေးထားသောကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



သူ့အနေဖြင့် အဘိုးဖြစ်သူသင်ပေးမည့်စားပညာကို အခက်အခဲမရှိသင်ယူနိုင်မည်ဟုလည်းယုံကြည်လေသည်။

စားပညာကိုတတ်မြောက်လိုသော ဆန္ဒများ ပြင်းထန်နေသောကြောင့်လည်း တကယ်သင်ယူသည့်အခါ သူ၏စားပညာတိုးတက်မှုမှာလျှင်မြန်လှပေသည်။

သူသည် နေ့စဉ်နေ့တိုင်း မင်လေးနှင့်အတူ စားပညာကိုလေ့ကျင့်သည့်အပြင် သန်းခေါင်ယံအချိန် မင်လေးအိပ်ပျော်နေသောအခါ၌လည်း တိတ်တဆိတ်ထွက်၍လေ့ကျင့်နေသေး၏။

ထို့ကြောင့် သူ၏စားပညာမှာ အချိန်တိုအတွင်း အလွန်လျင်မြန်စွာတိုးတက်လာခဲ့လေသည်။

၀၀၀၀



အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွား၏။

နွေမိုးဆောင်းရာသီ ဥတုများလည်း အဖန်ဖန်ပြောင်းလဲခဲ့ရာ သုံးရာသီတိုင်တိုင်ရှိသွားပေပြီ။

တုန်းလိုင်စန်းတောင်တန်းတစ်ဝိုက်တွင် ခါတိုင်းကဲ့သို့ပင် တိမ်များ မြူများဖုံးလွှမ်းနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ပြောင်းလဲခြင်းမရှိ သေးသော်လည်း ထန်ဟုန်နှင့်မင်လေးတို့ လူငယ်နှစ်ယောက်မှာ ပြောင်းလဲလာခဲ့ကြပြီဖြစ်လေ၏။

သူတို့သည် လူပျိုပေါက်နှင့် အပျိုပေါက်အရွယ်သို့ ရောက်ရှိလာကြပြီမဟုတ်ပါလား။

ထန်ဟုန်သည် လေရှူးတောင်ကြားသို့ရောက်ခါစက ပိန်ပိန်သေးသေးနှင့် အရိုးပေါ်အရေတင်ကာ ရောဂါသည်တစ်ဦးနှင့်ပင် တူနေလေ၏။ ယခုမူ ယခင်အခြေအနေနှင့် လုံးဝဆန့်ကျင်ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

အသားအရေစိုပြေဝင်းပကာ ခန့်ညားချောမောလာ၏။

ခန္ဓာကိုယ်လည်း ကြံ့ခိုင်တောင့်တင်းလာပြီး ယောကျ်ားပီသစွာ ခန့်ညားသောလူငယ်တစ်ဦးဖြစ်လာလေပြီ။

ထို့အတူ မင်လေးမှာလည်း နတ်သမီးတစ်ပါးမြေကမ္ဘာပေါ်သို့ ကျရောက်ဆင်းသက်လာသည့်အလား ထင်မှတ်မှားရလောက်အောင်ပင် ချောမောလှပ၍နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တာရာအဘိုးအိုသည် သူကိုယ်တိုင် ပြုစုပျိုးထောင်ပေးသော လူငယ်နှစ်ယောက်ကိုကြည့်၍ ဝမ်းသာမဆုံး တပြုံးပြုံးဖြစ်၍နေလေတော့၏။

အထူးသဖြင့်… အဘိုးအိုကိုယ်တိုင် တစ်ဆယ့်နှစ်နှစ်လုံးလုံး ကြိုးစားလေ့ကျင့်ပြီးမှအောင်မြင်ခဲ့သောမိုးကြိုးဓားပညာကို မင်လေးက ဆယ့်ခြောက်နှစ်အရွယ်မှာ ထိုဓားပညာကို ဆယ်ပုံရှစ်ပုံခန့်အထိ တတ်မြောက်အောင်မြင်လာခြင်းဖြစ်၍ မချီးကျူးဘဲမနေနိုင်ပါ။

ထန်ဟုန်က ပို၍လျှင်မြန်၏။

တိုတောင်းလှသောသုံးနှစ်အတွင်း၌ သူသည် ဆယ်ပုံခုနစ်ပုံခန့်အောင်မြင်မှုရရှိခဲ့သည်မဟုတ်ပါလား။

သို့သော်… အကယ်၍ နောက်တစ်ကြိမ် တစ်နှစ်ကြာသွားခဲ့လျှင် ထန်ဟုန်၏ဓားပညာမှာမင်လေးကိုပင် ကျော်လွန်သွားနိုင်သည်ကို သူ့ခန့်မှန်းမိ၏။

သူတို့နှစ်ယောက်သည် ဓားပညာအတူတူလေ့ကျင့်သည်။ တစ်ယောက်နှင့်တစ်ယောက်မခွဲမခွာဘဲ တစ်ပူးတတွဲတွဲနေခဲ့သောကြောင့် တစ်ယောက်အကြောင်း တစ်ယောက်သိလာကြပြီး ကြင်နာယုယနေကြသည်ကိုလည်း အဘိုးအိုကသတိပြုမိလေသည်။

သို့သော် သူကဟန့်တားခြင်းမရှိပါ။ အဘိုးအိုသည် သူတို့အား သတင်းကောင်းတစ်ခုပြောကြားလိုက်လေသည်။



"မင်လေးဆယ့်ခြောက်နှစ်ပြည့်တဲ့နေ့မှာ ငါဒီလေရှူးတောင်ကနေထွက်ခွာသွားမယ်လို့ ကတိပေးထားတယ်၊ အခုပြည့်ဖို့ လပိုင်းပဲလိုတော့တယ်"

သူစကားဆက်လိုက်၏။

"တစ်နည်းဆိုရရင် အဲဒီအချိန်မှာမင်းတို့နှစ်ယောက်ဟာမိုးကြိုးဓားပညာကိုလဲအောင်မြင်ပြီးမြောက်နေလောက်ပြီ၊ ဒါကြောင့် မင်းတို့လဲ သိုင်းလောကကိုသွားဖို့အချိန်နီးလာပြီလို့ပြောရမှာပဲ"

ထန်ဟုန်နှင့်မင်လေးတို့သည် ထိုစကားကြားရသောအခါ ဝမ်းသာပီတိဖြစ်သွားကြလေတော့၏။

oooo

www.burmeseclassic.com

www.burmeseclassic.com



နွေဦးရာသီသည်....

သူ၏တာဝန်ထမ်းဆောင်ရန်ကမ္ဘာ လောကကြီးသို့ တစ်ဖန်ပြန်၍ရောက်ရှိလာလေပြီ။ လေရှူးတောင်ပေါ်တွင် မြူနှင်းများဝေနေဆဲပင်ဖြစ်သော်လည်း သစ်ပင်အတော်များများသည်ရွက်ဟောင်းကြွေ၍ရွက်သစ်များပင် စတင်ထွက်ပေါ်လာပြီဖြစ်သည်။

တောပန်းများသည်လည်း ဝေဝေဆာဆာဖူးပွင့်နေ၏။

ရေခဲနေသောချောင်းကလေးသည် အရည်ပျော်စပြု၍တသွင်သွင်စီးဆင်းသောအသံများကိုပင် စတင်ကြားရလေပြီ။

နွေဦးကာလသည် အလွန်သာယာလှပသောရာသီဟုဆိုရပေမည်။ ဖော်ကွာဝေးသောဥသြငှက်လေးများ၏လွမ်းတေးသီကြူးသံကိုကြားလာရသည်။

အထူးသဖြင့် အရွယ်ရောက်စနုပျိုသည့်လူငယ်မောင်မယ်များတို့၏ရင်ထဲမှာလည်း ဘာရယ်မဟုတ်ဘဲ လွမ်းဆွေးတမ်းတစိတ်များဖြစ်ပေါ်လာကြလေ၏။

ထန်ဟုန်နှင့်မင်လေးတို့သည် လက်ချင်းယှက်၍ ဟိုအဝေး မိုးကုပ်စက်ဝိုင်းအောက်မှခေါင်းပြူထွက်လာနေသောနေဝန်းကြီးကိုငေးမောကြည့်ရှုနေကြသည်။

နီနီရဲရဲဖြင့် ရွှေရောင်သမ်းနေသော ထွက်ပေါ်စနေရောင်ခြည်သည် လောကဟင်းလင်းပြင်တစ်ခုလုံးကိုနွေးထွေးလာစေပြီး....



အလင်းရောင်များ ရွှန်းလက်တောက်ပလာသည် မဟုတ်ပါလား။

ဆောင်းရာသီကုန်ဆုံး၍ တောင်ပိုင်းအရပ်သို့ပြောင်းရွှေ့ ပျံသန်းသွားကြသောကြိုးကြာငှက်တို့၏အစုလိုက် အဖွဲ့လိုက် သင်းဖွဲ့ပျံသန်းသွားနေသည်ကိုတွေ့မြင်ရမည်ဖြစ်ပေ၏။

နွေဦးရာသီ၏အစသည် ကမ္ဘာလောကတစ်ခုလုံးကိုလှပ၍ပျော်ရွှင်ကြည်နူးဖွယ်ရာကောင်းလှပေသည်။ ထိုအချိန်တွင် တာရာအဘိုးအို၏ခေါ်သံကိုကြားလိုက်ရသည်။

"မင်လေးနဲ့ထန်ဟုန် ပြန်လာကြဟေ့"

မင်လေးကပြုံး၏။

"ဟော...ဆရာခေါ်နေပြီ၊ တို့သွားကြရအောင်"

ထန်ဟုန်က ခေါင်းညိတ်၏။ သူတို့နှစ်ယောက်မှာ လက်ချင်းမဖြုတ်ဘဲ အဘိုးအိုရှိရာသို့အပြေးလေးရောက်သွားကြ၏။ သို့သော်သူတို့မှာ အဘိုးအိုအနီးသို့ရောက်သည့်အခါမှ အံ့သြစွာဖြင့် ခြေလှမ်းများ ရပ်တန့်သွား၏။

အကြောင်းမှာ... အဘိုးအိုက အုတ်ဂူရှေ့တွင်ရပ်နေသည်ကိုတွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

အဘိုးအို၏မျက်နှာတစ်ခုလုံးမှာ ခါတိုင်းနှင့်မတူ အလွန်လေးနက်တည်ကြည်နေသည်ကိုသတိပြုလိုက်မိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက သူတို့အားတစ်ချက်လှည့်ပြီးနောက် အုတ်ဂူရှေ့တွင်မျက်နှာမူလျက်ခေါင်းငုံ့ကာ ဤသို့လေးလေးတွဲ့တွဲ့ဖြင့်တိုင်တည်ပြောဆိုလိုက်၏။

"အုတ်ဂူထဲမှာ ထာဝရအိပ်ပျော်နေသောအမျိုးသမီးကို ပန်ကြားအပ်ပါတယ်၊ ကျုပ်ကတိပေးထားတဲ့အတိုင်း ဆယ့်ငါးနှစ်လုံးလုံး မင်လေးကိုပြုစုပျိုးထောင်ခဲ့ပြီး မိုးကြိုးစားပညာကိုလဲ အောင်မြင်သည်အထိသင်ကြားပေးခဲ့ပြီးပါပြီ၊ ဒါကြောင့် ဒီနေ့ဟာ ကျုပ်ရဲ့တာဝန်ကုန်ဆုံးတဲ့နေ့ဖြစ်ပါတယ်၊ ခင်ဗျားရဲ့ဆန္ဒအတိုင်း ကျုပ်အားလုံးတသွေမတိမ်းလိုက်နာလုပ်ဆောင်ခဲ့ပြီးပါပြီ"

သူက စကားခေတ္တရပ်တန့်လိုက်ပြီးမှဆက်လိုက်ပြန်သည်။

"ခင်ဗျားရဲ့စာကို ကျုပ်ဆယ့်ငါးနှစ်လုံးလုံးထိန်းသိမ်းထားခဲ့ပါတယ်၊ ဒီနေ့တော့ စာကိုဖောက်ချိန်တန်လို့ဖောက်ရပါတော့မယ်"

သူသည် ပြောပြီးသည်နှင့် အိတ်ထဲမှစာတစ်စောင်ကိုထုတ်ယူလိုက်ပြီး....

"ကဲ.... ခင်ဗျားရှေ့မှာ စာဖောက်ပြီးဖတ်ပြပါ့မယ်၊ ခင်ဗျားကျေနပ်လိမ့်မယ်ထင်ပါတယ်"

မင်လေးသည် တာရာအဘိုးအို၏၏ပြုမူပြောဆိုမှုကိုနားထောင်ရင်း အုတ်ဂူထဲမှလူသည် မိမိနှင့် တစ်နည်းမဟုတ်တစ်နည်းပတ်သက်နေမည်ဟုရိပ်စားမိလာ၏။



တာရာအဘိုးအိုသည် အထက်ပါအတိုင်း တိုင်တည်ပြောဆိုပြီးနောက် မင်လေးဘက်သို့လှည့်လိုက်၏။

"မင်လေး... သမီးကို ဘိုးဘိုးနေ့စဉ်နံနက်တိုင်း ဒီအုတ်ဂူရှေ့မှာသန့်ရှင်းရေးလုပ်ခိုင်းတာ ဘာကြောင့်လဲဆိုတာသိရဲ့လား"

မင်လေးကခေါင်းခါယမ်း၏။

"မသိပါဘူးဘိုးဘိုး"

အဘိုးအိုက....

"သမီးအရွယ်ရောက်လာကတည်းက သမီးဘဝအကြောင်းကို မကြာခဏမေးခဲ့တယ်မဟုတ်လား"

မင်လေးခေါင်းညိတ်၏။

"ဟုတ်ပါတယ်ဘိုးဘိုး"

အဘိုးအိုက....

"အေး...သမီးသိချင်တာတွေ ဒီနေ့[illegible]ချိန်တန်လို့ ဘိုးဘိုးပြောပြပါတော့မယ်"

မင်လေးသည် မိမိ၏ဘဝလျှို့ဝှက်ချက်များကိုသိခွင့်ရတော့မည်ဖြစ်၍ ရင်ထဲတွင်လှိုက်ဖိုလှုပ်ရှားသွားလေသည်။

တာရာအဘိုးအိုက သူမအား စိုက်ကြည့်လိုက်ပြီး....

"ဒီလိုကွယ့်... ဘိုးဘိုးဟာ တရားကျင့်ဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ အေးချမ်းတဲ့နေရာတစ်နေရာလိုက်ရှာရင်း ဒီလေရှူးတောင်ကိုရောက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တယ်၊ အဲဒီနောက် ဒီလိုဏ်ဂူကိုတွေ့ခဲ့တယ်... အဲဒီအချိန်မှာ ကလေးငိုသံကြားလိုက်ရတယ်၊ ဘိုးဘိုးလဲ စူးစမ်းချင်တဲ့စိတ်ဖြစ်ပေါ်လာတဲ့အတွက် လိုဏ်ဂူထဲကိုဝင်ကြည့်ခဲ့တယ်"

သူသည် မင်လေးတို့သားအမိအား စတင်တွေ့ဆုံခဲ့ပုံများကို အတိုချုံး၍စိတ်ရှည်လက်ရှည်ပြောပြလိုက်သည်။

ထို့နောက် သူသည် အိတ်ထဲမှထုတ်ယူထားသောစာအိတ်ကိုဖွင့်ဖောက်ရန်ဟန်ပြင်လိုက်၏။

ထိုစာအိတ်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ဝါကျင့်ကျင့်အရောင်သို့ပြောင်းလဲနေခြင်းက သက်သေခံလျက်ရှိနေပေသည်။ မင်လေးသည် သူမ၏ဘဝအကြောင်းတစ်စိတ်တစ်ဒေသကိုကြားသိလိုက်ရသည့်အခါ ဝမ်းနည်းပက်လက်ဖြင့်ငိုကြွေးမိ၏။

ထန်ဟုန်သည် မင်လေးအပေါ် ပို၍သနားကရုဏာသက်လာမိလေသည်။

မိမိသည် မိခင်နှင့်ခွဲခွာခဲ့သည့်အချိန်မှာ အသက်ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်အရွယ်မျှရှိနေခဲ့ပြီဖြစ်သည်။

မင်လေးမှာမူ အခါလည် ပင်မပြည့်သေးသောကလေးငယ်မျှသာရှိသေးသည်မဟုတ်ပါလော။

အဘိုးအိုသည် ငိုကြွေးနေသောမင်လေးအား ချော့မော့နှစ်သိမ့်လိုက်လေသည်။



"မငိုပါနဲ့တော့မင်လေး ဒီနေ့မှာ မင်လေးရဲ့ဘဝနဲ့ပတ်သက်ပြီး အင်မတန်အရေးကြီးတဲ့အကြောင်းတစ်ခုကို မင်လေးသိရပါတော့မယ်၊ ဒါကြောင့် ဂရုစိုက်ပြီးနားထောင်ပါ"

ထန်ဟုန်က သတိပေးလိုက်သဖြင့် မင်လေးသည် မိမိစိတ်ကို မိမိထိန်းချုပ်လိုက်၏။

အဘိုးအိုက လက်ထဲမှစာကိုထောက်ပြ၏။

"မင်လေးရဲ့ကိုယ်ပေါ်မှာ ဒီစာတစ်စောင်ပါရှိလာတယ်... အဲဒီစာကို မင်း မိုးကြိုးဓားပညာအောင်မြင်ပြီးမှသာလျှင် ဖောက်ဖတ်ပြပါလို့ မင်လေးရဲ့မိခင်ရေးထားတဲ့စာထဲမှာပါတဲ့အတွက် အခု ဘိုးဘိုးဟာ မင်လေးမိခင်ရှေ့မှာဖောက်ဖတ်ပြပါ့မယ်၊ ဂရုစိုက်ပြီးနားထောင်ပါတော့"

တာရာအဘိုးအိုသည် စာအိတ်ကိုဖောက်လိုက်၏။ မင်လေးသည် မိမိ၏ဘဝအကြောင်းသိရှိရတော့မည်ဖြစ်၍ စိတ်အလွန်လှုပ်ရှားနေခဲ့လေသည်။

အဘိုးအိုက...

"မင်လေး... ဒီစာထဲမှာ မင်းမိဘတွေ ဘယ်သူလဲဆိုတာ သိရလိမ့်မယ်၊ နောက်ပြီး... မင်းလက်စားချေရမယ့်သူဟာ ဘယ်သူလဲဆိုတာသိလိမ့်မယ်၊ ဒါကြောင့်... စိတ်ကိုထိန်းပြီးနားထောင်စေချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မင်လေးခေါင်းညိတ်၏။

"ဟုတ်ကဲ့ပါဘိုးဘိုး"

အဘိုးအိုသည် စာအိတ်ကိုဖြန့်၍ဖတ်လိုက်၏။

"လွေဗိုမြို့ပြင်မှာရှိတဲ့

ကျင်းကရဲ့ကမ်းနံဘေးမှာ

လျှူဖူးအမည်ရှိကျေးရွာတစ်ရွာရှိတယ်...

အဲဒီကျေးရွာဟာ

သမီးရဲ့ဇာတိပါ"

အဘိုးအိုက ဖတ်ရင်းနှင့်သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း... မင်းအမေဟာ စာပေဘက်မှာလဲတော်တော်ထူးချွန်ပုံရတယ်"

လက်ရေးလက်သားနှင့် အစီအစဉ်တကျရေးသားထားသည်ကိုတွေ့ရသဖြင့် ယင်းကဲ့သို့ချီးကျူးလိုက်ခြင်းဖြစ်သည်။ ပြီးနောက် အဘိုးအိုသည် စာကိုဆက်ဖတ်လိုက်သည်။

"ဖခင်အမည် ကျင်းဟာန်

မိခင်အမည် ဆွေမေ

မိဘနှစ်ပါးအမည်ပါရန် သမီးအမည်ဟာန်မေဟုခေါ်တွင်စေ"

အဘိုးအိုသည်ဆက်လက်၍အသံမထွက်တော့ဘဲ စာကိုသာဖတ်နေတော့၏။



စာဖတ်နေရင်းမှပင် သူ့မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်လာလေသည်။

စာရွက်ကိုင်ထားသောလက်နှစ်ဖက်မှာလည်း တဖြည်းဖြည်းတုန်ခါလာ၏။

မင်လေးကအသံမကြားတော့သဖြင့် မော့ကြည့်လိုက်ရာ....

အဘိုးအို၏ဟန်အမူအရာကိုမြင်တွေ့လိုက်ရပြီး အံ့သြထိတ်လန့်သွားလေသည်။

သူမသည် ထန်ဟုန်ဘက်လှည့်လိုက်ပြီး...

"ကြည့်ပါဦးအစ်ကို... ဘိုးဘိုးဘာဖြစ်သွားတာလဲ"

ထန်ဟုန်ကလည်း အဘိုးအိုအားကြည့်ရင်းနားမလည်နိုင်ဟန်ဖြင့်ခေါင်းခါယမ်းပြလိုက်၏။

"မသိဘူး"

ရုတ်တရက် အဘိုးအို၏ရယ်မောသံများဟိန်းထွက်လာ၏။

"ဟား... ဟား... ဟား"

သို့သော် သူ၏ရယ်မောသံသည် ရယ်မောနေသည်နှင့်မတူဘဲ ငိုကြွေးနေသည်ဟုပင် ခံစားမိလာ၏။

မင်လေးကမနေနိုင်ဘဲလှမ်းမေးလိုက်၏။

"ဘိုးဘိုး နေမကောင်းဘူးလား"

အဘိုးအိုကရယ်မောနေရာမှရပ်တန့်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ကောင်းတယ် ကံကြမ္မာရဲ့အတွံ့အလှည့်ဟာ ကြောက်စရာသိပ်ကောင်းပါလား"

သူ၏အသံမှာတုန်ခါနေ၏။

လက်ထဲမှစာရွက်လည်း အလိုလို အောက်သို့လွင့်ပျံကျသွားလေ၏။ အဘိုးအိုသည် ယင်းသို့အော်ပြောရင်း လိုဏ်ဂူရှိရာသို့ပြေးလွှားသွား၏။

လူငယ်နှစ်ယောက်စလုံးသည်....

ကြောင်အမ်းအမ်းဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မိကြသည်။ မင်လေးက လွင့်ပျံကျနေသောစာရွက်ကိုကောက်ယူ၍ဖတ်ရှုလိုက်သည်။

"သမီးလေးဟန်မေ

ဖခင်ကိုသတ် ဒုက္ခပေးသည့်မဟာရန်သူကို လက်စားချေပါ။

မဟာရန်သူမှာ တာရာအဘိုးအိုဖြစ်သည်။

မင်လေး၏တစ်ကိုယ်လုံးတုန်ခါသွားပြီး လက်တွင်းမှစာရွက်မှာလည်း အောက်သို့အလိုလိုလွင့်စဉ်ကျသွားလေသည်။

သူမ၏မျက်နှာတစ်ခုလုံးမှာလည်း ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ ထို့နောက် ကောင်းကင်ပေါ်သို့မော့၍ရင်ထုမနာငိုကြွေးလိုက်လေသည်။

ထန်ဟုန်အလွန်အံ့သြသွားသည်။



"မင်လေး... မင်လေး"

မင်လေးက ချာခနဲလှည့်ကြည့်လိုက်သည်။

သူမ၏မျက်လုံးအစုံသည် ခါတိုင်းနှင့်မတူတော့ဘဲ....

သူ့အားစေ့စေ့ကြည့်ပြီးနောက် ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့၏။

"မင်လေး... မင်လေး"

ထန်ဟုန်ကအော်ခေါ်ရင်း ထလိုက်မည်အပြု မင်လေးသည် မြူမှုန်များကြား တိုးဝင်ပျောက်ကွယ်သွားသည်ကိုမြင်လိုက်ရသည်။

သူသည် ဘိုးဘိုးနှင့်မင်လေးတို့ အဘယ်ကြောင့် ရုတ်တရက် အကြီးအကျယ်ပြောင်းလဲသွားသည်ကို နားမလည်နိုင်အောင်ဖြစ်သွားရလေသည်။

သို့သော် ထိုစာကြောင့်ဖြစ်ရမည်ဟုနားလည်လိုက်သည်။

ထို့ကြောင့်....

သူသည် စာကိုကောက်ယူဖတ်ရှုလိုက်၏။

စာဆုံးသွားသည့်အခါ သူ၏တစ်ကိုယ်လုံး ရုတ်တရက်အေးစက်တောင့်တင်းသွားလေတော့၏။

လက်ထဲမှစာရွက်လည်းလွင့်ပျံသွားလေသည်။

အတန်ကြာအောင် ငေးမောရပ်တန့်နေပြီးမှ ထန်ဟုန်သည် သတိပြန်ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုး"

သူသည် အသံကုန်ဟစ်ခေါ်ရင်း လိုဏ်ဂူထဲသို့ ပြေးဝင်သွားလေသည်။ သို့သော် လိုဏ်ဂူထဲတွင် သူ့အဘိုးတာရာအဘိုးအိုအား လုံးဝမတွေ့ရတော့ပါ။

ဝဝဝဝ



ရာသီဥတုသာယာသောနေ့တစ်နေ့ဖြစ်၏။

လွှေဗိုမြို့သို့သွားရာလမ်းမပေါ်တွင် လူငယ်တစ်ယောက်သည် ထိုလမ်းမပေါ်မှမြို့လေးရှိရာသို့ ဦးတည်လျှောက်သွားနေလေသည်။

ထိုလူငယ်သည် အသက် ၁၆-၁၇ နှစ်ခန့်မျှသာရှိမည်ဟု ထင်ရသည်။ ကိုယ်လုံးကိုယ်ပေါက်ကြံ့ခိုင်တောင့်တင်းကာ ရုပ်ရည်မှာလည်းခန့်ချောချောသည်။

သို့သော် သူ၏ရွှန်းလက်တောက်ပသောမျက်လုံးအစုံတွင် မကြည်မလင်သောအရိပ်အယောင်များဖြစ်ပေါ်နေ၏။

ချောင်းရေများ တသွင်သွင်စီးနေ၏။

ချောင်းနံဘေးမှ သဲပွင့်များသည် နေရောင်ခြည်များ ယှက်ဖြာကျရောက်မှုကြောင့်ရွှေရောင် တောက်ပနေသည်ကိုတွေ့မြင်ရလေသည်။

ထိုအခါ လူငယ်သည် နှုတ်မှတီးတိုးရေရွတ်လိုက်၏။

"ကျင်းကကမ်းနံဘေး

လွှေဗိုမြို့ပြင်

လျူဖူးကျေးရွာ

ထိုအချိန်တွင် အဘိုးအိုတစ်ယောက်သည် မျက်နှာချင်းဆိုင်အရပ်မှလျှောက်လာနေသည်ကိုတွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ရောက်လာသည့်အခါ လူငယ်က အဘိုးအိုအားလှမ်းတားလိုက်သည်။

"အဘ ခဏလေး"

အဘိုးအိုက ခြေလှမ်းရပ်တန့်လိုက်သည်။

လူငယ်ကိုအကဲခတ်ကြည့်လိုက်ပြီး....

"ဘာကိစ္စလဲကွဲ့"

လူငယ်ကလက်နှစ်ဖက်ဆုပ်၍အရိုအသေပြုကာ....

"ကျွန်တော် လမ်းခရီးမေးချင်လို့ပါခင်ဗျာ"

အဘိုးအိုခေါင်းညိတ်လိုက်၏။

ထို့နောက် အမေးကိုပင် မစောင့်တော့ဘဲ မဆိုင်းမတွလက်ညှိုးထိုးညွှန်ပြကာ....

"ဒီကနေ ရှေ့တည့်တည့်ဆက်လျှောက်သွားရင် လေဗိုမြို့ကိုရောက်ပါလိမ့်မယ်"

လူငယ်က....

"ကျွန်တော် လေ့ဗိုမြို့ကိုသွားမလို့မဟုတ်ပါဘူးခင်ဗျာ"

အဘိုးအို မျက်မှောင်ကုပ်သွားသည်။

"နို့... မင်းကဘယ်ကိုသွားမလို့လဲ"

လူငယ်က....

"လျူဖူးကျေးရွာကိုပါ"



အဘိုးအို ရယ်မောလိုက်၏။

"ဟား...ဟား... ဟား... မင်းကံကောင်းတယ်... အဘက လျူဖူးရွာသားပဲ၊ ဒါကြောင့် အဘနောက်ကသာလိုက်ခဲ့ပေတော့"

လူငယ်ကဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်အဘ"

ထို့နောက် လူငယ်သည် အဘိုးအိုနောက်မှလိုက်ပါသွားလေတော့၏။ အဘိုးအိုသည် လျှောက်သွားနေရာမှတုံ့ခနဲခြေလှမ်းရပ်ပြီး လူငယ်အားထပ်မံအကဲခတ်လိုက်၏။

"လျူဖူးရွာမှရှိသမျှလူအားလုံးလိုလို အဘသိတယ်၊ ရွာသူရွာသားတွေကလဲ အပြင်လူတွေနဲ့အဆက်အသွယ်မရှိသလောက်ပါပဲ၊ မင်း အခု လျူဖူးရွာကိုသွားမယ်ဆိုတာက ဘယ်သူ့ကိုတွေ့ချင်လို့လဲ"

လူငယ်က....

"ကျင်းမိသားစုပါ"

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း.... ငါတို့ရွာမှာ ကျင်းမိသားစုရှိတာတော့မှန်ပါတယ်၊ ဒါပေမဲ့ အခုတော့ မရှိတော့ပါဘူး"

လူငယ်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ဒီကျင်းမိသားစုထဲကကျန်ခဲ့တဲ့ သူတို့ရဲ့သားသမီးတစ်ယောက်တလေများ ရှိနေမလားမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုကခေါင်းခါယမ်းလိုက်သည်။

"တစ်ယောက်မှမရှိဘူး"

သူကထပ်မံ၍ရှင်းပြ၏။

"အဲဒီ ကျောင်းမိသားစုတစ်ခုလုံး တစ်ယောက်မကျန် သေဆုံးကုန်ကြပါပြီကွယ်"

လူငယ်အံ့အားသင့်သွားသည်။

"ဘယ်လိုဖြစ်တာလဲဗျာ"

အဘိုးအိုက....

"ညတစ်ညမှာ ရုတ်တရက်မီးထလောင်လို့တစ်ယောက်မကျန် အားလုံးမီးသင်္ဂြိုဟ်ပြီးသားဖြစ်သွားတာပဲ"

လူငယ်မှာ ဘာပြောရမှန်းမသိအောင်ဖြစ်သွားသည်။

အဘိုးအိုကသက်ပြင်းချပြီး စကားဆက်ပြန်သည်။

"လူကောင်းကို နတ်သိကြားကမ,မပါဘူး၊ ကျောင်းမိသားစုတစ်ခုလုံးဟာ သူတော်ကောင်းတွေပါ၊ တစ်ရွာလုံးကိုကူညီတယ်... ကုသိုလ်ကောင်းမှုအများဆုံးလုပ်တယ်၊ ဒါပေမဲ့ အခုတော့ ကောင်းကျိုးမဖြစ်ဘဲ အသေဆိုးနဲ့သေခဲ့ကြရတယ်ကွယ်"

ထိုစကားကြားရသောအခါ လူငယ်၏စိတ်ထဲတွင် သံသယတစ်ခုဖြစ်ပေါ်လာသည်။

တာရာအဘိုးအိုသည် နာမည်ပျက်မရှိပါ။



တရားမျှတသောလူတစ်ယောက်ဖြစ်သည်။

ယခု အဘယ်မည်သောရန်ငြိုးကြောင့် ကျောင်းမိသားစုတစ်ခုလုံးကိုသတ်ဖြတ်မီးရှို့ခဲ့ရပါသနည်း။

တစ်ခုခုမှားယွင်းနေပြီဟု လူငယ်၏စိတ်ထဲ၌ထင်မိသည်။

ထိုလူငယ်ကား အခြားသူမဟုတ်ပါ။

ထန်ဟုန်သာဖြစ်ပါသည်။

ထန်ဟုန်သည် မင်လေးထွက်ခွာသွားပြီး အဘိုးဖြစ်သူ တာရာအဘိုးအိုလည်းပျောက်သွားသဖြင့် တောင်ပေါ်၌ သုံးရက်တိတိစောင့်ဆိုင်းနေခဲ့သည်။ သို့သော် ဘိုးဘိုးပြန်လာခြင်းမရှိသောကြောင့် မိခင်ဖြစ်သူကိုလိုက်လံရှာဖွေရန် တောင်ပေါ်မှဆင်းလာ၏။

သူသည် ခြေဦးတည့်ရာသွားရာမှ မမျှော်လင့်ဘဲ ကျောင်းကမြစ်ကမ်းပါးသို့ရောက်ရှိလာခဲ့သည်။

ထိုအခါ သူသည်မင်လေးကိုသတိရလာ၏။

"မင်လေး... သူ့ရွာကိုရောက်သွားလောက်ပြီထင်တယ်၊ ငါသွားတွေ့ဦးမှ"

သူသည် ယင်းသို့တွေးကာလမ်းတွင်တွေ့သောအဘိုးအိုအား လျှိုဖူးရွာသို့သွားရာလမ်းကိုမေးမြန်းလိုက်ခြင်းဖြစ်၏။ အဘိုးအို၏ ပြောပြချက်အရ ကျောင်းမိသားစုတို့သည် သူတော်ကောင်းများဖြစ်ကြသဖြင့် ရွာသူရွာသားများကလေးစားချစ်ခင်ကြကြောင်းသိရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျှင်...

မိမိ၏ဘိုးဘိုးက အဘယ်ကြောင့်ကျင်းမိသားစုကို ရက်ရက်စက်စက်သတ်ဖြတ်ရပါသနည်း။

သူတွေး၍မရပါ။

ထိုစဉ် အဘိုးအိုကစိတ်မကောင်းစွာဖြင့်စကားဆက်၏။

"ရွာသူရွာသားတွေဟာဝမ်းနည်းပက်လက်ဖြစ်ကြပြီး ပြာပုံထဲကသူတို့ရဲ့အလောင်းတွေကိုသယ်ယူခဲ့ကြတယ်၊ ဒါပေမဲ့အလောင်းတွေကြည့်ပြီး ဘယ်သူဘယ်ဝါဆိုတာမမှတ်မိကြတော့လို့ အားလုံးကိုစုပေါင်းပြီးသင်္ဂြိုဟ်လိုက်ကြရပါတယ်"

အဘိုးအိုက စကားကိုအဆုံးသတ်ပြီးနောက် ထန်ဟုန်အားကရုဏာသက်စွာကြည့်လိုက်သည်။

"ကဲ... လူကလေး မင်းတွေ့ချင်တဲ့ကျင်းမိသားစုတွေ ရွာမှာမရှိကြတော့တာမို့ လူလေးဘာဆက်လုပ်မလဲ၊ ကျင်းမိသားစုတစ်ယောက်မှမရှိတော့တဲ့လျူဖူးရွာကို လူလေးသွားဦးမလား"

ထန်ဟုန်သည် ခေတ္တမျှငိုင်တွေသွား၏။

အတန်ကြာမှ...

"ကျေးဇူးတင်ပါတယ်အဘ လျူဖူးရွာကိုရောက်မှတော့ ကျင်းမိသားစုရဲ့အုတ်ဂူကိုသွားကန်တော့ဖို့တာဝန်ရှိပါတယ်"

အဘိုးအိုခေါင်းညိတ်ပြီး....



"အေး... ကောင်းတယ်၊ ရွာထိပ်မှာကုန်စုံဆိုင်တစ်ဆိုင်ရှိတယ်၊ ရွှေငွေနဲ့ဖယောင်းတိုင်တွေလဲ အဲဒီမှာဝယ်လို့ရတယ်၊ ရောင်းတယ်၊ သွားဝယ်ပြီးကန်တော့ပေါ့ကွယ်"

ယင်းသို့ပြောပြီးနောက်... အဘိုးအိုသည် ရွာထိပ်တွင်ရှိသောအဆောက်အအုံတစ်ခုကိုညွှန်ပြကာ....

"ဟိုမှာလှမ်းမြင်နေရတာကုန်စုံဆိုင်ပါပဲ၊ ကဲ... ကဲ... သွားပေတော့"

ပြောပြောဆိုဆိုပင် အဘိုးအိုသည် ထန်ဟုန်နှင့်လမ်းခွဲထွက်ခွာသွားလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်သည် ကုန်စုံဆိုင်ဟုပြောသော ရွာထိပ်ရှိအဆောက်အအုံရှိရာသို့လျှောက်သွားလေသည်။

အနီးသို့ရောက်သွားသည့်အခါ အဘိုးအိုပြောသလိုပစ္စည်းမျိုးစုံရောင်းချသော ကုန်စုံဆိုင်တစ်ဆိုင်ဖြစ်ကြောင်းတွေ့ရလေသည်။

ထန်ဟုန်သည် ဆိုင်ထဲသို့လှမ်းဝင်လိုက်၏။

ဆိုင်ထဲရောက်သည်နှင့် ဆိုင်အမှုထမ်းများနှင့်ရွာသူရွာသားများက သူ့အားဝိုင်းအုံကြည့်ကြ၏။

လူစိမ်းတစ်ယောက်ဖြစ်၍ရှူးစမ်းကြဟန်တူပေသည်။

ဆိုင်လုလင်က သူ့အားမေးလိုက်၏။

"အစ်ကိုလေး... ဘာများအလိုရှိပါသလဲခင်ဗျာ"

ထန်ဟုန်က ငွေတုံးလေးတစ်တုံးကိုထုတ်ယူလိုက်ပြီး....

"ဖယောင်းတိုင် အမွှေးတိုင်နဲ့ ရွှေစက္ကူငွေစက္ကူပေးပါ"

ဆိုင်လုလင်သည် ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွား၏။

နောက်မှသတိပြန်ဝင်လာပြီး....

ကမန်းကတမ်းခေါင်းညိတ်ကာ....

"ဟုတ်ကဲ့ပါအစ်ကိုလေး"

ဆိုင်လုလင်သည် ချက်ချင်းပင် ပစ္စည်းများထားသည့်နေရာမှ ဖယောင်းတိုင် အမွှေးတိုင်နှင့် ရွှေစက္ကူငွေစက္ကူများကိုသွားရောက်ထုတ်ယူပေးလိုက်လေ၏။



တစ်ဆက်တည်းမှာပင်....

"တိုက်တိုက်ဆိုင်ဆိုင်ဗျာ... ဒီနေ့ အမွှေးတိုင် ဖယောင်းတိုင်နဲ့ ရွှေငွေစက္ကူဝယ်တာနှစ်ယောက်ရှိသွားပြီ"

ထန်ဟုန်၏ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွားသည်။

"ခင်ဗျားတို့ဆိုင်မှာ အခုလို ရွှေငွေစက္ကူဝယ်တဲ့လူ နည်းလို့လား"

"မနည်းပါဘူး... ဒါပေမဲ့ ရွှေငွေစက္ကူနဲ့အမွှေးတိုင် ဖယောင်းတိုင်လာဝယ်တဲ့အပြင်လူစိမ်းဆိုလို့ အစ်ကိုနဲ့ပါဆိုရင် နှစ်ယောက်ရှိပြီလို့ပြောတာပါ"

ထန်ဟုန်သည် ကျိတ်၍ဝမ်းသာမိလေသည်။ ပထမဆုံးဝယ်သွားသောသူမှာ မင်လေးပင်ဖြစ်ရမည်ဟု သူယုံကြည်သည်။

သူသည် ရွှေစက္ကူ ငွေစက္ကူအထုပ်များကိုယူ၍ အုတ်ဂူတည်ရှိရာနေရာကိုမေးမြန်းပြီးနောက်....

ခြေလှမ်းသုတ်သုတ်ဖြင့်ထွက်ခွာသွားလေ၏။

သူ့စိတ်ထဲတွင် မင်လေးအားတွေ့ဆုံနိုင်လိမ့်မည်ဟုမျှော်လင့်ထားလေသည်။ သို့သော် သူသည် အုတ်ဂူများရှိရာနေရာသို့ ရောက်ရှိသွားသောအခါ မင်လေး၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည်....

လျှူဖူးကျေးရွာ၏မြောက်ဘက်အစွန်းတစ်နေရာဖြစ်သည်။

ထိုနေရာတွင် အလွန်မြင့်မားသောကျွန်းပင်ကြီး သုံးပင်ရှိ၏။ ထိုအလွန်မြင့်မားသောကျွန်းပင်သုံးပင် အောက်တွင် ဧရာမအုတ်ဂူကြီးတစ်လုံးရှိနေသည်ကိုမြင်တွေ့ရမည်ဖြစ်သည်။

ထိုနေရာတစ်ဝိုက်တွင်....

လူသူဟူ၍တစ်စုံတစ်ယောက်မျှရှိမနေပါ။

မင်လေးသည် ရှိမိုးကန်တော့ပြီးပြန်လည်ထွက်ခွာသွားပြီဟု ထန်ဟုန်ယူဆမိလေ၏။

သူသည် အုတ်ဂူကိုလှမ်းကြည့်လိုက်၏။

အုတ်ဂူတစ်ခုလုံးသည် သန့်စင်ရှင်းလင်းပေးမည့်သူ မရှိသောကြောင့် ကြွေရွက်များ အမှိုက်များ ဖုန်မှုန့်များဖြင့် မြင်မကောင်းရှုမကောင်းအောင် ဖုံးလွှမ်းလျက်ရှိနေပေသည်။

အုတ်ဂူရှေ့ရှိကျောက်စားပွဲပေါ်တွင်လည်း....

ဖုန်အလိမ်းလိမ်းတက်နေ၏။

ထို့ပြင်....

အုတ်ဂူရှေ့မြက်ခင်းပေါ်တွင်လည်း တစ်စုံတစ်ယောက်လာရောက်သွားသည့်အရိပ်လက္ခဏာကိုမတွေ့ရချေ။

အကြောင်းမှာ....



ထိုနေရာတွင်....

ဖယောင်းတိုင်နှင့်အမွှေးတိုင်များထွန်းညှိ ကန်တော့ထားသည်ကိုမတွေ့ရသောကြောင့်ဖြစ်ပါသည်။

မီးရှို့ထားသည့်ရွှေငွေစက္ကူများကိုလည်း မတွေ့ရချေ။

ထန်ဟုန်မျက်မှောင်ကုပ်သွားလေ၏။ ရွာသိပ်ကုန်စုံဆိုင်မှ သူ့ထက်အလျင် ရွှေစက္ကူငွေစက္ကူဝယ်ယူသွားသူသည် မင်လေးမဟုတ်ပါလေစ။

သူ ဇဝေဇဝါဖြစ်လာသည်။

အကယ်၍ သူ့ထက်အလျင် ရွှေစက္ကူငွေစက္ကူဝယ်ယူသောသူစိမ်းတရံစာသည် မင်လေးမဟုတ်ခဲ့လျှင် မည်သူဖြစ်ပါသနည်း။

သူသည် ယင်းသို့စဉ်းစားရင်း အုတ်ဂူတစ်လုံးကိုသန့်ရှင်းရေးပြုလုပ်လိုက်လေသည်။

ထို့နောက်... ကျောက်စားပွဲပေါ်တွင် အမွှေးတိုင်များထွန်းညှိလိုက်၏။

ကွယ်လွန်သူများအတွက် ဆုမွန်ကောင်းတောင်းပေးပြီးလက်အုပ်ချီ၍ကန်တော့လိုက်သည်။

ပြီးနောက် ရွှေစက္ကူငွေစက္ကူများကိုမီးရှို့လိုက်လေသည်။

သူသည် ပြုသင့်ပြုထိုက်သည်ကိုပြုလုပ်ပြီးသည်နှင့်ရွာဘက်သို့ ခြေဦးပြန်လှည့်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စိတ်ထဲတွင် ဘဝင်မကျသဖြင့် ကုန်စုံဆိုင်သို့တစ်ခေါက်ပြန်သွားခြင်းဖြစ်သည်။

ဆိုင်လုလင်သည် သူ့အားတွေ့သည့်အခါမှတ်မိဟန်ဖြင့်ပြုံး၍ နှုတ်ဆက်လိုက်သည်။

"ဘာများလိုပါသေးသလဲအစ်ကိုလေး"

ထန်ဟုန်ကခေါင်းခါယမ်းလိုက်၏။

"မလိုတော့ပါဘူး... စကားလေးတစ်ခွန်းမေးချင်လို့ပါ"

ဆိုင်လုလင်ဆတ်ခနဲခေါင်းညိတ်ပြသည်။

"ဟုတ်ကဲ့... မေးပါအစ်ကိုလေး"

ထန်ဟုန်က....

"ခုနတုန်းက ကျုပ်ထက်အရင် လူတစ်ယောက်လာပြီး ရွှေငွေစက္ကူဝယ်တယ်လို့ပြောတယ်မဟုတ်လား၊ အဲဒီလူဟာ ယောကျ်ားလေးလား၊ မိန်းကလေးလား၊ အဲဒါသိချင်လို့ပါ"

ဆိုင်လုလင်ကလည်း မဆိုင်းမတွပင်....

"အပျိုအရွယ်မိန်းကလေးတစ်ယောက်ပါ... သူ့ရဲ့ကျောပေါ်မှာလဲ ဓားတစ်လက်လွယ်ထားတယ်ဗျ"

ထန်ဟုန့်စိတ်ထဲ အနည်းငယ်ဘဝင်ကျသွား၏။

ထိုမိန်းကလေးသည် မင်လေးမှလွဲ၍အခြား မည်သူများဖြစ်နိုင်ပါမည်နည်း။



သူ၏စိတ်ထဲတွင်ပျော်ရွှင်လာ၏။

"ကျေးဇူးတင်လိုက်တာဗျာ"

ဆိုင်လုလင်ကပြန်လည်ပြုံးပြကာ....

"ရပါတယ်ဗျာ... အစ်ကိုလေးတို့ကသူစိမ်းတွေပဲ၊ ကျွန်တော်တို့ကအိမ်ရှင်ဆိုတော့ကူညီရမဲ့ဝတ္တရားရှိပါတယ်"

ထန်ဟုန်က....

"ဟုတ်ကဲ့ ကူညီလက်စနဲ့နောက်ထပ်အကူအညီတစ်ခုတောင်းပါရစေ"

ဆိုင်လုလင်က....

"ရပါတယ်... ပြောပါ"

ထန်ဟုန်က....

"ဒီအနီးတစ်ဝိုက်မှာ တည်းခိုခန်းများရှိပါသလားခင်ဗျာ"

ဆိုင်လုလင်ခေါင်းခါယမ်းလိုက်၏။

"မရှိပါဘူး... တည်းခိုခန်းတည်းခိုချင်ရင် လွှေဗိုမြို့မှာတော့ရှိပါတယ်"

ထန်ဟုန်က....

"ဒီနဲ့ဘယ်လောက်ဝေးသလဲ"

ဆိုင်လုလင်က လက်ချောင်းငါးချောင်းထောင်ပြလိုက်၏။

"မဝေးပါဘူး... ငါးလီလောက်ပဲရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်ကခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်"

သူသည် ဆိုင်လုလင်အားနှုတ်ဆက်ပြီး ထွက်ခွာသွားလေ၏။

ထို့နောက် ကိုယ်ဖော့ပညာအသုံးပြုကာ လွေ့ဗိုမြို့သို့ ဦးတည်ထွက်ခွာသွားလေတော့၏။

ဝဝဝဝ

BURMESE CLASSIC .com



## ကိုယ်ပျောက်ရန်သူ

ထန်ဟုန်သည် လွေ့ဗိုမြို့သို့ရောက်ရှိလာခဲ့ပြီဖြစ်သည်။

လွေ့ဗို မြို့ သို့ရောက်သည့်အခါ မြို့တော်တစ်ခုလုံးမီးအိမ်များ ထိန်ထိန်လင်းအောင်ထွန်းညှိထားသည်ကိုတွေ့ရလေသည်။

ထန်ဟုန်သည် လွေ့ဗိုမြို့တွင် အခမ်းနားဆုံးတည်းခိုခန်းတစ်ခုသို့ရောက်ရှိသွားပြီး တည်းခိုခန်းတစ်ခန်းကိုငှားရမ်းလိုက်၏။

ထို့နောက်....

ညစာကို အခန်းထဲသို့မှာကြား၍စားသောက်လေသည်။

ဤရက်များတွင် သူသည် မချမ်းမြေ့ဖွယ်ရာအကြောင်းများကိုသာကြားခဲ့မြင်ခဲ့တွေ့ခဲ့ရသောကြောင့် ရင်ထဲ၌လွန်စွာခံစားနေရလေသည်။

ထို့ကြောင့်....

ထိုစိတ်မချမ်းမြေ့ဖွယ်ရာကိစ္စအားလုံးကို မေ့ ပျောက်နိုင်ရန် အရက်တစ်အိုးကိုလှမ်းမှာလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အရက်ကိုမသောက်ခဲ့ဘူးပါ။

ယခုမှာမူ....

စိတ်ညစ်ညစ်နှင့်သောက်နေရသောကြောင့် အတိုင်းအစမရှိဘဲ အရက်အိုးငယ်တစ်လုံးကုန်ခမ်းသွား၏။

ထိုအခါ....

သူသည် မဟန်နိုင်တော့ဘဲ စားပွဲပေါ် ခေါင်းငိုက်စိုက်ကျကာ အိပ်ပျော်သွားလေတော့၏။

၀၀၀၀

BURMESE CLASSIC .com



မည်မျှအချိန်ကြာမြင့်သွားသည်မသိ။

သူသည် နိုးလာသောအခါ ပြတင်းပေါက်အပြင်ဘက်တွင် လရောင်များထိန်ထိန်လင်းနေသည်ကိုတွေ့လိုက်ရ၏။

သန်းခေါင်ယံအချိန်ပင် ရောက်ရှိနေပြီဖြစ်ကြောင်းသိရှိလိုက်ရလေသည်။

သူသည် အာခေါင်တစ်ခုလုံး ခြောက်ကပ်နေသောကြောင့် ရေသောက်ရန်ထလိုက်၏။ ရုတ်တရက်... ပြတင်းပေါက်အပြင်ဘက်မှ လူရိပ်တစ်ရိပ်လှစ်ခနဲဖြတ်ကျော်သွားသည်ကို အမှတ်မထင်တွေ့မြင်လိုက်ရလေသည်။

သူသည် ထိတ်ခနဲဖြစ်သွားပြီး ပြတင်းပေါက်မှခုန်လွှားကျော်ထွက်လိုက်၏။

ထို့နောက် လေထဲ၌ကျွမ်းတစ်ပတ်ပစ်လိုက်ပြီး ခေါင်မိုးပေါ်သို့ရောက်သွားသည်။

သူ၏လှုပ်ရှားမှုမှာ အလွန့်အလွန်လျင်မြန်လှပေသည်။

သို့သော်... လရောင်အောက်တွင် ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်နေပြီး လူနှင့်တူသည့်အရိပ်အယောင်တစ်ခုတလေမျှကိုပင် မတွေ့ရပါ။

"ငါ မျက်စိမှားတာဖြစ်ရမယ်"

သူသည် ယင်းသို့မှတ်ချက်ပြုပြီးအောက်သို့ခုန်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပြတင်းပေါက်အတွင်း ကျော်လွှားရျှပြန်လည်ဝင်ရောက်လိုက်သည်။

သူအခန်းထဲရောက်ရှိပြီးခြေစုံရပ်လိုက်သည်နှင့် သူ၏မျက်လုံးအစုံမှာပိုင်းစက်ပြူးကျယ်သွားရလေသည်။

အကြောင်းမှာ လရောင်သည် အခန်းထဲသို့ထိုးကျနေသည်။ အခန်းထဲရှိခုတင်တိုင်ပေါ်တွင် ဓားငယ်တစ်လက်စိုက်ဝင်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

လရောင်အောက်တွင် ထိုဓားငယ်မှာစိမ်းဖန့်ဖန့်အရောင်သန်းနေ၏။

ထိုဓားငယ်သည် အဆိပ်လူးထားသောဓားငယ်တစ်လက်ဖြစ်ကြောင်း သူနားလည်လိုက်သည်။

ဤဓားငယ်သည် မင်လေး၏ဓားမဟုတ်ပါ။

ဤသို့ဆိုလျှင် မည်သူ၏ဓားငယ်ဖြစ်သနည်း။

မိမိသည် ယခုမှတောင်ပေါ်ကဆင်းလာသူဖြစ်သည်။

မိမိအနေဖြင့်လည်း မည်သူနှင့်မျှ ရန်ငြိုးရှိမနေပါ။

သို့ပါလျက် မည်သူသည် မည်သည့်အကြောင်းဖြင့်....

မိမိအား ရက်ရက်စက်စက်လုပ်ကြံရန်ကြိုးစားရပါသနည်း။

သူသည် ယင်းသို့စဉ်းစားနေစဉ် ရုတ်တရက်အရာဝတ္ထုတစ်ခုသည် ပြတင်းပေါက်မှတစ်ဆင့်တိုးဝင်လာ၏။

BURMESE CLASSIC .com



သူ ဆတ်ခနဲဖမ်းယူလိုက်သည်။ ဖမ်းမိသောအရာကိုကြည့်လိုက်ရာ လုံးထွေးထားသောစာရွက်ဖြစ်သည်ကိုတွေ့လိုက်ရ၏။

သူသည် စာရွက်ကိုဖြန့်ကြည့်လိုက်ရာ....

"ငါတို့နောက်ကိုရန်သူလိုက်နေတယ်... ငါတို့ကိုလုပ်ကြံဖို့ကြံစည်နေတယ်... ဒါကြောင့် သတိထား၊ အရက်မသောက်နဲ့"

ထန်ဟုန်သည် ထိုစာကိုဖတ်လိုက်သောအခါဝမ်းသာပီတိဖြစ်သွားလေသည်။

အကြောင်းမှာ... ထိုလက်ရေးသည် မင်လေး၏လက်ရေးဖြစ်သည်ကိုမှတ်မိလိုက်သောကြောင့်ဖြစ်လေသည်။

သူသည် အဖြစ်အပျက်များကိုခဏကြာစဉ်းစားဆင်ခြင်လိုက်ပြီးနောက် သဘောပေါက်နားလည်လာသည်။

ပထမဆုံး ကုန်စုံဆိုင်တွင်ဝင်ရောက်၍ ရွှေငွေစက္ကူများဝယ်ယူသွားသူမှာ မင်လေးပင်ဖြစ်သည်။ မိမိလိုက်သွားသောအခါ သူမက တစ်နေရာရာတွင်ပုန်းအောင်းနေခြင်းဖြစ်ရမည်။

မိမိက အုတ်ဂူကိုသန့်ရှင်းပြီး မြို့ပေါ်သို့တက်လာသောအခါ သူမက မိမိနောက်သို့ခြေရာခံလိုက်လာခြင်းဖြစ်မည်။ ထိုအချိန်တွင် မိမိအားရန်ရှာမည့်ရန်သူကို သူမကတွေ့ရှိသွားသည်။

ထို့ကြောင့်.... မိမိအတွက်စိတ်မချ၍ တည်းခိုခန်းအထိ တိတ်တဆိတ်လိုက်လာခဲ့ခြင်းဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိအရက်အလွန်အကျွံသောက်ပြီး အိပ်ပျော်သွားသောအခါ သူမက မိမိ၏အခန်းတစ်ပိုက်တွင် စောင့်ကြပ်နေခြင်းဖြစ်လိမ့်မည်။

ထို့နောက် ရန်သူလိုက်လာပြီး မိမိအားအဆိပ်ပါသောလက်နက်ပုန်းဖြင့်ပစ်လိုက်သောအခါ သူမက ကမန်းကတမ်းဟန့်တားလိုက်သည်။

ထို့ကြောင့် ပစ်လွှင့်လာသောလက်နက်ပုန်းသည် အချိန်အဆလွဲ၍တိုင်ပေါ်စိုက်ဝင်သွားခြင်းဖြစ်ရမည်ဟု ခန့်မှန်းမိလာသည်။

သူသည် မင်လေးက သူ့အပေါ်ရန်သူလိုသဘောမထားသည်ကိုသိရှိလိုက်ရသဖြင့်အလွန်ဝမ်းသာသွားသည်။

"ဒီလိုဆိုရင် သူက လျှူဖူးရွာမှာရှိနေဦးမှာသေချာတယ်၊ ငါလိုက်သွားရင်ကောင်းမယ်"

သူသည် ဤသို့တွေးပြီးသည့်နောက် အဝတ်အစားလဲ၍ မိုးလင်းသည်အထိထိုင်စောင့်နေလိုက်၏။ မိုးစင်စင်လင်းသည်နှင့် သူသည် အောက်ထပ်သို့ဆင်းပြီး ခေါက်ဆွဲတစ်ပန်းကန် မှာယူစားသောက်လိုက်သည်။ ပြီးနောက် လျှူဖူးကျေးရွာသို့ နောက်တစ်ကြိမ်ထပ်မံထွက်ခွာသွားပြန်လေသည်။

ဝဝဝဝ



မိုးလင်းနေပြီဖြစ်သည်။

လမ်းမပေါ်တွင် လူသွားလူလာများ အဆက်မပြတ်ရှိနေသဖြင့် ထန်ဟုန်သည် ကိုယ်ဖော့ပညာကိုအသုံးပြု၍မရဘဲ ခြေလှမ်းမှန်မှန်ဖြင့်သာလျှောက်သွားနေရလေသည်။

ဆန္ဒစောနေသဖြင့် ခရီးမတွင်သလိုခံစားနေရသည်။

သည်နေ့ကျမှ အဘယ့်ကြောင့် လမ်းသွားလမ်းလာများနေရသနည်းဟု မကျေမနပ်ဖြစ်နေမိသည်။

ယင်းသို့ဖြင့် လျှောက်လာခဲ့ရာ လျှူဖူးကျေးရွာသို့ရောက်ရှိသွားသောအခါ နေထွက်နေပြီဖြစ်သည်။ သူသည် ခြေလှမ်းကျဲကျဲဖြင့် အုတ်ဂူရှိရာသို့လျှောက်သွားလေသည်။

အုတ်ဂူရှေ့တွင် မီးရှို့ထားသောပြာပုံတစ်ခုကိုတွေ့ရသည်မှလွဲ၍ အခြားမည်သည့်အရိပ်အယောင်ကိုမျှမတွေ့ရချေ။

ထန်ဟုန်သည် မင်လေးကိုတွေ့ရနိုးဖြင့် လိုက်လာခဲ့ခြင်းဖြစ်လေသည်။

မင်လေးကိုမတွေ့ရသည့်အခါ သူ့ရင်ထဲ၌ ဟာလာဟင်းလင်းဖြစ်သွားလေသည်။

မည်သို့ပင်ဖြစ်စေ....

ရွှေငွေစက္ကူများကို မီးရှို့ထားသူမှာ မင်လေးပင်ဖြစ်ရမည်ဟု သူနားလည်ယုံကြည်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အတန်ကြာငေးငိုင်ရပ်နေပြီးမှ သက်ပြင်းတစ်ချက် အသာချလိုက်လေသည်။

"အင်း.... သူ ငါ့ကိုမမုန်းဘူးဆိုတော့ ငါယုံပါပြီ၊ ဒါပေမဲ့ သူ ငါ့ကိုမတွေ့ချင်လို့တမင်ရှောင်နေတာနဲ့တူတယ်"

သူသည် ယင်းသို့တွေးရင်း စိတ်မကောင်းစွာဖြင့်ခေါင်းတစ်ချက်ဆတ်လိုက်သည်။

"ငါ သူ့ကိုဘယ်လိုက်ရှာရမှာလဲ"

သူသည် အုတ်ဂူရှေ့ရှိကျောက်စားပွဲပေါ်တွင်ထိုင်ချလိုက်၏။ မင်လေး နောက်တစ်ခေါက် ရောက်လာမည်လားဟူသော မျှော်လင့်ချက်နှင့်စောင့်နေလိုက်ခြင်းဖြစ်သည်။

သို့သော် အချိန်သာကုန်သွားသည်။

မင်လေး ရောက်မလာပါ။

နောက်ဆုံးတွင် သူသည် မတတ်တော့သဖြင့် စိတ်ကိုလျှော့လိုက်ရလေသည်။

သူသည် မလှမ်းချင်လှမ်းချင်ခြေလှမ်းများဖြင့် လျှုပ်ဖူးကျေးရွာမှပြန်လည်၍ကျောခိုင်းထွက်ခွာလာခဲ့လေသည်။

ထန်ဟုန်သည် လူနှင့်စိတ်မကပ်ဘဲ လေးကန်သောခြေလှမ်းများဖြင့်လျှောက်လှမ်းခဲ့ရာ လွေဗိုမြို့ကိုပင်ကျော်လွန်သွားခဲ့လေ၏။

သူသည် ခြေဦးတည့်ရာဆက်၍လျှောက်နေမိသည်။



မည်သည့်နေရာသို့သွားရမှန်းလည်းမသိတော့။

သွားရင်းလာရင်း လမ်းတစ်လျှောက်လုံး မင်လေးကိုတွေ့ရလိမ့်နိုးဖြင့် ကျိုးကန်းတောင်းမှောက်ရှာဖွေကြည့်သေးသည်။

အချည်းနှီးသာတည်း။

သူမ၏အရိပ်အယောင်ကိုမျှပင် မတွေ့ပါချေ။

ယခု သူသည် လွေဗိုမြို့နှင့်သုံးလီခန့်အကွာသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ယခု သူမည်သည့်နေရာသို့ဆက်သွားရမည်နည်း။

ထန်ဟုန်သည် မည်သည့်နေရာသို့သွားရမည်ကိုတွေးကြည့်လိုက်၏။ ယင်းသို့စဉ်းစားလိုက်သောအခါ ရုတ်တရက် မိခင်ဖြစ်သူကို သတိရလာလေသည်။

"ဟုတ်တယ်... ငါအမေကိုသွားပြီးကယ်ရမယ်"

သူ့မိခင်မှာ အသက်ရှင်နေသေးသည်လောဟု မသိရှိရသော်လည်း မြေဘုရင်ထံသို့သွားရောက်ရန် စိတ်ဆန္ဒပြင်းပြလာ၏။

မိခင်ဖြစ်သူအားဒုက္ခပေးခဲ့သည့် မြေဘုရင်ကို သူထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ထန်ဟုန်သည် မြေဘုရင်နေထိုင်သော 'ကုန်းလိုင်စန်းတောင်'သို့ဦးတည်ထွက်ခွာသွားလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်ခန့်ကြာလာသောအခါ မြို့ကလေးတစ်မြို့သို့ရောက်ရှိလာ၏။

သူသည် ရှေ့သွားရမည့်ခရီးမှ လူနေအိမ်ခြေအတော်ရှားပါးနေသည်ကိုသိရှိထားသဖြင့် ထမင်းဟင်းများအဝစားပြီးနောက် လမ်းခရီးတွင်စားရန်လည်း စားသောက်ဖွယ်ရာများကိုဝယ်ယူထုပ်ပိုး၍ ဆက်လက်ထွက်ခွာသွားလေသည်။

ထန်ဟုန် ဆက်လက်လျှောက်သွားရာ ကုန်းလိုင်စန်းတောင်သို့ရောက်ရှိလာ၏။

သူသည် ကုန်းလိုင်စန်းတောင်တွင် သုံးနှစ်တိတိနေထိုင်ခဲ့ဖူး၏။ ထို့ကြောင့် ယင်းတောင်တစ်ပိုက်တွင် ပိုးမွှားများအလွန်ပေါများပြီး ရောဂါဝေဒနာဖြစ်စေနိုင်သောအခိုးအငွေ့များမှာလည်း လူကိုဒုက္ခပေးနိုင်သည်ကိုသိရှိထားလေသည်။

အထူးသဖြင့် ရွှံ့နွံဗွက်အိုင်များရှိသောနေရာများတွင် ပို၍ဒုက္ခပေးနိုင်၏။ ထို့ကြောင့် ထန်ဟုန်သည် အနိမ်ပိုင်းသို့မဆင်းဝံ့ဘဲ အမြင့်ပိုင်းဘက်ကိုသာဦးတည်၍တက်သွား၏။

ညမှောင်လာသောအခါ ထန်ဟုန်သည် တောင်ထိပ်ပေါ်သို့ရောက်ရှိသွားလေ၏။

သူသည် ဆက်လက်သွားရန်မဖြစ်တော့သည်ကိုနားလည်လိုက်သည်။



ထို့ကြောင့် တစ်ညတာနားခိုရန်နေရာများကိုရှာဖွေရလေ၏။ သူမျက်လုံးများဝေ့ကြည့်လိုက်သောအခါ ကျိုးတိုးကျဲတဲတောအုပ်တစ်ခုကြားတွင် အိမ်ခေါင်မိုးအစိတ်အပိုင်းတစ်ခုပေါ်လွင်နေသည်ကိုမြင်တွေ့လိုက်၏။ ထန်ဟုန်မှာဝမ်းသာသွား၏။

ထိုနေရာသို့ပြေးလွှားသွား၏။ ထန်ဟုန် ထိုနေရာသို့ ရောက်ရှိသွားသောအခါ ဝန်းကျင်တစ်ခုလုံးမှာမှောင်မည်း၍ကောင်းကင်ယံတွင် လဝန်းပင်ထွက်ပေါ်နေသည်ကိုတွေ့ရ၏။ သူတွေ့ရှိလိုက်သောအိမ်ခေါင်မိုးမှာ သေးငယ်သောဘုံကျောင်းတစ်ခုဖြစ်သည်။

ဘုံကျောင်းထဲ၌ မီးရောင်လုံးဝမတွေ့ရှိရပါ။ ထန်ဟုန် စိတ်ပျက်သွား၏။ မီးရောင်မရှိလျှင် နေထိုင်သူများလည်း ရှိမည်မဟုတ်ပါ။ သို့သော်.... မည်သို့ပင်ဆိုစေ၊ တောထဲ၌အိပ်ရမည်နှင့်စာလျှင်တော်သေးသည်မဟုတ်ပါလား။

ထန်ဟုန် ဘုံကျောင်းထဲသို့ဝင်လိုက်၏။ ထို့နောက် စားစရာအထုပ်များကိုချ၍စားလိုက်လေသည်။ ပြီးနော... သစ်ကိုင်းခြောက်များကောက်ယူကာ မီးပုံတစ်ခုပြုလုပ်လိုက်သည်။ မီးများတောက်လာသောအခါ ဘုံကျောင်းအတွင်းပိုင်းတစ်ခုလုံး လင်းလင်းချင်းချင်းဖြစ်လာလေသည်။ ထိုအခါ အတွင်းဘက်နံရံတွင် တံခါးတစ်ချပ်ရှိနေသည်ကိုတွေ့ရ၏။

"အထဲမှာ လူများရှိနေမလားမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်က ယင်းသို့တွေးရင်း ထိုင်ရာမှထလိုက်၏။

တံခါးရှိရာသို့သွားကာ အသာအယာခေါက်လိုက်၏။

"အထဲမှာလူရှိသလားခင်ဗျာ"

ထန်ဟုန်သည် သုံးကြိမ်သုံးခါတိုင်တိုင်တံခါးခေါက်၍မေး၏။ သို့တိုင်အောင် အခန်းထဲမှပြန်ထူးသံကိုမကြားရပါ။ ထို့ကြောင့် သူသည် တံခါးကိုအသာတွန်းကြည့်လိုက်၏။တံခါးမှာ အလွန်ထူထပ်ပြီး တွန်း၍မရဘဲဖြစ်နေသည်ကိုတွေ့ရ၏။

"ဒီတံခါးက ဒီလောက်ခိုင်ခန့်အောင်လုပ်ထားတယ်ဆိုရင် နေထိုင်တဲ့လူတော့ရှိရမယ်"

ထန်ဟုန်သည် ယင်းသို့ရေရွတ်ပြီး ဘုံကျောင်းထဲမှထွက်လာလေသည်။ ဘုံကျောင်းနောက်ဘက်သို့လှည့်ပတ်သွားပြီး အုတ်နံရံပေါ်မှကျော်လွှားပြီးအထဲသို့ရောက်ရှိသွား၏။

လရောင်အောက်တွင် ဘုံကျောင်းနောက်ဘက်၌သီးခြားအိမ်ကလေးတစ်လုံးရှိနေသည်ကိုတွေ့လိုက်ရ၏။ အိမ်ကလေးမှာ တံခါးများပိတ်ထား၏။ မီးရောင်ကိုလည်းမတွေ့ရချေ။ ထန်ဟုန်သည် အိမ်ကလေးရှိရာသို့ချဉ်းကပ်သွားပြီးတံခါးခေါက်လိုက်၏။

"အိမ်ရှင်တို့… အိမ်ရှင်တို့"

သူသည် တံခါးခေါက်ရင်းသုံးကြိမ်တိတိအသံပြုလိုက်သည်။ မည်သည့်အသံကိုမျှ မကြားရပါ။



လူသူတစ်စုံတစ်ယောက်မျှ ရှိနေပုံမရချေ။

ထို့ကြောင့် သူသည် တံခါးကိုအသာတွန်းကြည့်လိုက်ပြန်၏။ ပွင့်မသွားပါ။ သေချာကြည့်လိုက်မှ တံခါးသော့ခတ်ထားသည်ကို တွေ့ရသည်။ သူသည် အိမ်ကလေး၏ဘယ်ဘက်သို့ပတ်၍လျှောက်ကြည့်လိုက်ပြန်၏။

ပြတင်းပေါက်တစ်ပေါက်ကိုတွေ့ရသည်။

သူသည် ပြတင်းပေါက်တံခါးကိုတွန်းကြည့်လိုက်၏။

ပြတင်းပေါက်တံခါးမှာ မင်းတုန်းချမထားသဖြင့် ကျွီခနဲပွင့်သွားလေသည်။ လရောင်သည် အခန်းထဲထိုးကျနေ၏။ ထို့ကြောင့် အခန်းတစ်ခုလုံး၏အခြေအနေကိုကောင်းစွာမြင်တွေ့ရလေသည်။

ထန်ဟုန်စိတ်ထဲတွင် အံ့သြမိ၏။ အကြောင်းမှာ ထိုအခန်းသည် မိန်းကလေးများ၏အသုံးအဆောင်များပြည့်လျှက်ရှိနေသည်ကိုတွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ထိုအခန်းမှာ မိန်းကလေးနေ ထိုင်သောအခန်းဖြစ်မည်ဟု ယုံကြည်လေ၏။ အခန်းတစ်ခုလုံးမှာ သပ်ရပ်သန့်ရှင်းစွာရှိသည်ကိုတွေ့ရသောအခါ… ဤအခန်းတွင် မိန်းကလေးတစ်ယောက် သို့မဟုတ် မိန်းကလေးများနေထိုင်သောအခန်းဖြစ်ရမည်။ ထို့ပြင် လက်ရှိလည်း နေထိုင်လျှက်ရှိသည်ဟု ခန့်မှန်းမိလိုက်၏။

သူ့စိတ်ထဲတွင် သံသယတစ်ခုဖြစ်ပေါ်လာပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ လူသူအရောက်အပေါက်နည်းသောနေရာ၊ လူသူမရှိသောဘုံကျောင်းထဲတွင် မိန်းကလေးများက အဘယ်ကြောင့်လာရောက်နေထိုင်ရပါသနည်း။

ထိုမိန်းကလေးများသည် လူကောင်း သို့မဟုတ် မည်သည့်လူမျိုးများဖြစ်နေပါသနည်း။

သူသည် လူငယ်ပီပီ စူးစမ်းလိုသောစိတ်များဖြစ်ပေါ်လာ၏။ ထိုပြတင်းပေါက်နှင့်ခပ်လှမ်းလှမ်းတွင် သစ်ပင်တစ်ပင်ရှိနေသည်။

သူသည် ထိုအခန်းတွင်နေထိုင်သောမိန်းကလေးအကြောင်းကိုစူးစမ်းလိုသဖြင့် ထိုသစ်ပင်ပေါ်ခုန်တက်လိုက်၏။

ထို့နောက် ပြတင်းပေါက်နှင့်အနီးဆုံး သစ်ကိုင်းပေါ်တွင် ထိုင်၍အခြေအနေကိုငြိမ်သက်စွာစောင့်ကြည့်နေလိုက်လေတော့၏။

ဝဝဝဝ



ထန်ဟုန်သည် သစ်ကိုင်းပေါ်ရောက်ရှိပြီး စောင့်ဆိုင်းကြည့်ရှုနေရာ မကြာမီမှာပင် လူရိပ်နှစ်ရိပ်သည် လျှပ်တစ်ပြက်ဆိုသလိုရောက်ရှိလာကြလေတော့၏။

ကျောပေါ်တွင် ဓားကိုယ်စီလွယ်ပိုးထားသော အမျိုးသမီးနှစ်ယောက်ဖြစ်၏။

သူမတို့၏လှုပ်ရှားမှုမှာ ,အလွန်လျင်မြန်တိကျလှ၏။

ထို့ကြောင့် အဆိုပါအမျိုးသမီးနှစ်ယောက်သည် သိုင်းပညာအဆင့်မနိမ့်သူများဖြစ်ကြောင်း မှန်းခန့်မှန်းမိလိုက်လေသည်။

အမျိုးသမီးနှစ်ယောက်သည် ပြတင်းပေါက်အနီးသို့ရောက်ရှိလာသည့်အခါ အမျိုးသမီးတစ်ယောက်က ပြတင်းပေါက်တံခါးကိုဆွဲဖွင့်ပြီး အခန်းထဲသို့ကျော်လွှားဝင်ရောက်သွား၏။

ထန်ဟုတ်သည် ထိုအမျိုးသမီး၏မျက်နှာကိုမြင်တွေ့လိုက်ရခြင်းမရှိသဖြင့် မည်သူမည်ဝါဖြစ်ကြောင်း မသိလိုက်ရပါ။ ကျန်ရှိနေသောအမျိုးသမီးတစ်ယောက်မှာ အထဲသို့မဝင်သေးဘဲပြတင်းပေါက်ရှေ့တွင်ရပ်ကာ နောက်သို့လှည့်ပြီးသစ်ပင်ပေါ်မော့ကြည့်ကာ တစ်ချက်ပြုံးလိုက်၏။

ထန်ဟုန်၏ရင်ထဲထိတ်ခနဲဖြစ်သွား၏။

"ငါ့ကိုတွေ့သွားပြီလား"

ထန်ဟုန် သံသယဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကမော့ကြည့်လိုက်သဖြင့် လရောင်အောက်တွင် ထိုအမျိုးသမီးမှာအသက်သုံးဆယ်ဝန်းကျင်ခန့်ရှိသူဖြစ်ကြောင်း တွေ့မြင်သတိပြုမိလိုက်သည်။

သို့သော် အလွန်လှပတင့်တယ်သောကြောင့် ရှိရင်းစွဲအသက်ထက်ပို၍ငယ်သည်ဟုထင်မှတ်ရပေသည်။ ထိုအချိန်တွင် အခန်းထဲ၌မီးရောင်များလင်းလာ၏။ အခန်းထဲရောက်ရှိနေသောအမျိုးသမီးက ဖယောင်းတိုင်မီးကိုထွန်းညှိလိုက်ခြင်းဖြစ်သည်။

သူမသည် အပြင်ဘက်တွင်ရပ်နေသောအမျိုးသမီးကိုလှည့်မကြည့်ဘဲပြောလိုက်၏။

"အထဲဝင်နားပါဦးညီမ... ဘာမှစိုးရိမ်မနေပါနဲ့ ဒီနေရာဟာမုံးချမ်းစန်းတောင်ကိုသွားရင် မဖြတ်လို့မဖြစ်တဲ့လမ်းပါ၊ သူဒီနေရာကိုရောက်လာမှာသေချာပါတယ်"

အပြင်၌ရပ်နေသောအမျိုးသမီးက သစ်ပင်ပေါ်သို့မော့၍ တစ်ချက်ပြုံးပြပြီးမှ ပြတင်းပေါက်ကိုကျော်လွှားကာ အခန်းထဲသို့ဝင်လိုက်လေသည်။

ထို့နောက် အမျိုးသမီးနှစ်ယောက်သည် ပြတင်းပေါက်အနီးတွင်မျက်နှာချင်းဆိုင်ထိုင်လိုက်ကြ၏။

ထိုအခါမှ မီးရောင်အောက်တွင် ပထမဆုံးဝင်သွားသောအမျိုးသမီး၏မျက်နှာကိုမြင်တွေ့ရတော့၏။



ထိုအမျိုးသမီးသည် နောက်ဝင်သွားသောအမျိုးသမီးထက် အနည်းငယ်အသက်ကြီးပြီးလှပတုန်းပတုန်းပင်ဖြစ်၏။ သို့သော် သူမ၏မျက်နှာတစ်ခုလုံးမှာအေးစိမ့်၍ ရက်စက်သည့်အရိပ်အယောင်များရှိနေသည်ကိုတွေ့ရလေသည်။

အသက်အနည်းငယ်ကြီးသောအမျိုးသမီးက....

"ဘာမှပူမနေနဲ့ညီမ... ဒီနေ့ ဒီသူငယ်လေးလွတ်သွားပေမဲ့ ဒီလမ်းကို သူလာကိုလာရလိမ့်မယ်"

အသက်အနည်းငယ် ငယ်သောအမျိုးသမီးက....

"ဒီနေရာမှာ ဒီလမ်းတစ်လမ်းပဲရှိသလား... တခြားလမ်းက နေသွားလို့ကောမရဘူးလား"

အသက်ကြီးသောအမျိုးသမီးကခေါင်းခါယမ်းလိုက်၏။

"မရဘူး... တခြားနေရာမှာရွံ့နွံဗွက်အိုင်တွေရှိတဲ့အတွက် ဒီလမ်းကလွဲလို့ တခြားလမ်းကနေသွားလို့မရပါဘူး"

သူမကစကားဆက်လိုက်၏။

"သူ့အတွက်တော့မပူပါနဲ့ မမစိုးရိမ်နေတာက မနေ့ကတွေ့ခဲ့တဲ့မိန်းကလေးကိုပါ၊ ဒီမိန်းကလေးဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့သိုင်းပညာအံ့ဩဖို့ကောင်းလောက်အောင်ကိုအဆင့်မြင့်တယ်"

ထန်ဟုန်သည် ထိုစကားကိုကြားလိုက်ရသောအခါ ကျိတ်၍ ပြုံးလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့က ဒါပဲသိထားတာကိုး... သူ့စားကိုသာဆွဲထုတ်လိုက်ရင် ခင်ဗျားတို့နှစ်ယောက်စလုံး အသက်ဘယ်ကထွက်ရမလဲဆိုတာ မသိဘဲဖြစ်သွားမယ်"

ဟု ထန်ဟုန်ကစိတ်ထဲမှတွေးရင်းပြောလိုက်သည်။ သူသည် ထိုအမျိုးသမီးများရည်ညွှန်းပြောဆိုနေသောမိန်းကလေးမှာမင်လေးဖြစ်ရမည်ဟုလည်း ကောင်းစွာယုံကြည်မိ၏။ ထို့ကြောင့် အလွန်ပင်ဝမ်းသာသွားမိလေသည်။

အသက်ငယ်သောအမျိုးသမီးက....

"မမပြောတဲ့မိန်းကလေးက ဒီလောက်တောင်တော်နေတယ်ဆိုရင် ဒီသူငယ်လေးကိုလဲ အထင်သေးလို့ရမှာမဟုတ်ဘူး၊ ဒါကြောင့် သတိတော့ထားရလိမ့်မယ်"

အသက်အနည်းငယ်ကြီးသောအမျိုးသမီးက....

"ငါ့ညီမကလဲစိုးရိမ်မနေပါနဲ့... လက်ရှိသိုင်းလောကမှာ ငါတို့ဆရာရဲ့မြွေဟောက်လက်ဝါးကို ဘယ်သူကခံနိုင်မှာလဲ"

ထိုအမျိုးသမီးကပင် စကားဆက်လိုက်ပြန်သည်။

"ငါတို့ညီအစ်မနှစ်ယောက်တည်း (၃)နှစ်တိုင်တိုင် လေ့ကျင့်ခဲ့ပြီးပြီပဲ၊ တော်ရုံတန်ရုံသိုင်းသမားလောက်ကို ငါတို့ကမှုကြတာမှ မဟုတ်တာ၊ သူတို့ကိုလဲ ဂရုစိုက်နေစရာမလိုပါဘူး"

အသက်ငယ်ရွယ်သောအမျိုးသမီးက....



"သူတို့ဆရာ တာရာအဘိုးအိုကိုလဲ အထင်သေးလို့မရဘူး၊ သူပျောက်ကွယ်သွားတာ နှစ်ပေါင်းအတော်ကြာပြီ၊ ဒီလောက် နှစ်ကြာတဲ့အတွင်းမှာ သိုင်းပညာတီထွင်မထားဘူးလို့ ဘယ်သူကပြောနိုင်မှာလဲ"

ထန်ဟုန်က အမျိုးသမီးနှစ်ယောက်ပြောနေသောစကားများကိုကြားလိုက်ရသောအခါ ထိုအမျိုးသမီးနှစ်ယောက်မှာ မြွေဘုရင်၏ တပည့်မများဖြစ်နေကြောင်းသိရှိလိုက်ရလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်သည် ထိုအမျိုးသမီးနှစ်ယောက်မှာ မြွေဘုရင်၏ တပည့်မများဖြစ်ကြသည်ကိုသိရှိလိုက်ရသည်နှင့် သူ၏တစ်ကိုယ်လုံး သွေးပွက်ပွက်ဆူသွားလေသည်။

ထိုအမျိုးသမီးနှစ်ယောက်အားသတ်၍ ကလဲ့စားချေရန် ဆုံးဖြတ်လိုက်သည်။ သို့သော် အတွေးတစ်ခုကရုတ်တရက်ဝင်ရောက်လာပြန်သည်။

"မဖြစ်သေးဘူးထင်တယ်... ငါကမြွေဘုရင်ကိုလိုက်ရှာနေတာ မြွေဘုရင်ဘယ်မှာရှိတယ်ဆိုတာ သူတို့ပဲသိတာမဟုတ်လား၊ သူတို့ကိုသတ်လိုက်ရင် မြွေဘုရင်ကိုရှာဖို့ခက်သွားလိမ့်မယ်"

ထန်ဟုန်သည် ယင်းသို့ဆင်ခြင်မိသည်နှင့် ၎င်းတို့အားသုတ်သင်ရှင်းလင်းမည့်အကြံကိုလက်လျှော့လိုက်လေသည်။

သူ့အနေဖြင့် ၎င်းတို့နောက်သို့ ခြေရာခံလိုက်သွားနိုင်မှသာလျှင် မြွေဘုရင်အားတွေ့ရှိနိုင်မည်မဟုတ်ပါလား။

သူ ယင်းသို့တွေးတောနေစဉ်မှာပင် အမျိုးသမီးနှစ်ယောက်၏စကားပြောသံများထပ်မံထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်လေသည်။ အမျိုးသမီးငယ်က....

"မမကိုကျွန်မတစ်ခုပြောချင်ပါတယ်"

အမျိုးသမီးကြီးက....

"ပြောလေ"



အမျိုးသမီးငယ်က....

"အခုနေ ဟိုသူငယ်ကိုတွေ့ရင် မမသတ်မှာလား"

အမျိုးသမီးကြီးက....

"ဆရာကအမိန့်ပေးထားတာပဲ... မသတ်လို့ဘယ်ဖြစ်မှာလဲ"

ထန်ဟုန်၏ရင်ထဲတွင် ဒေါသထောင်းခနဲထွက်သွားလေ၏။ စိတ်လိုက်မာန်ပါမပြုလုပ်မိစေရန် မနည်းထိန်းချုပ်ထားရလေသည်။

အမျိုးသမီးငယ်က....

"ကျွန်မတော့ ဒီလိုမရက်စက်ချင်ဘူး"

"ဘာလဲ... ငါ့ညီမက ဆရာ့ကိုသစ္စာဖောက်မလို့လား"

အမျိုးသမီးငယ်က....

"ကျွန်မမှာပြောစရာတွေရှိပါတယ်... ဒါပေမဲ့ အခြေအနေမပေးလို့မပြောဖြစ်တာ... အခုတော့ ဒီနေရာမှာ ကျွန်မတို့ ညီအစ်မပဲရှိတဲ့အတွက် ရင်ထဲမှာကိန်းအောင်းနေတဲ့စကားကိုပြောပါရစေ"

အမျိုးသမီးကြီးက....

"စကားမရှည်နဲ့... ဘာပြောမှာလဲပြောပါ"

အမျိုးသမီးငယ်က....

"မမရယ်... ကျွန်မရယ်... မောက်ကျင်းဖုံရယ်... နောက်ပြီး သီလရှင်ဝတ်တဲ့အစ်မကြီးရယ်... ကျွန်မတို့တွေဟာ အလွန်ကံဆိုးတဲ့မိန်းကလေးတွေဖြစ်ကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးက....

"ဒါပြောစရာလား ကိုယ့်ဘဝကိုယ်သိကြတာပဲ"

အမျိုးသမီးငယ်က....

"ပြောရမယ်လေ... မောက်ကျင်းဖုံလုပ်သွားတာကို ဆရာတော့ သစ္စာဖောက်တယ်လို့ဆိုတယ်... ကျွန်မကတော့ သစ္စာဖောက်တယ်လို့မထင်ဘူး... မှန်တယ်လို့ထင်တယ်"

အမျိုးသမီးကြီးက....

"ညီမမှားနေပြီ... ဆရာက ကျွေးမွေးပြုစုပျိုးထောင်ခဲ့တယ်၊ ပညာသင်ပေးခဲ့တယ်... ဒါတွေဟာ ကျေးဇူးရှိခဲ့တယ်မဟုတ်လား"

အမျိုးသမီးငယ်ကမချိပြုံးပြုံးလိုက်၏။

"သူက ကျွန်မတို့ကိုပြုစုပျိုးထောင်ပေးခဲ့တယ်... သိုင်းပညာသင်ပေးခဲ့တယ်... ဒါတွေကိုကျေးဇူးတင်ရမှာပေါ့... ဒါပေမဲ့...."

အမျိုးသမီးကြီးက....

"ဒါပေမဲ့ ဘာဖြစ်လဲ"

အမျိုးသမီးငယ်က....

"ကျွန်မတို့ဟာ နုပျိုတဲ့ကိုယ်ခန္ဓာကို သူ့အကြွေးဆပ်ဖို့ သိမ်းပိုက်ခံရတယ်မဟုတ်လား... မမပဲစဉ်းစားကြည့်ပေါ့... ဒါဟာ ကျေးဇူးမတင်ထိုက်တဲ့အပြင် ကျွန်မတို့ရဲ့ဘဝကိုဖျက်ဆီးတဲ့လူယုတ်မာလို့ပဲ ကျွန်မထင်တယ်"



အမျိုးသမီးကြီး ပါးစပ်ကိုပိတ်ထားလိုက်၏။

အတန်ကြာမှ သက်ပြင်းတစ်ချက်ချလိုက်၏။

"ညီမလေးပြောတာမှန်တယ်... ငါတို့ကိုယ်က ကံဆိုးလွန်းတာကိုး... ဘယ်တတ်နိုင်မှာလဲ"

အမျိုးသမီးငယ်က....

"မောက်ကျင်းဖုံကို ကျွန်မအားကျတယ်... သူ့ရဲ့သတ္တိကိုချီးကျူးတယ်၊ သူဟာ ကျွန်မတို့ရဲ့ဆရာသမားအဖြစ် မထိုက်တန်တဲ့လူယုတ်မာပဲ၊ မောက်ကျင်းဖုံဟာသူ့လက်ထဲကရုန်းထွက်ပြီး သူချစ်ကြိုက်တဲ့သက်တူရွယ်တူတစ်ယောက်ကို အိမ်ထောင်ပြုခဲ့တယ်၊ ဒါကို မမကမှားတယ်လို့ပြောနေတာလား"

အမျိုးသမီးကြီးက....

"ဟုတ်တယ်... သူ မမှားဘူး၊ သူ့သတ္တိကိုချီးကျူးရမယ်"

အမျိုးသမီးငယ်က....

"ဆရာသူ့ကိုလက်လွှတ်ဖို့ကောင်းပါတယ်၊ အခုတော့ မဟုတ်ပါဘူး... သူ့ယောကျ်ားကိုသတ်တယ်... ပြန်ပြီးခေါ်လာတယ်... လွတ်သွားတဲ့သူ့ရဲ့သားကိုလဲ ကျွန်မတို့ကိုလိုက်သတ်နိုင်းတယ်... ဒီလောက်ရက်စက်တဲ့လူ ဘယ်မှာတွေ့နိုင်မှာလဲ"

အမျိုးသမီးကြီးကပါးစပ်ပိတ်ထားလိုက်၏။

အမျိုးသမီးငယ်ကစကားဆက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတောင်းပန်ပါတယ်မမရယ်... အဲဒီသူငယ်လေးကို မသတ်ပါနဲ့တော့"

သစ်ပင်ထိပ်၌ ချောင်း၍နားထောင်နေသော ထန်ဟုန်သည် အမျိုးသမီးငယ်အပေါ် ချစ်ခင်လေးစားစိတ်များဖြစ်ပေါ်လာ၏။

ထိုအချိန်တွင် အမျိုးသမီးကြီးကသက်ပြင်းချလိုက်ပြီး....

"ညီမပြောတာမှန်ပါတယ်၊ ဒါပေမဲ့ သူ့ကိုလွှတ်ပေးလိုက်ရင် ဆရာက ငါတို့ကိုဘယ်လိုအပြစ်ဒဏ်ပေးမယ်ဆိုတာ ညည်း နားလည်ပါတယ်လေ"

အမျိုးသမီးငယ်ကရယ်မောလိုက်၏။

"ဟား... ဟား... ဟား"

သူမက ရယ်မောလိုက်သည်ဖြစ်သော်လည်း ဝမ်းနည်းပက်လက်ငိုကြွေးနေသည်နှင့်တူလှပေ၏။

တစ်ခဏကြာမှ သူမကစကားဆက်လိုက်၏။

"ညီမလေးကတော့ ဒီလိုဘဝမျိုးနဲ့လူ့လောကပေါ်မှာ မနေချင်တော့ပါဘူး၊ သေသွားရင် ဝဋ်ကျွတ်မယ်လို့ထင်တယ်"

အမျိုးသမီးကြီးမှာ ပါးစပ်ပိတ်ထားလိုက်ပြန်လေ၏။

ထန်ဟုန်မျက်မှောင်ကုပ်သွားပြီး....

"ဒီအမျိုးသမီးကတော်တော်ခေါင်းမာနေတာပဲ"

အခန်းထဲသို့ထိုးကျနေသာလရောင်ကြောင့် အမျိုးသမီးကြီး



၏မျက်လုံးအစုံတွင် မျက်ရည်များစီးဆင်းကျနေသည်ကို ထန်ဟုန်တွေ့မြင်လိုက်ရ၏။ ထန်ဟုန်ကမျက်မှောင်ကုပ်၍....

"သူ ဘာဖြစ်လို့ ငိုနေတာလဲ"

အမျိုးသမီးကြီးက မျက်ရည်များကိုသုတ်ပြီး....

"ညီမလေးပြောတာမှန်တယ်၊ မတရားတဲ့အလုပ်ကို ငါဆက်မလုပ်နိုင်တော့ဘူး"

အမျိုးသမီးငယ်က သူမအားအတန်ကြာကြည့်ရင်း....

"သူ့အမိန့်ကိုမနာခံရင်သေမှာပါပဲ"

"ညီမကတောင် သေမှာကိုမကြောက်သေးတာ... မမကကော ဘာလို့ကြောက်ရမှာလဲ"

အမျိုးသမီးငယ်က စိတ်လှုပ်ရှားစွာဖြင့် မမဖြစ်သူအား ကင်းကျပ်စွာသိုင်းဖက်လိုက်၏။ တစ်ခဏကြာမှ သူတို့သည် လူချင်းခွာ၍ထိုင်လိုက်ကြပြန်လေ၏။

အမျိုးသမီးငယ်က....

"ဆရာက ကျွန်မတို့ကို ဒီသူငယ်အလာစောင့်ဖို့ တာဝန်ပေးတယ်ဆိုတာဟန်ပြတာပဲဖြစ်မယ်"

အမျိုးသမီးကြီးက....

"ညီမစကားကို မမနားမလည်ဘူး"

အမျိုးသမီးငယ်က....

www.burmeseclassic.com

www.burmeseclassic.com



"မမနားလည်အောင်ပြောရမယ်ဆိုရင် သူတကယ်ကျွန်မတို့ကိုခိုင်းတာ မိုးကြိုးလက်ဝါးရဲ့အခြေအနေကိုသိချင်လို့"

သူမကစကားဆက်လိုက်သည်။

"မမနားလည်အောင်ပြောရမယ်ဆိုရင် ဆရာကမောက်ကျင်းဖုံတို့သားအမိနောက်ကိုလိုက်ပြီးသတ်တဲ့အခါမှာ ကုန်းလိုင်တောင်ကိုရောက်ခဲ့တယ်၊ သူကလိုက်သတ်လို့ မောက်ကျင်းဖုံရဲ့သားလေးဟာ ချောက်ကမ်းပါးထဲကျသွားတယ်၊ သူကလဲ ကျူပင်ခုတ် ကျူငုတ်ပါမကျန်အောင်ဆိုပြီး မောက်ကျင်းဖုံကိုဖမ်းပြီး ချောက်ကမ်းပါးထဲကိုဆင်းရှာဖို့လုပ်တယ်၊ ဒါပေမဲ့ အဲဒီအချိန်မှာပဲ မိုးခြိမ်းသံတွေထွက်လာတာကိုကြားလိုက်ရလို့ ဆက်မရှာဝံ့တော့ဘဲ ပြန်သွားတာမမရဲ့"

အမျိုးသမီးကြီးက စိတ်ဝင်စားစွာနားထောင်နေ၏။

အမျိုးသမီးငယ်က စကားဆက်လိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့... ဒီချောက်ကမ်းပါးအောက်မှာ ဓားဘီလူးကသူ့ရဲ့မိုးကြိုးဓားပညာကိုလေ့ကျင့်နေတယ်ထင်ပြီး ကျွန်မတို့ဆရာလှည့်ပြန်ပြေးသွားတာမမရဲ့"

"ဒီအကြောင်းကို သူကပြောပြတာလား"

အမျိုးသမီးငယ်ကခေါင်းခါယမ်းရင်း...

"မဟုတ်ဘူး... သူအရက်မူးတဲ့တစ်နေ့မှာ ယောင်ယမ်းပြီးပြောလိုက်လို့ ကျွန်မကြားသိလိုက်ရတာပါ"



သူမကဆက်၍ရှင်းပြလိုက်၏။

"အခု... သူက ကျွန်မတို့ညီအစ်မကို ဒီကိုလာခိုင်းတဲ့တကယ့်ရည်ရွယ်ချက်က ဒီနေရာမှာ ဓားဘီလူးရှိမရှိသိချင်လို့လွှတ်လိုက်တဲ့သဘောပဲ၊ တကယ်လို့ ဓားဘီလူးရှိခဲ့ရင် ဓားဘီလူးက ကျွန်မတို့ကိုသတ်သွားမှာပဲ"

အမျိုးသမီးကြီးကအံကိုတင်းတင်းကြိတ်၏။

"တော်တော်ရက်စက်တဲ့လူယုတ်မာပဲ"

ထိုအချိန်တွင်.... ရုတ်တရက် ရယ်မောသံတစ်သံထွက်ပေါ်လာလေ၏။

"ဟား... ဟား... ဟား"

ထိုရယ်မောသံကိုကြားရသောအခါ သစ်ပင်ပေါ်၌ ချောင်း၍နားထောင်နေသူ ထန်ဟုန်၏တစ်ကိုယ်လုံးမှာ ရေခဲလွှာအောက်သို့ကျရောက်သွားသည့်အလား တစ်ကိုယ်လုံး အေးစိမ့်သွားလေ၏။

အမျိုးသမီးနှစ်ယောက်တို့မှာလည်း မျက်နှာများ ဖြူဖပ်ဖြူရော်ဖြစ်သွားကြကုန်လေသည်။

ထိုရယ်သံနှင့်အတူ ပြတင်းပေါက်ရှေ့တွင် လူတစ်ယောက်ထွက်ပေါ်လာသည်ကိုတွေ့လိုက်ရလေတော့၏။

လရောင်အောက်တွင် ထိုလူမှာ လူတစ်ယောက်နှင့်မတူဘဲ အရိုးစုတစ်ခုနှင့်ပို၍တူနေသည်ကိုတွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိန်ပိန်ရှည်ရှည်ရှိသောခန္ဓာကိုယ်တွင် အပြာရောင်အင်္ကျီ ကစ်ထည်ဝတ်ဆင်ထား၏။ သူ့ဆံပင်များမှာရှုပ်ပွပြီး လက်နှစ်ဖက်သည် ကြက်ခြေထောက်ကဲ့သို့ အရိုးပေါ်အရေဖုံးလျက်ရှိ၏။

လက်ချောင်းကလေးများမှာရှည်လျားပြီး လက်သည်းများ ချွန်ထက်နေသည်ကိုတွေ့ရလေသည်။

ထန်ဟုန်သည် ထိုလူ၏မျက်နှာကိုသဲကွဲစွာမမြင်တွေ့ရသေးသော်လည်း ထိုအသံထိုသဏ္ဍာန်သည် သူ့ရင်ထဲတွင်နက်ရှိုင်းစွာ ရိုက်နှိပ်ထားသကဲ့သို့ရှိသည်။ ထို့ကြောင့် ထိုလူသည် သူ၏မဟာရန်သူ မြွေဘုရင်မှန်း ကောင်းစွာသိရှိလိုက်လေသည်။

သူ့ရင်ထဲ လှိုင်းတံပိုးထလာသည့်အလား အကြီးအကျယ်လှုပ်ရှားရိုက်ခတ်သွား၏။ သူ့တစ်ကိုယ်လုံးမှသွေးများ ဆူပွက်လာသည်ဟုခံစားရ၏။

ထန်ဟုန်သည် ချက်ချင်းပင် အသင့်တိုက်ခိုက်နိုင်ရန် ဓားရိုးကိုဆုပ်ကိုင်ထားလိုက်မိ၏။ ထိုဟဉ် မြွေဘုရင်၏ရယ်မောသံသည် ရပ်တန့်သွားလေသည်။ ထို့နောက် အခန်းထဲသို့လှမ်းကြည့်၏။

"မင်းတို့က ငါ့ကိုသစ္စာဖောက်ဖို့တိုင်ပင်နေကြတာပေါ့ဟုတ်လား"

အလွန်ကြောက်ရွံ့နေသောအမျိုးသမီးငယ်သည် ယခုအခါ မျက်နှာတစ်ခုလုံးတည်တည်ကြည်ကြည်ဖြစ်လာ၏။



ကြောက်ရွံ့တုန်လှုပ်သော အရိပ်အယောင်မျှကိုပင် မတွေ့ရတော့ချေ။ သူမသည် ဆတ်ခနဲထရပ်ပြီး ပြတင်းပေါက်မှကျော်ထွက်လိုက်၏။

ထို့နောက် မြွေဘုရင်နှင့်ရဲဝံ့စွာမျက်နှာချင်းဆိုင်လိုက်လေ၏။

"ကျွန်မ သစ္စာဖောက်တာမဟုတ်ဘူး... သစ္စာဖောက်တာက ရှင်ပဲ"

မြွေဘုရင်ဒေါပွသွားသည်။

"အောင်မာ... မင်းက ငါ့ကို ဒီလိုဘယ်တုန်းက ခံပြောခဲ့ဖူးလို့လဲ"

အမျိုးသမီးငယ်ကမဲ့ပြုံးပြုံး၏။

"အခုပြောနေပြီလေ"

မြွေဘုရင်၏မျက်နှာ တင်းမာခက်ထန်သွား၏။

"မင်း သေရမှာမကြောက်ဘူးလား"

အမျိုးသမီးငယ်ကနှာခေါင်းရှုံ့ကာ....

"ဘာလို့ကြောက်ရမှာလဲ... သေသွားတာကမှ ကျွန်မအတွက်ပိုကောင်းဦးမယ်၊ လူယုတ်မာရဲ့လက်က လွတ်သွားကျွတ်သွားပြီလို့ခံစားရမှာပါ"

မြွေဘုရင် ဒေါသခြောင်းခြောင်းထွက်လာလေ၏။

အံကြိတ်လိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုအာခံရင် ငါဘာမျက်နှာမှမထောက်ဘဲ လုပ်တတ်တယ် ဆိုတာ မင်းသိပါတယ်"

အမျိုးသမီးငယ်ကမဲ့ပြုံးပြုံးလိုက်သည်။

ထို့နောက် မြွေဘုရင်ထံလျှပ်တစ်ပြက်ခုန်အုပ်လိုက်၏။

မြွေဘုရင်က လက်တစ်ဖက်ဖြင့်နောက်ပြန်ရိုက်လိုက်ရာ....

"ဝုန်း...."

အမျိုးသမီးငယ်မှာအသံပင်မထွက်နိုင်ဘဲ မြေပေါ်သို့ ဝုန်းခနဲ ပစ်လဲကျသွားလေတော့၏။

ဝဝဝဝ



ထန်ဟုန် ကြောင်အမ်းအမ်းဖြစ်သွား၏။

အဖြစ်အပျက်မှာမြန်ဆန်လွန်းလှသဖြင့်... သူသည် ထိုအမျိုး သမီးငယ်ကိုအချိန်မီမကယ်တင်နိုင်ခဲ့ချေ။

သူသည် ဓားရိုးကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားလိုက်၏။ အခြေအနေကြည့်ပြီး မြွေဘုရင်အားဝင်ရောက်တိုက်ခိုက်ရန် အသင့် ပြင်ထားလိုက်သည်။

ထိုအချိန်တွင် အမျိုးသမီးကြီးက အေးဆေးစွာဖြင့် တံခါးကို တွန်းဖွင့်၍ထွက်လာလေသည်။ သူမတွင်လည်း ကြောက်ရွံ့ထိတ် လန့်သောဟန်အမူအရာများ လုံးဝမရှိတော့ပါ။

သူမသည် မြွေဘုရင်ရှေ့တွင်ရပ်တန့်လိုက်၏။ မြွေဘုရင်က သူမအား အကဲခတ်ကြည့်လိုက်၏။

ပြီးမှ ပျော့ပျောင်းသောလေသံဖြင့်....

"မင်းမှာအပြစ်မရှိပါဘူး၊ မင်းကိုသွေးထိုးတဲ့လူကိုသာ ငါက ရှင်းပစ်လိုက်တာပါ"

အမျိုးသမီးကြီးကပါးစပ်ပိတ်ထားလိုက်သည်။

မြွေဘုရင်က....

"ဒါနဲ့ ဆရာပေးလိုက်တဲ့တာဝန်နဲ့ပတ်သက်ပြီး ပြန်သတင်း ပို့ပါဦးလေ"

အမျိုးသမီးကြီးက....

www.burmeseclassic.com

www.burmeseclassic.com



"ဟိုသူငယ် ဒီကိုမရောက်သေးဘူး"

မြွေဘုရင်ခေါင်းညိတ်၏။

"ကောင်းပြီ... ဒါနဲ့ ချောက်ကမ်းပါးအောက်ဘက်က မိုးခြိမ်းသံတွေကြားလိုက်သေးလား"

အမျိုးသမီးကြီးကဟာန်မှုရာကင်းမဲ့စွာဖြင့်....

"ကြားတယ်"

ဟုပြန်ဖြေလိုက်၏။ မြွေဘုရင်က....

"အခြေအနေဘယ်လိုလဲဆိုတာပြောပြပါဦး"

အမျိုးသမီးကြီးက....

"မိုးခြိမ်းသံကသိပ်ပြီးကျယ်လောင်တယ်... တောတောင်တစ်ခုလုံးကိုတုန်ခါသွားတာပဲ"

မြွေဘုရင်ကအံ့သြသွားဟန်ဖြင့်....

"ဒီလောက်တောင်ပဲလား"

ဟုပြန်မေးသည်။

အမျိုးသမီးကြီးက....

"ကျွန်မ မိုးခြိမ်းသံကြားလိုက်တော့ ကောင်းကင်ပေါ်ကို မော့ကြည့်ပါသေးတယ်၊ ဒါပေမဲ့ ကောင်းကင်ပေါ်မှာတိမ်တိုက်တိမ်လိပ်ကင်းရှင်းတာတွေ့လိုက်တော့မှ ဒီမိုးခြိမ်းသံဟာ ချောက်ကမ်းပါးအောက်ကနေထွက်လာတယ်ဆိုတာသိရပါတယ်"



မြွေဘုရင်သည် စကားမပြောတော့ဘဲ မလှုပ်မယှက်ရပ်တန့်သွား၏။ တစ်ချိန်လုံး အခွင့်အရေးစောင့်နေသောထန်ဟုန်က ဓားကိုဆွဲထုတ်လိုက်၏။ မိုးသံလေသံများထွက်ပေါ်လာ၏။ တစ်ချိန်တည်းမှာပင် သူ၏အော်သံလည်းထွက်ပေါ်လာသည်။

"ယား...."

မာန်သွင်းသံနှင့်အတူ ထန်ဟုန်သည် သစ်ပင်ပေါ်မှခုန်ချပြီး မြွေဘုရင်၏ဦးခေါင်းပေါ်သို့ချိန်၍ ခုတ်ချလိုက်လေတော့၏။

မြွေဘုရင်မှာ ရုတ်တရက် မိုးခြိမ်းသံများကြားလိုက်ရသဖြင့် တုန်လှုပ်ချောက်ချားသွား၏။ သူ့ရှေ့တွင်ရပ်နေသောအမျိုးသမီးကို ရုတ်တရက်ဖမ်းဆွဲပြီး နောက်သို့လှည့်၍ခံပေးလိုက်၏။

"အား...."

စူးရှစွာအော်ဟစ်လိုက်သောအသံနှင့်အတူ သွေးများဖြာထွက်သွား၏။ ထန်ဟုန်သေချာစွာကြည့်လိုက်သောအခါ သူခုတ်မိလိုက်သူမှာ မြွေဘုရင်မဟုတ်ဘဲ အမျိုးသမီးတစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ရုတ်တရက် သူကြောင်အမ်းအမ်းဖြစ်သွား၏။ ထို့နောက် သတိရလာသောအခါ မြွေဘုရင်သည် အဝေးသို့ရောက်ရှိသွားသည်ကိုတွေ့ရလေသည်။ ထန်ဟုန်သည် အံကိုတင်းတင်းကြိတ်၍ဓားကို ဝှေ့ယမ်းပြီး မြွေဘုရင်နောက်သို့ပြေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဒေါသထွက်လွန်းသဖြင့် ဓားကိုအဆက်မပြတ်ဝှေ့ယမ်းရင်း တရကြမ်းပြေးလိုက်နေသောကြောင့် ဓားဝှေ့ယမ်းရာမှ ထွက်ပေါ်လာသောမိုးခြိမ်းသံကြီးသည် တောတောင်တစ်ခုလုံးတုန်ဟည်းသွားစေလေသည်။

သို့သော် သူသည် လိုက်ရင်းလိုက်ရင်းနှင့်ပင် မြွေဘုရင်အားမျက်ခြည်ပြတ်သွားလေသည်။

လိုက်၍မမီမှန်းသိလိုက်သဖြင့် သူသည် စိတ်ပျက်လက်ပျက်ဖြင့်လက်လျှော့လိုက်လေတော့၏။

၀၀၀၀



ခြေနှစ်ဖက်ပြတ်သောအဘိုးအို

ထန်ဟုန်သည် နောက်ပြန်လှည့်လာ၏။ အိမ်ကလေးရှေ့သို့ရောက်ရှိလာသောအခါ, အပျိုးသမီးနှစ်ယောက်၏အလောင်းကိုလုံးဝမတွေ့ရတော့ချေ။

ရုတ်တရက် သူကြောင်အမ်းအမ်းဖြစ်သွား၏။

အမျိုးသမီးတစ်ယောက်ကို မိမိကမှားယွင်းပြီးခုတ်မိ၍ စိတ်မကောင်းဖြစ်ရ၏။ သူသည် ဤနေရာသို့ပြန်ရောက်လာခြင်းမှာ ကံမကောင်းအကြောင်းမလှ၍သေဆုံးသွားရသောအမျိုးသမီးနှစ်ယောက်၏အလောင်းကိုမြေမြှုပ်ပေးရန်ဖြစ်၏။

ယခုမှာမူ ထိုအမျိုးသမီးအလောင်းနှစ်လောင်းစလုံးကို လုံးဝမတွေ့ရတော့ပါ။ ထိုအလောင်းနှစ်လောင်းကို မည်သူကသယ်ယူသွားပါသနည်း။

သူသည် ပတ်ဝန်းကျင်သို့ တစ်ချက်ဝေ့ကြည့်လိုက်ရာ သူရပ်နေသောနေရာနှင့်အရှေ့ဘက်ခြေလှမ်းတစ်ရာခန့်အကွာတွင် မြေပုံနှစ်ခုရှိနေသည်ကိုတွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးနှစ်ယောက်၏အလောင်းကို တစ်စုံတစ်ယောက်က ယခုကဲ့သို့မြေမြှုပ်ပေးခြင်းဖြစ်ကြောင်း သူနားလည်လိုက်၏။

ထိုလူသည် မည်သူဖြစ်ပါသနည်း။

ထိုအချိန် အိမ်ခန်းထဲ၌သက်ပြင်းချသံတစ်ချက်ထွက်ပေါ်လာသည်ကိုကြားရ၏။ သူသည် ပွင့်နေသောအခန်းတံခါးထဲသို့တစ်လှမ်းချင်းလှမ်းဝင်သွား၏။

အချိန်မှာ ညတာကုန်ဆုံး၍မိုးလင်းစပြုလာသော အချိန်ဖြစ်သည်။ အခန်းထဲတွင် သီလရှင်တစ်ပါးတင်ပလ္လင်ခွေထိုင်၍ စိပ်ပုတီးစိတ်နေသည်ကိုမြင်ရ၏။ ထန်ဟုန်သည် ရှေ့မဆက်တော့ဘဲခြေလှမ်းရပ်တန့်လိုက်၏။

"အလောင်းနှစ်လောင်းကို ဆရာလေးက မြေမြှုပ်ပေးလိုက်တာလား"

သီလရှင်ကမျက်လွှာပင့်ပြီး သူ့အားအကဲခတ်ကြည့်လိုက်၏။

ပြီးမှ တိုးတိတ်ညင်သာသောလေသံဖြင့်....

"ဟုတ်တယ်"

ဟုပြောလိုက်၏။ ထန်ဟုန်က....

"ဆရာလေးက ခရီးသွားဟန်လွဲ ဒီအလောင်းတွေကိုတွေ့လို့ မြေမြှုပ်ပေးတာလား"

သီလရှင်ကခေါင်းခါယမ်းလိုက်၏။



"မဟုတ်ဘူး... ငါက ငါ့ညီမနောက်ကိုလိုက်လာတာ ဒါပေမဲ့ ခြေတစ်လှမ်းနောက်ကျသွားတာနဲ့ သူတို့ အခုလိုကံဆိုးကြရတာပါ"

ထိုသီလရှင်မှာ မြွေဘုရင်၏တပည့်လေးယောက်ထဲမှ တစ်ယောက်ဖြစ်ရမည်ဟု ထန်ဟုန်နားလည်လိုက်၏။

သူက သီလရှင်အားစိမ်းစိမ်းကြည့်လိုက်ပြီး...

"ခင်ဗျားက မြွေဘုရင်ရဲ့တပည့်မ မဟုတ်လား"

သီလရှင်သည် ထန်ဟုန်၏အမေးကိုအဖြေမပေးဘဲ သူ့အား ခြေဆုံးခေါင်းဆုံးပြန်၍အကဲခတ်ကြည့်၏။

ပြီးမှ....

"မင်းဘယ်သူလဲ... မင်းရဲ့ရုပ်ကိုကြည့်တာနဲ့ငါသိတယ်"

ထန်ဟုန် မျက်မှောင်ကုပ်သွားသည်။

"ကျုပ်ကိုမြင်တာနဲ့သိတယ်ဟုတ်လား၊ ဒါဖြင့်ပြောပါဦး၊ ကျုပ်ဘယ်သူလဲ"

"မင်းက မောက်ကျင်းဖုံရဲ့သားပါ"

ထန်ဟုန်ကမဲ့ပြုံးပြုံး၏။

"ကျုပ်အမေ အခုဘယ်မှာလဲ"

"ကျန်းလောင်စန်းတောင်မှာ"

ထန်ဟုန်ကအော်ငေါက်လိုက်၏။

"ခင်ဗျား ကျုပ်ကိုလိမ်ပြောနေတာ"

www.burmeseclassic.com

www.burmeseclassic.com



သီလရှင်က....

"ငါလိမ်ပြောတယ်လို့ မင်းကဘာကြောင့်ပြောနိုင်တာလဲ"

ထန်ဟုန်က...

"မြွေဘုရင်ကမုံးချမ်းစန်းတောင်မှာနေတယ်ဆိုတာ ကျုပ်သိတယ်ဗျ"

သီလရှင်ကလေသံအေးအေးဖြင့်....

"အခု မင်းကမင်းအမေကိုတွေ့ချင်တာလား..ဒါမှမဟုတ် မြွေဘုရင်ကိုတွေ့ချင်တာလား"

"ကျုပ်က မြွေဘုရင်ကိုသတ်ပြီး ကျုပ်အမေကိုကယ်မလို့"

သီလရှင် သက်ပြင်းချလိုက်သည်။

"မင်းက မြွေဘုရင်ကိုနိုင်မယ်လို့ ထင်သလား"

"ဒါ ကျုပ်အလုပ်... ခင်ဗျားနဲ့မဆိုင်ဘူး"

သီလရှင်က သူ့အားစိုက်ကြည့်လိုက်၏။

"မြွေဘုရင်က မင်းကိုကြောက်လို့ထွက်ပြေးသွားတာလို့ ထင်နေရင် မင်းမှားမှာပေါ့"

သူမကစကားဆက်လိုက်၏။

"မြွေဘုရင်က မိုးခြိမ်းသံတွေကြားလို့ မင်းကိုမကြည့်အားဘဲ ခေးဘီလူးရောက်လာတယ်ထင်ပြီး ထွက်ပြေးသွားတာ"

သူမကခေါင်းခါယမ်းပြီးဆက်ပြောလိုက်၏။



"သူသာမင်းကိုသေသေချာချာတွေ့မြင်သွားရင် အလွတ်ပေးမှာမဟုတ်ဘူး၊ မင်းကိုသတ်သွားမှာသိလား"

ထန်ဟုန်က....

"ဒါတွေ ခင်ဗျားပြောစရာမလိုဘူး... မြွေဘုရင်ဘယ်မှာရှိတယ်ဆိုတာသာပြောပါ"

သီလရှင်က....

"မြွေဘုရင်ဟာ မုံးချမ်းစန်းတောင်မှာနေတာတော့မှန်တယ်၊ ဒါပေမဲ့ ခေးဘီလူးက သူ့ကိုလာပြီးလက်စားချေမှာစိုးရိမ်လို့ မင်းအမေကို ကျန်းလောင်စန်းတောင်မှာသွားဝှက်ထားတယ်၊ ဒါကြောင့် ငါအကြံပေးချင်တာက မင်းအမေကိုအရင်ဆုံးသွားကယ်ဖို့က ပိုပြီးအရေးကြီးတယ်ဆိုတာပဲ"

ထန်ဟုန်သည် သီလရှင်မှာစိတ်ကောင်းနှလုံးကောင်းဖြင့်ပြောပြနေသည်ကိုနားလည်လိုက်၏။

သီလရှင်ကစကားဆက်လိုက်ပြန်၏။

"မင်း အခု မိုးကြိုးဓားကိုတော်တော်လေးအဆင့်မြင့်လာတဲ့အထိ အောင်မြင်ခဲ့ပါပြီ၊ ဒါပေမဲ့ မြွေဘုရင်ဟာ မြွေတစ်ကောင်လိုကောက်ကျစ်စဉ်းလဲတယ်၊ ဉာဏ်နီဉာဏ်နက်များတယ်၊ သူ့ထက်[illegible] ပညာသာတဲ့ခေးဘီလူးတောင် သူ့ရဲ့ကလိန်ကျမှုကြောင့် ဒုက္ခဘဝရောက်သွားခဲ့ရရှာတယ်၊ ဒါကြောင့် သူ့ကိုအထင်မသေးလိုက်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်သည် သီလရှင်အပေါ်ခင်မင်လေးစားလာ၏။

"အခုလိုညွှန်ပြတာကိုကျေးဇူးမမေ့ပါဘူး… ကျုပ်ကိုသွားခွင့်ပြုပါဦး"

သူသည် ပြောပြီးထွက်သွားရန် ချာခနဲလှည့်လိုက်၏။

သီလရှင်ကဟန့်တားလိုက်၏။

"ခဏ"

ထန်ဟုန်ပြန်လှည့်လိုက်သည်။

"ဘာပြောစရာရှိသေးလို့လဲဆရာလေး"

သီလရှင်ကဖြည်းညင်းစွာထရပ်လိုက်၏။

"မင်းရဲ့မိုးကြိုးဓားဟာ မြွေဘုရင်ကိုနိုင်မယ် မနိုင်ဘူးဆိုတာ သိရအောင် ငါနဲ့သုံးကွက်လောက်ယှဉ်ကြည့်ရအောင် ငါ့ကိုနိုင်မှသာ သူနဲ့ယှဉ်နိုင်မယ်ဆိုတာမင်းနားလည်ထားပါ"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီခင်ဗျာ"

သို့ဖြင့် သူတို့နှစ်ယောက်သည်ယှဉ်ပြိုင်ရန် မျက်နှာချင်းဆိုင်ရပ်လိုက်ကြလေသည်။

oooo



"ဂျိမ်း…"

ထန်ဟုန်သည် ဓားကိုဆွဲထုတ်လိုက်သည်။ မိုးခြိမ်းသံများ ရုတ်တရက်ထွက်ပေါ်လာ၏။ မိုးခြိမ်းသံထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ထန်ဟုန်၏တစ်ကိုယ်လုံးရှိ သွေးများသည် တစ်မုဟုတ်ချင်း ဆူပွက်လာလေတော့၏။

"ယား…"

သူ၏မာန်သွင်းသံသည် ကြီးမားပြင်းထန်သော လှိုင်းတံပိုး ကြီးနှယ် မြည်ဟည်းထွက်ပေါ်လာလေ၏။

တစ်ဆက်တည်းမှာပင် သူသည် ဓားကိုဝှေ့ယမ်းလိုက်၏။ မိုးကြိုးဓား၏ပထမသိုင်းကွက်သည် စတင်လှုပ်ရှားလာလေ၏။

ဓားရောင်သည် ပြိုးပြိုးပြက်ပြက်ထွက်ပေါ်လာပြီး လျှပ်စီး လက်သည့်အလား ဝင်းခနဲဝင်းခနဲဖြစ်သွား၏။ သို့သော် သီလရှင်က ပွတ်ကာသီကာရှောင်တိမ်းနိုင်ခဲ့လေသည်။

သီလရှင်သည် အသက်ငယ်ရွယ်နုနယ်သောထန်ဟုန်မှာ ယင်းကဲ့သို့ ပြင်းထန်လှသောဓားပညာအသုံးပြုနိုင်သည်ကိုတွေ့ရသောအခါ အံ့ဩထိတ်လန့်သွားမိလေသည်။

ထိုအချိန်တွင် ထန်ဟုန်၏ဒုတိယသိုင်းကွက် စတင်လှုပ်ရှားလာပြန်လေ၏။ ဤတစ်ကြိမ်တွင် ဓားရိပ်များစွာသည် သီလရှင်၏ တစ်ကိုယ်လုံးကိုလွှမ်းခြုံထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သီလရှင်ကမခုခံဝံ့ဘဲ အထပ်ထပ်လွှမ်းခြုံထားသောစားချက်အောက်မှ မြေပေါ်လိမ့်ချ၍တိုးထွက်လိုက်လေသည်။

ထိုအချိန်မှာပင်… ထန်ဟုန်၏တတိယသိုင်းကွက်သည် တစ်ဆက်တည်းလှုပ်ရှားလာ၏။ မိုးခြိမ်းသံများသည် ပို၍ကျယ်လောင်စွာမြည်ဟိန်းထွက်လာရုံမက လေပြင်းတိုက်ခတ်သံများကိုပင် ကြားလိုက်ရလေသည်။

ဤတစ်ကြိမ်တိုက်ခိုက်မှုသည် မိုးသက်မုန်တိုင်းကျသကဲ့သို့ လွှန်စွာပြင်းထန်လှမည်ဖြစ်ကြောင်း သီလရှင်ကြိုတင်ခန့်မှန်းမိ၏။ ထို့ကြောင့်… သူမသည် လည်ကုတ်တွင်ထိုးထားသောပန်းပွားကိုဆွဲထုတ်လိုက်၏။ ပန်းပွားကိုခါယမ်းလိုက်ရာ ရာထောင်မကသော အမွေးအမျှင်များသည် ရေပန်းကဲ့သို့ဖြာခနဲထွက်ပေါ်လာ၏။

ထို့နောက် မိုးခြိမ်းသံများ ရုတ်တရက်ငြိမ်သက်သွားသည်။ ထန်ဟုန်သည် စားကွက်သုံးကွက်တိတိတိုက်ခိုက်ပြီးသောကြောင့် စားကိုစားအိမ်ထဲသို့ပြန်လည်ထိုးသွင်းလိုက်ခြင်းဖြစ်သည်။

သီလရှင်လက်ထဲတွင်ကိုင်ထားသောပန်းပွားသည် အမွေးအမျှင်များတိခနဲပြတ်သွားပြီး ကြမ်းပြင်ပေါ်သို့ကျသွား၏။

သီလရှင်ကကျေနပ်သွားဟန်ဖြင့်….

“မဆိုးဘူး… မင်း အခုလိုအဆင့်မျိုးဟာ မြွေဘုရင်ကိုအနိုင်မရသည့်တိုင်အောင် မရှုံးနိုင်တော့ပါဘူး”



ထန်ဟုန်ကဦးညွှတ်အရိုအသေပြုရင်း….

“ကျေးဇူးတင်ပါတယ်ဆရာလေး”

သီလရှင်ကလက်ဝှေ့ယမ်းပြလိုက်ပြီး….

“ကဲ… သွားတော့၊ မြွေဘုရင်က ကျန်းလောဝ်စန်းတောင်ကိုသွားလိမ့်မယ်၊ မင်းနောက်ကျသွားရင် မင်းရဲ့မိခင်မှာအန္တရာယ်ရှိနိုင်ပါတယ်”

ထန်ဟုန်ခေါင်းညိတ်ကာ….

“ဟုတ်ကဲ့… ကျုပ်ကိုသွားခွင့်ပြုပါ”

ပြောပြောဆိုဆို ထန်ဟုန်သည် ချာခနဲလှည့်ကာခြေလှမ်းကျဲကျဲဖြင့်ပြေးလွှားထွက်ခွာသွားလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်မှာ ရှေ့ဘက်သို့ဦးတည်ပြေးလွှားသွား၏။

မရပ်မနားဆက်လက်ပြေးလွှားရာ ညမှောင်လာသောအခါ လူနေအိမ်ခြေလုံးဝမရှိသောနေရာတစ်ခုသို့ ရောက်ရှိလာလေသည်။

သူသည် တစ်ညတာတည်းခိုနိုင်မည့်နေရာကို မျက်လုံးဝေ့၍ ရှာဖွေကြည့်လိုက်သည်။

သူ၏လက်ယာဘက်ခပ်လှမ်းလှမ်းတွင် ကျိုးတိုးကျဲတဲဖြစ်နေသောတောအုပ်တစ်ခုကိုတွေ့မြင်လိုက်ရ၏။ ထိုတောအုပ်ငယ်တွင် အိမ်ကလေးတစ်လုံးရှိနေသည်ကိုလည်း တွေ့လိုက်ရ၏။

သူ ဝမ်းသာသွား၏။ အိမ်ရှိလျှင် နေထိုင်သူရှိရမည်မဟုတ်ပါလော။ ထို့ကြောင့် သူသည် အိမ်ကလေးရှိရာသို့ လျှောက်လှမ်းသွားလေသည်။

ထိုအချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး အလင်းရောင်ပျောက်ကာ အမှောင်ထုကဖုံးလွှမ်းလိုက်ပြီဖြစ်သည်။ သို့သော် အိမ်ကလေးကိုမူ ခပ်ရေးရေးမြင်နေရသည်။ အမှောင်ထဲမှန်း၍လျှောက်သွားရာ အိမ်ကလေးအနီးသို့ရောက်ရှိသွား၏။ အိမ်ကလေးမှာ အနည်းငယ်စုတ်ပြတ်နေသောဝါးအိမ်လေးတစ်အိမ်ဖြစ်သည်။

သူသည် ခြေလှမ်းကျဲကျဲနှင့်အိမ်ကလေးဆီသို့လျှောက်သွားသည်။ ထို့နောက် အလယ်ရှိ အခန်းတံခါးကိုခေါက်လိုက်သည်။ တံခါးမှာ အလိုလိုပွင့်သွား၏။



ထိုအခါ... အရာဝတ္ထုတစ်ခု အရှိန်ပြင်းစွာဖြင့် အခန်းထဲမှပစ်လွှင့်လာသည်ကိုတွေ့မြင်လိုက်ရ၏။

"ဝှစ်..."

သူ ကမန်းကတန်းရှောင်တိမ်းလိုက်ရသည်။

ထိုအရာဝတ္ထု၏အရှိန်မှာ အလွန်ပြင်းထန်လှ၏။

ထို့ကြောင့် အရာဝတ္ထုပစ်သူမှာ လက်အားအလွန်ကောင်းသူတစ်ယောက်ဖြစ်ရမည်ဟု သူခန့်မှန်းလိုက်၏။

သူသည် လူငယ်ပီပီကြောက်ရွံ့ခြင်းမရှိဘဲအိမ်ခန်းထဲသို့လှမ်းကြည့်လိုက်သည်။ အခန်းတစ်ခုလုံးမှာမှောင်မည်း၍နေသည်။

ပြာလဲ့လဲ့အလင်းရောင်အပွင့်ကလေးနှစ်ပွင့်ကိုသာ တွေ့မြင်ရ၏။ ထိုအရာမှအပ အခြားအရာများကိုမတွေ့ရပေ။

ထန်ဟုန်က လက်နှစ်ဖက်ဆုပ်၍အရိုအသေပြုရင်း...

"ကျုပ်ကခရီးသည်တစ်ယောက်ပါ... တစ်ညတာလောက်တည်းခိုခွင့်ပြုပါလို့တောင်းပန်ပါတယ်"

သူ့စကားဆုံးသွားသောအခါ အခန်းထဲမှအေးစိမ့်သည့်အသံတစ်သံထွက်ပေါ်လာသည်။

"ဝင်ခဲ့"

စကားသံမှာတိုတောင်း၍ မာကျောလှ၏။

ထန်ဟုန်က အခန်းထဲသို့လှမ်းဝင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အေးစိမ့်သောအသံက ထပ်မံထွက်ပေါ်လာသည်။

"တံခါးပြန်ပိတ်လိုက်စမ်း"

ထိုအသံမှာအေးစိမ့်ရုံမက ကျေးကျွန်တစ်ယောက်အား အမိန့်ပေးသည့်အလားအော်ငေါက်လိုက်သလိုဖြစ်နေသဖြင့် ထန်ဟုန်သည် ခံပြင်းစိတ်များဖြစ်ပေါ်လာ၏။

ထို့ကြောင့် မဲ့ပြုံးပြုံးပြီးတုံ့ပြန်ပြောဆိုလိုက်သည်။

"ကျုပ်သိပါတယ်ဗျာ... ခင်ဗျားဟာ ရန်သူကိုရှောင်တိမ်းရင်း ဒီမှာလာပုန်းနေတာမဟုတ်လား"

ထန်ဟုန်က တစ်ချက်ပြုံးပြီးစကားဆက်လိုက်သည်။

"စိတ်ချပါဗျာ... ကျုပ်ကခရီးသည်တစ်ယောက်ပါ၊ စကားမများတတ်ပါဘူး"

သူ့စကားသံနှင့် မရှေးမနှောင်းမှာပင် သူ့နောက်ကျောဘက်မှ အေးစိမ့်သောအသံတစ်သံထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

"ဆရာ... သူကဘယ်သူလဲဟင်"

ထန်ဟုန်ထိတ်ခနဲဖြစ်သွား၏။ နောက်သို့ ချာခနဲလှည့်ကြည့်ရာ သူ့နောက်တွင် အဖြူရောင်အင်္ကျီဝတ်ဆင်ထားသောမိန်းကလေးတစ်ယောက် မည်သည့်အချိန်ကရောက်ရှိနေမှန်းမသိ ရောက်ရှိနေသည်ကိုတွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးမှာ...



တစ်ကိုယ်လုံး အဖြူရောင်အင်္ကျီဝတ်ဆင်ထားပြီး ဆံကေသာမှာ ပခုံးပေါ်တွင်ဝဲနေ၏။

အမှောင်ထုထဲတွင် သူမသည် ဝိညာဉ်တစ်ခုနှင့်တူလှပေ၏။

တစ်ဘက်မှအေးစိမ့်သောအသံ ထွက်ပေါ်လာပြန်၏။

"သူမဖြစ်နိုင်ဘူး... သူ့ရဲ့လှုပ်ရှားမှုကိုမြင်တွေ့လိုက်တာနဲ့ ဟိုလူ့ရဲ့သိုင်းပညာနဲ့ဘာမှမဆိုင်တာကိုတွေ့ရတယ်၊ ဖြည်းဖြည်းချင်းမေးရဦးမယ်"

ထိုစကားကြားလိုက်ရသောအခါ ထန်ဟုန်မှာ သူထင်ထားသည့်အတိုင်း ဤအိမ်ခန်းထဲမှလူသည် ရန်သူကိုရှောင်တိမ်းရင်း သည်နေရာသို့ရောက်လာခြင်းဖြစ်သည်ဟုယုံကြည်မိ၏။

အဖြူရောင်အင်္ကျီနှင့်မိန်းကလေးက အတွင်းဘက်ဆီသို့ ရွေ့လျားလာသည်။

အံ့ဩဖွယ်ကောင်းသည်မှာ...

သူမ၏လှုပ်ရှားမှုသည် ခြေထောက် ကြမ်းပေါ်သို့မနင်းဘဲ လေဟုန်စီး၍သွားသည်နှင့် တူနေခြင်းဖြစ်သည်။

ထိုမိန်းကလေး၏သိုင်းပညာမှာ မိမိထက် များစွာသာသည်ကိုလည်းမြင်လိုက်ရသည်။

သို့သော် ထိုမိန်းကလေးမှာ သူ့အား ကျော်ဖြတ်သွားသော တစ်ဒင်္ဂတွင် တစ်ချက်ပြန်လှည့်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်မှာ ထိုမိန်းကလေး၏မျက်နှာကိုမြင်လိုက်ရသောအခါ အလွန်အံ့သြသွားရ၏။

"ဟင်.... မင်လေး"

ဟုလွှတ်ခနဲခေါ်လိုက်မိ၏။

သို့သော်....

ထိုမိန်းကလေးကသည် တုံ့ပြန်ခြင်းလုံးဝမရှိဘဲ အတွင်းဘက်သို့ဆက်လက်လျှောက်သွားပြီးနောက် ပျောက်ကွယ်သွားလေ၏။

၀၀၀၀



## လူတူမရှား နာမည်တူမရှား

ထန်ဟုန်မှာ ရုတ်တရက်ငေးငိုင်တွေဝေသွား၏။

မင်လေးသည် မိမိအဘိုးအပေါ်စိတ်နာပြီး အခြားဆရာတစ်ယောက်ထံရောက်လာခြင်းပင်လောဟုတွေးနေမိလေသည်။

သူစိတ်မကောင်းစွာဖြင့်သက်ပြင်းချလိုက်၏။

"မင်လေး... နင်ငါ့ကိုပါမုန်းနေပြီပေါ့"

သူ့ရင်ထဲမှ တိုးတိုးထွက်ပေါ်လာသောစကားပင်ဖြစ်သည်။

ထိုအချိန်တွင်....

အေးစိမ့်သောအသံကထွက်ပေါ်လာပြန်လေသည်။

"တံခါးပိတ်ခိုင်းတာမကြားဘူးလား"

ထန်ဟုန်သည် မင်လေးအကြောင်းကိုစိတ်မကောင်းစွာ တွေးနေသဖြင့် ထိုစကားကိုမကြားသည့်အလား ငေးငိုင်ပြီးရပ်နေ၏။

ထိုအချိန်မှာပင် လေပြင်းတစ်ချက်တိုက်ခတ်လိုက်သည်ကို သူသတိပြုမိလိုက်၏။

"ဂျိမ်း...."

www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်ဘက်ရှိ အခန်းတံခါးသည် ရုတ်တရက်အလိုလိုပိတ်သွားသည့်အသံကြားလိုက်ရ၏။

သူ အလွန်အံ့သြသွားဟန်ဖြင့်....

ရှေ့သို့ မျက်လုံးကိုအားယူပြီးကြည့်လိုက်၏။

သူသည် အိမ်ခန်းထဲသို့ရောက်နေသည်မှာတစ်ခဏမျှကြာပြီဖြစ်ရာ မျက်လုံးလည်းကျင့်သားရလာပြီဖြစ်၏။

ထို့ကြောင့် အခန်းထဲရှိမြင်ကွင်းအားလုံးကို ခပ်ရေးရေးမြင်နေရပြီဖြစ်သည်။

သူမြင်လိုက်ရသောစိမ်းဖန့်ဖန့်အလင်းရောင်နှစ်ပွင့်မှာ ထိုလူ၏မျက်လုံးများဖြစ်ပေတော့၏။

ဆံကေသာနှင့်မုတ်ဆိတ်များကထူပျစ်၏။

သို့သော် ထိုလူ၏ဒူးဆစ်အောက်တွင် ဟာလာဟင်းလင်းဖြစ်နေသည်ကိုတွေ့ရသဖြင့် ထိုလူ၏ခြေထောက်နှစ်ဖက်မှာ တိတိရိရိပြတ်နေကြောင်းသိရှိလိုက်ရလေသည်။

ထိုလူကသူ့အားစူးရှစွာစိုက်ကြည့်နေသည်။ ထန်ဟုန်ကလည်းသူ့အားပြန်လည်စိုက်ကြည့်သည်။

ထိုလူက....

"ဒီကိုလာစမ်း"

သူ့အသံမှာအမိန့်ပေးသံနှင့်တူလှသည်။



ထန်ဟုန်ကခေါင်းခါယမ်းလိုက်သည်။

"နေပါစေ... ကျုပ်ဒီမှာမတည်းတော့ပါဘူး"

ထိုလူက....

"မင်းက ဒီအထဲကိုရောက်လာပြီးမှတော့ ပြန်ထွက်ဖို့စိတ်မကူးနဲ့တော့"

ထန်ဟုန်မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ".

ထိုလူက....

"ငါ ဒီမှာနေထိုင်ခဲ့တာ ဆယ်နှစ်မက ကျော်သွားပြီ၊ ဘယ်သူ့ကိုမှ အသိမခံဘဲနေခဲ့တာ မင်း ဒီကနေထွက်သွားမယ်ဆိုရင် ငါဒီမှာရှိတဲ့အကြောင်းကိုပေါက်ကြားသွားမှာပေါ့"

ထန်ဟုန်က....

"ခင်ဗျားကို လူတွေ့သွားမှာကြောက်လို့လား"

ထိုလူကအားရပါးရရယ်လိုက်သည်။

"ဟား... ဟား... ဟား"

သူ၏ရယ်မောသံမှာအေးစိမ့်လွန်း၍ ထန်ဟုန်မှာ တစ်ကိုယ်လုံးအေးစိမ့်လာသည်ဟုပင် ခံစားမိလေသည်။

ထိုလူက ရယ်မောရာမှရပ်တန့်လိုက်ပြီး....

"ငါ့ကိုကြောက်နေတယ်လို့များ မင်းကထင်နေသလား"

www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းခါယမ်းပြီးစကားဆက်လိုက်သည်။

"လောကပေါ်မှာ ငါကြောက်တဲ့လူ မမွေးသေးဘူးဟေ့"

သူသည် အံကြိတ်ပြီးစကားဆက်လိုက်ပြန်၏။

"လူယုတ်မာတစ်ယောက်ရဲ့ အင်မတန်ကောက်ကျစ်စဉ်းလဲတဲ့အကြံကြောင့် ငါ့ခြေထောက်နှစ်ဖက်ပြတ်သွားရတယ်ကွ၊ ငါ အခုဒီမှာလာနေတာကြောက်လို့မဟုတ်ဘူး၊ အလွန်ထူးခြားတဲ့ကိုယ်ဖော့ပညာတစ်ရပ်ကိုလေ့ကျင့်နေတာကွ"

သူကပြောရင်းနှင့် ထန်ဟုန်အားစိုက်ကြည့်လိုက်သည်။

ပြီးနောက် ဆက်ပြောလိုက်သည်။

"မင်းကိုငါရှင်းရှင်းပြောမယ်... လက်ရှိသိုင်းလောကမှာ ငါကြောက်ရမဲ့လူတစ်ယောက်မှမရှိဘူးကွ"

ထန်ဟုန်ကရယ်မောလိုက်သည်။

"ဟား... ဟား... ဟား"

ထိုလူက....

"မင်းဘာရယ်နေတာလဲ"

"ခင်ဗျားကိုရယ်မိတာပါ"

ထိုလူက....

"မင်းလားကွ... ငါ့ကိုလှောင်ပြောတာ၊ ပြောစမ်း... လှောင်ပြောင်ရအောင် ငါပြောတာမှားနေလို့လား"



"ဟုတ်တယ်.. ခင်ဗျားစကားအရ ခုလိုချောင်ကျကျနေရာမှာလာပြီးနေထိုင်တာ (၁၀)နှစ်မကအချိန်အတွင်း သိုင်းလောကမှာအင်မတန်ကြောက်စရာကောင်းတဲ့သိုင်းပညာရပ်တွေ တီထွင်လာကြတယ်ဆိုတာကို ခင်ဗျားကမသိဘဲကိုး"

ထိုလူကနှုတ်ခမ်းမဲ့ကာ..

"ပြောစမ်းပါဦး... ဘာများထူးဆန်းတဲ့သိုင်းပညာကို တီထွင်လာကြတာလဲ"

ထန်ဟုန်က....

"ရှည်ရှည်ဝေးဝေးမပြောချင်ပါဘူး... ကျုပ်ရဲ့ဓားပညာကိုနမူနာနည်းနည်းပြပါ့မယ်"

သူသည် စကားဆုံးသည်နှင့်ဓားကိုဆွဲထုတ်လိုက်၏။

"ဂျိမ်း...."

ဓားဆွဲထုတ်လိုက်သည်နှင့်မိုးခြိမ်းသံများ ဟိန်းထွက်လာလေ၏။ ထိုလူ အလွန်အံ့သြသွားသည်။

မျက်လုံးများပြူးကျယ်သွားကာ....

"မင်း... မင်းက မိုးကြိုးဓားပညာကိုတတ်တယ်ဟုတ်လား"

ထန်ဟုန်ကပြုံးလိုက်၏။

"မိုးကြိုးဓားမှန်းခင်ဗျားသိသားပဲ... ဒါဆိုရင် ခင်ဗျားလဲ မသေပါဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက သူ့အားစူးရှစွာစိုက်ကြည့်လိုက်၏။

“မင်း ဘယ်သူလဲ၊ မိုးကြိုးဓားပညာကိုဘယ်သူကသင်ပေးလိုက်တာလဲ”

ထန်ဟုန်က သူ့အားပြန်ကြည့်လိုက်၏။

“ဒါတွေကိုခင်ဗျားသိစရာမလိုဘူး… ခင်ဗျားနဲ့ကျုပ်ရန်ငြိုးလဲရှိကြတာမဟုတ်ပါဘူး၊ ဒါကြောင့် ကျုပ်လဲခင်ဗျားကိုမတုံ့ပြန်တော့ပါဘူး”

သူကစကားဆက်လိုက်၏။

“အခု ခင်ဗျားကျုပ်ကို ခေည့်သည်တစ်ယောက်အနေနဲ့ကြိုဆိုပြုစုမယ်ဆိုရင်တောင် ကျုပ်အနေနဲ့နေချင်တဲ့စိတ်မရှိတော့ဘူး၊ ကဲ…. ကျုပ်သွားပြီ”

ထန်ဟုန်ကယင်းသို့ပြောပြီး နောက်သို့လှည့်ရန်ဟန်ပြင်လိုက်သည်။ ဤတွင်…

သူ၏နောက်ဘက်မှအေးစိမ့်သောအသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာ၏။

“ရှင် ဆရာမေးတာကိုမဖြေသေးဘဲ ဘာလို့သွားရမှာလဲ”

ထန်ဟုန် ချာခနဲလှည့်ကြည့်လိုက်၏။

ထိုအခါ သူ၏မျက်လုံး အစုံသည် ဝိုင်းစက်ပြူးကျယ်သွား၏။ အကြောင်းမှာ….



အတွင်းဘက်သို့ဝင်သွားသောမိန်းကလေးသည် ဝိညာဉ်တစ်ခုပမာ သူ့နောက်တွင်ရပ်နေသည်ကိုမြင်တွေ့လိုက်ရခြင်းကြောင့်ဖြစ်ပေသည်။

သူ၏လက်ထဲတွင် ဓားကို အသင့်ဆုပ်ကိုင်ထားသော်လည်း မိန်းကလေး၏ပြုမူပုံကိုမြင်တွေ့ရသဖြင့်တုန်လှုပ်နေ၏။

ထို့ကြောင့်…. သူသည် ထိုမိန်းကလေး၏မျက်နှာကိုအံ့ဩစွာကြည့်နေမိသည်။

ထိုလူ၏အသံထွက်ပေါ်လာ၏။

“သူမဟုတ်ဘူး၊ ငါအလိုရှိနေတာကမိန်းကလေး ယောကျာ်းလေးမဟုတ်ဘူး”

ထန်ဟုန်သည် ထိုမိန်းကလေးကိုကြည့်ရင်းဝမ်းသာနေ၏။

“မင်လေး… နင်ဘာဖြစ်လို့ ဒီကိုရောက်နေတာလဲ”

ဝမ်းသာအားရလှမ်းမေးသည်။

မိန်းကလေးက သူ၏အမေးကိုမဖြေဘဲ ထိုလူအားလှမ်းမေးလိုက်၏။

“သူ့ကိုဖမ်းလိုက်ရမလား”

ထိုလူကခေါင်းခါသည်။

“မလိုအပ်ပါဘူး… ငါးလီပတ်ဝန်းကျင်ကနေ သူထွက်ပြေးနိုင်မှာမဟုတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



သူ၏လေသံမှာ ထန်ဟုန်အား အချိန်မရွေးဖမ်းဆီးနိုင်စွမ်းရှိသည်ဟူသောသဘောမျိုးဖြစ်သည်။ ထန်ဟုန်မှာမူ ထိုလူ၏စကားကို စိတ်ဝင်စားမှုမရှိပါ။

မိန်းကလေးအား စိုက်ကြည့်ရင်း....

"မင်လေး ငါ့ဘိုးဘိုးက မင်းကိုယ်စဉ်ကတည်းက အပင်ပန်းအဆင်းရဲခံကျွေးမွေးပြုစုခဲ့တယ်ပါ၊ အဲဒီကျေးဇူးကိုတောင် မင်းက မထောက်တော့ဘူးလား"

မိန်းကလေးက....

"ရှင်ဘာတွေလာပြောနေတာလဲ"

ထန်ဟုန်က....

"မင်းမှားနေပြီမင်လေး... ငါတို့ဟာ ငယ်ရာက အတူကြီးလာတဲ့လူတွေပါ၊ ငါ့အဘိုးကလဲ မတရားလုပ်တတ်တဲ့လူတစ်ယောက်မဟုတ်ပါဘူး၊ မင်းစဉ်းစဉ်းစားစားလုပ်ဖို့ကောင်းပါတယ်"

ထိုအချိန် ထိုလူကထပ်မံ၍မေးလိုက်၏။

"ငါမေးနေတာကိုပြောစမ်း... ဒီမိုးကြိုးဓားပညာကို ဘယ်သူကသင်ပေးတာလဲ"

ထန်ဟုန့်ရင်ထဲ တစ်ချက်လှုပ်ရှားသွား၏။

ထိုလူသည် မိုးကြိုးဓားပညာအကြောင်းကို အဘယ်ကြောင့် သိရှိနေပါသနည်း။



ထန်ဟုန်သည် လက်ထဲမှဓားကိုဝှေ့ယမ်းလိုက်ပြီး....

"ကျုပ် မိုးကြိုးဓားပညာတတ်တယ်ဆိုတာကိုသိလျက်နဲ့ ကျုပ်ကိုပြေးလို့မလွတ်ဘူးလို့ ခင်ဗျားပြောရဲတာအံ့ပါရဲ့ဗျာ"

ထိုလူက....

"မင်းမယုံရင်စမ်းကြည့်ပါလား"

ထန်ဟုန်ရင်ကော့လိုက်၏။

ဓားကိုစတင်ဝှေ့ယမ်းလိုက်၏။

"ဂျိမ်း...."

မိုးခြိမ်းသံများ ဟိန်းထွက်လာ၏။

သူသည် ထိုလူ့အားတိုက်ခိုက်ရန်မဟုတ်ဘဲ အိမ်ထဲမှထွက်ခွာနိုင်ရန်ဖြစ်၏။

ထိုအချိန်တွင်....

အရာဝတ္ထုတစ်ခုသည် သူ၏ဓားကိုင်သောလက်ကို အရှိန်ပြင်းစွာဖြင့်လာရောက်ထိမှန်လေသည်။

ထိုအရာဝတ္ထုသည် သူ၏ဓားကိုင်ထားသောလက်ကောက်ဝတ်ကိုတည့်တည့်မတ်မတ်ထိမှန်သွားခြင်းဖြစ်၏။

"ချွမ်း...."

လက်ထဲမှဓားသည် အောက်သို့လွတ်ကျသွား၏။

မိန်းကလေးကဓားကိုကောက်ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လွတ်ကျသွားသောဓားကို ထန်ဟုန်အနေဖြင့်မကောက်ယူလို၍မဟုတ်ပါ။

သူ၏ညာဘက်လက်တစ်ခုလုံး ထုံကျင်သွားသောကြောင့် မိန်းကလေးကောက်သွားသည်ကို သူကမတတ်နိုင်ဘဲ ငေးကြောင်၍ကြည့်နေရခြင်းဖြစ်ပေသည်။

မိန်းကလေးက ဓားကိုလက်ထဲ၌ဆကြည့်လိုက်၏။

"မဆိုးဘူး... ဒီဓားကျွန်မနဲ့လိုက်ဖက်သားပဲ"

ထန်ဟုန်သက်ပြင်းချ၏။

"ဒီဓားကို မင်းခဏခဏယူပြီးလေ့ကျင့်သေးတာပဲ၊ အခုမှ ဘာလို့ထူးထူးဆန်းဆန်းပြောနေတာလဲ"

သူ၏ရင်တွင်းမှဖြစ်ပေါ်လာသောစကားလုံးများ ဖြစ်သည်။

မိန်းကလေးက သူ့အားလုံးဝလှည့်မကြည့်ဘဲဓားကိုသာကြည့်နေလေ၏။

ထန်ဟုန်သည် လက်နှစ်ဖက်နောက်ပစ်ထားသည်။

"မင်လေး မင်းကမင်းအဖေအတွက် လက်စားချေချင်တယ်ဆိုရင် ငါ့ကိုသတ်လို့ရပါတယ်၊ ငါဘိုးဘိုးကိုယ်စားငါခံပါ့မယ်"

သူမက စကားတစ်ခွန်းမှမပြောဘဲ ဓားကိုကိုင်လျက် အခန်းတံခါးဖွင့်၍ထွက်သွား၏။ အပြင်ဘက်၌ ယခုအခါ လရောင်သည်ထိန်ထိန်လင်းနေလေ၏။



ထန်ဟုန်သည် တံခါးပွင့်သွားသည်ကိုမြင်တွေ့လိုက်ရသောအခါ ကမန်းကတမ်းပြေးထွက်လိုက်၏။

သို့သော်....

ထိုလူက သူ့ထက်လျင်မြန်စွာအပြင်သို့ရောက်ရှိလာပြီး သူ၏ခေါင်းပေါ်မှကျော်၍ သူ့ရှေ့တွင်ရှိသောသစ်ပင်တစ်ပင်၏သစ်ကိုင်းကိုဖမ်းဆွဲပြီး သူ၏သွားလမ်းကိုပိတ်ဆို့လိုက်လေသည်။

ထန်ဟုန်က ထိုလူ၏ထူးဆန်းသောကိုယ်ဖော့ပညာကိုမြင်တွေ့လိုက်ရသောအခါ ပြေးမလွတ်မှန်းနားလည်လိုက်သည်။

ထို့ကြောင့် ခြေလှမ်းရပ်တန့်လိုက်၏။

ထိုအချိန်တွင်.... ခပ်လှမ်းလှမ်းမှ မိုးခြိမ်းသံများထွက်ပေါ်လာသည်ကိုကြားရ၏။

တဖြည်းဖြည်းနှင့် မိုးသံလေးသံများပို၍ ဆူညံစွာထွက်ပေါ်လာလေ၏။

သူ့စိတ်ထဲ အံ့ဩသွားရပြန်၏။

မင်လေး၏ဓားပညာအဆင့်ကို သူကနားလည်ထားသည်။

သူမ၏ဓားပညာသည် မိမိကိုမမှီသေးပါ။

ယခုမှာမူ မိုးသံလေသံကြားလိုက်ရသောကြောင့် တိုတောင်းသောရက်များအတွင်း သူမ၏ဓားပညာမှာ မိမိထက်ပင် ကျော်လွန်ကောင်းမွန်နေသည်ကို ခန့်မှန်းမိပြီး....

www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်လောက်အောင်ဖြစ်သွားရလေသည်။

သူမသည် ဓားကိုလှေ့ကျင့်ရင်း တဖြည်းဖြည်းနီးကပ်လာ၏။ ထန်ဟုန်မှာ မျှော်လင့်ချက်တစ်ချက်ဖြစ်ပေါ်လာလေသည်။

သူ့လက်ထဲတွင်ဓားရှိလျှင် ထိုလူကိုရင်ဆိုင်နိုင်မည်ဟုယုံကြည်မိခြင်းဖြစ်လေသည်။

ထို့ကြောင့် မင်လေးလက်ထဲမှဓားကိုပြန်လည်လုယူရန် အခြေအနေကိုကြည့်လိုက်၏။

သူသည် ခါတိုင်းဓားလေ့ကျင့်ရာတွင်....

မင်လေး၏လက်ထဲမှဓားကိုလုယူသည့်အကြိမ်ပေါင်း များစွာရှိခဲ့ဖူးသည်။

သူသည် လျှပ်တစ်ပြက် မင်လေးအနီးသို့ချဉ်းကပ်လိုက်၏။

မင်လေး၏ဓားကွက်ကိုရှောင်တိမ်းရင်း...

သူမ၏ညာလက်ကောက်ဝတ်ကို လက်ချောင်းဖြင့်ထောက်လိုက်သည်။

သို့သော်.... ဤတစ်ကြိမ်တွင် အထင်နှင့်အမြင်မှာလုံးဝကွာခြားသွားလေသည်။

သူသည် မင်လေးလက်မှဓားကိုလုယူရန်မှာ မအောင်မြင်တော့ပါ။ သူမကအသာအယာရှောင်တိမ်းပြီး နောက်သို့ခြေတစ်လှမ်းဆုတ်ကာရပ်တန့်လိုက်သည်ကိုမြင်တွေ့ရသည်။



ထိန်ထိန်လင်းသောလရောင်အောက်တွင် သူသည် မင်လေးနှင့်မျက်နှာချင်းဆိုင်ဆုံမိသောအခါ ထိုမိန်းကလေးသည် မင်လေးနှင့်ရုပ်ချင်းဆင်နေရုံသာရှိသည်။

သူ သိ သော သူ ရင်း နှီး သော မင် လေး မဟုတ်မှန်းနားလည်သိရှိလိုက်သည်။

သူသည် အံ့သြလွန်း၍ မျက်လုံးများပင်ပြူးကျယ်သွားရလေသည်။ ထိုမိန်းကလေးသည် မင်လေးမဟုတ်ကြောင်း သိလိုက်ရ၍ အံ့သြနေခြင်းထက် ထိုမိန်းကလေးမှာ မိုးကြိုးဓားကိုမိမိထက်ပင် ပို၍ကျွမ်းကျင်စွာတတ်မြောက်ထားသည်ကိုတွေ့မြင်ရခြင်းကြောင့် အံ့သြနေရခြင်းဖြစ်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## ဓားဘီလူး

ထန်ဟုန်သည် ထိုမိန်းကလေးအား အံ့သြစွာကြည့်နေစဉ် ခြေနှစ်ဖက်ပြတ်နေသောလူသည် သစ်ကိုင်းပေါ်လင်းနို့တစ်ကောင်ပမာ တွဲလျောင်းချိတ်ထားပြီး မိန်းကလေးအားလှမ်းပြောလိုက်လေသည်။

"ဓားပြန်ပေးလိုက်"

မိန်းကလေးက လက်ထဲမှဓားကိုထန်ဟုန်ထံသို့ပစ်ပေးလိုက်သည်။ ထန်ဟုန်ကဖမ်းယူထားလိုက်သည်။

ထိုလူကအမိန့်ပေးလိုက်ပြန်သည်။

"သူ့ဓားပညာကိုစမ်းကြည့်စမ်း"

ပြောပြောဆိုဆိုပင် ထိုအတိုးအိုသည် သစ်ကိုင်းတစ်ကိုင်းချိုး၍မိန်းကလေးထံသို့ပစ်ပေးလိုက်သည်။

မိန်းကလေးကဓားကိုဆတ်ခနဲဖမ်းယူပြီး ထန်ဟုန်ကိုရင်ဆိုင်လိုက်လေသည်။

ထန်ဟုန်၏ရင်ထဲတွင် မေးခွန်းတစ်ခုဖြစ်ပေါ်လာသည်။



"ဒီလူ မိုးကြိုးဓားပညာကိုသိတယ်၊ သူ့တပည့် မိန်းကလေးကမိုးကြိုးဓားပညာကို အတော်လေး ကျွမ်းကျင်နေတာတွေ့ရတယ်၊ ဒါဖြင့် ဒီလူဟာဓားဘီလူးများဖြစ်နေမလား"

သူစဉ်းစားနေစဉ်မှာပင် မိန်းကလေးသည် ရှေ့သို့ခြေတစ်လှမ်းတိုးပြီး လက်ထဲမှသစ်ကိုင်းကို ဓားတစ်လက်ပမာ တစ်ချက်ဝှေ့ယမ်းလိုက်၏။ သူမ၏ကိုယ်နေဟန်ထားနှင့်ခြေလှမ်းကိုမြင်တွေ့လိုက်ရသည်နှင့် ထန်ဟုန်သည် မိုးကြိုးဓားသိုင်းကွက်၏ပထမဦးဆုံးစတင်သည့်ခြေကွက်ဖြစ်သည်ကိုသိရှိလိုက်သည်။

မိန်းကလေးက လှုပ်ရှားလိုက်သည်။

ယင်းသို့လှုပ်ရှားလိုက်သည်နှင့် သူမလက်ထဲမှသစ်ကိုင်းသည် ဓားစက်ဝိုင်းပမာ တရစပ်လည်ပတ်ပြီး....

"ဝုန်း...."

"ဂျိမ်း...."

မိုးခြိမ်းသံများ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

ထန်ဟုန် ရင်ထိတ်သွား၏။

ထိုမိန်းကလေး၏မိုးကြိုးဓားပညာသည် မိမိထက်များစွာသာလွန်နေကြောင်း ကောင်းစွာနားလည်သိရှိလိုက်၏။

ထို့ကြောင့် သူသည် ခံစစ်အနေအထားဖြင့် မိန်းကလေးတိုက်ခိုက်လာသည်ကိုခုခံသည်။

www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်တိုက်ခိုက်ခြင်းမပြုပါ။

မိန်းကလေးသည် ထန်ဟုန်ကပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ ခံစစ်ဖြင့်သာခုခံနေသည်ကိုတွေ့ရသောအခါမဲ့ပြုံးပြုံးလေ၏။

သူမလက်ထဲမှသစ်ကိုင်းသည် ရုတ်တရက်လှုပ်ရှားမှုပြောင်းလဲသွား၏။

သိုင်းကွက်ပြောင်းသွားခြင်းပင်ဖြစ်သည်။

သူမ၏တိုက်ခိုက်မှုသည် စောစောကနှင့်မတူတော့ချေ။

ပို၍ပြင်းထန်လာသည်။

သူမ၏လက်ထဲမှသစ်ကိုင်းကလည်း....

ဓားတစ်လက်ပမာ ထန်ဟုန် ရွေ့လျားပြောင်းလဲနေသည့်ခြေလှမ်းကိုးနေရာစလုံးကိုလွှမ်းမိုးထားလေသည်။

သစ်ကိုင်းသည် ထန်ဟုန့်ထံသို့ ဓားတစ်လက်ပမာတိုးဝင်လာရာ ထန်ဟုန်သည်ကမန်းကတမ်းရှောင်တိမ်းလိုက်ရ၏။ သို့သော် သူ၏ရှောင်တိမ်းမှုသည် မျက်တောင်တစ်ခတ်စာမျှအနည်းငယ်နောက်ကျသွား၏။

ထို့ကြောင့် မိန်းကလေး၏သစ်ကိုင်းက ထန်ဟုန်၏ဓားကို အသာအယာပင့်တင် ကလော်ထုတ်နိုင်လိုက်သည်။ ထန်ဟုန်၏ညာလက်တစ်ဖက်လုံးထုံကျင်သွားပြီး လက်ထဲမှဓားလည်းခြွမ်းခနဲလွှတ်ကျသွားလေတော့၏။



မိန်းကလေးက သစ်ကိုင်းဖြင့်ထန်ဟုန်၏ဓားကိုအပေါ်သို့ အသာအယာပင့်လိုက်ရာ ထန်ဟုန်၏ဓားသည် မိန်းကလေးထံသို့ လွင့်ပျံလာလေသည်။ မိန်းကလေးက ဘယ်ဘက်လက်တစ်ဖက်ဖြင့် ဓားကိုဖမ်းယူပြီး ညာဘက်လက်မှသစ်ကိုင်းဖြင့် ထန်ဟုန်၏ချိဟိုက်သွေးကြောနေရာသို့ထောက်လိုက်သည်။

အကယ်၍သာ ထိုသစ်ကိုင်းကို ရှေ့သို့တစ်လက်မခန့် ဆက်လက်ထိုးသွင်းလိုက်လျှင်....

ထန်ဟုန့်အနေဖြင့် မည်သည့်နည်းနှင့်မျှ အသက်ရှင်နိုင်တော့မည်မဟုတ်ပါ။

၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် သစ်ပင်ပေါ်တွဲလျောင်းကျနေသော သူမ၏ဆရာဘက်သို့လှည့်၍မော့ကြည့်လိုက်သည်။

နှုတ်မှလည်း....

"ဆရာ တော်လောက်ပြီလား"

ဟုလှမ်းမေးလိုက်၏။

ထန်ဟုန်သည် မိန်းကလေး၏သစ်ကိုင်းက မိမိ၏ချိုဟိုက်သွေးကြောနေရာသို့ထောက်ထားသည်ကိုတွေ့ရသောအခါ ရှောင်တိမ်းရန် လုံးဝစိတ်မကူးတော့ပါ။

အကြောင်းမှာ သူ့အနေဖြင့် ရှောင်တိမ်း၍ရမည်မဟုတ်မှန်း ကောင်းစွာသိလိုက်သောကြောင့်ဖြစ်သည်။

အထူးသဖြင့်....

မိန်းကလေးကနဝမခြောက်စေးကွက်ကို အသုံးပြုလိုက်သောအခါ ထိုမိန်းကလေးသည် မိမိ၏အဘိုးဖြစ်သည့်တာရာအဘိုးအိုထက်ပင် သာလွန်နေသည်ကိုတွေ့ရှိလိုက်ရသည်။



ထို့ကြောင့် သူသည် မိန်းကလေးအပေါ်အလိုလိုလေးစားလာမိလေသည်။ သူမ၏ဆရာခြေနှစ်ဖက်ပြတ်သောလူသည် ဓားဘီလူးပင်ဖြစ်ရမည်ဟုလည်း ကောင်းစွာယုံကြည်မိလေသည်။

မှန်ပါသည်။

ထိုခြေနှစ်ဖက်ပြတ်နေသောလူမှာ ဓားဘီလူးပင်ဖြစ်ပါသည်။

ဤသို့ဆိုလျှင်.... ဓားဘီလူးသည် မိမိ၏ဆရာတစ်ပါးဖြစ်နေသည်မဟုတ်ပါလော။

ထို့ကြောင့် သူသည် ဓားဘီလူးအားရိုသေလေးစားသောစိတ်များဖြစ်ပေါ်လာ၏။ ဓားဘီလူး၏ခြေထောက်နှစ်ဖက်သည် အဘယ်ကြောင့်တိတိရိရိပြတ်နေရပါသနည်း။

မြွေဘုရင်၏လက်ချက်ကြောင့်ဖြစ်ပါသည်။

မြွေဘုရင်၏သိုင်းပညာသည် ဓားဘီလူးထက် သာလွန်နေ၍လော။ မဟုတ်ပါ။

မြွေဘုရင်က ဥာဏ်နီဥာဏ်နက်အသုံးပြုပြီးဆင်ထားသောထောင်ချောက်ထဲ ဓားဘီလူးတိုးဝင်မိသွားသဖြင့် ယခုကဲ့သို့ဒုက္ခိတဘဝသို့ရောက်ရှိခဲ့ရခြင်းဖြစ်ပေသည်။

မြွေဘုရင်သည် ဓားဘီလူးအားအသေသတ်ရန်ကြံစည်ခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။

ထို့ကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ်နေ့တွင် ဓားဘီလူးကသူ့အားလာရောက်လက်စားချေမည်ကိုကြောက်ရွံ့ကာ တစ်နေရာထဲတွင်ကြာကြာမနေဝံ့ဘဲ ထွက်ပြေးတိမ်းရှောင်နေရခြင်းဖြစ်၏။

ထန်ဟုန် ယင်းသို့စဉ်းစားနေစဉ် ဓားဘီလူး၏အသံကိုကြားလိုက်ရလေသည်။

"ဓားကိုပြန်ပေးလိုက်... အစကနေပြန်စမယ်"

မိန်းကလေးသည် ထန်ဟုန်ခေါင်းငိုက်စိုက်ချထားသည်ကို တွေ့ရသဖြင့်....

"ဘာလဲ... စိတ်ဓာတ်ကျနေပြီလား"

ပြောရင်း သူမကလက်ထဲမှဓားကိုပြန်ပစ်ပေးလိုက်၏။

"ရော့... ရှင့်ဓားကိုပြန်ယူ"

ထိုဓားသည် ထန်ဟုန်၏ရှေ့သို့တည့်တည့်မတ်မတ်လွင့်ပျံလာလေ၏။ ထန်ဟုန်ကဖမ်းယူထားလိုက်ရသည်။

မိန်းကလေးက သစ်ကိုင်းကိုပြန်လည်ဝှေ့ယမ်းလိုက်ပြီး...

"ကဲ.... သတိထား၊ လာပြီ"

သူမက သတိပေးရင်း သစ်ကိုင်းကိုစတင်လှုပ်ရှားလိုက်လေသည်။ ထန်ဟုန်ကခုခံတိုက်ခိုက်၏။ သို့သော် သူ့အနေဖြင့် တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းမရှိပါ။

ထိခိုက်ဒဏ်ရာမရအောင်သာ ခုခံနေရလေသည်။



မိန်းကလေး၏အသံ ထွက်ပေါ်လာ၏။

"မဆိုးဘူးဟေ့"

သူမက ဒုတိယသိုင်းကွက်ကိုအသုံးပြုလိုက်ပြန်သည်။

ထန်ဟုန်သည် စိတ်ကိုတင်းပြီး ဘိုးဘိုးသင်ကြားပေးခဲ့သော မိုးကြိုးဓားပညာကိုတစ်ကွက်ပြီးတစ်ကွက် အသုံးပြုလိုက်သည်။

ယင်းသို့ယှဉ်ပြိုင်ရာတွင် ထန်ဟုန်သည် တစ်စုံတစ်ခုကို တွေ့မြင်သတိပြုမိလိုက်သည်။

အကြောင်းမှာ... အလားတူသိုင်းကွက်တစ်ကွက်ကို မိမိအသုံးပြုသည်ထက်မိန်းကလေးအသုံးပြုသည်က ပို၍အားမာန်ကောင်းပြီးထက်မြက်နေခြင်းကြောင့်ဖြစ်သည်။

သို့ဖြင့် သိုင်းကွက်တစ်ကွက်ပြီးတစ်ကွက်ယှဉ်ပြိုင်ခဲ့ရာ န၀မမြောက်သိုင်းကွက်ရောက်ရှိလာသောအခါ မိန်းကလေးသည် တစ်ကိုယ်လုံးတည့်မတ်စွာရပ်ပြီး ဓားကိုကန့်လန့်ဖြတ်အနေအထားဖြင့် နဖူးပေါ်သို့မြှောက်လိုက်သည်။

သူ၏မျက်လုံးအစုံသည် ဓားဖျားကိုစိုက်ကြည့်နေသည်။

ဤသိုင်းကွက်မှာ မိုးကြိုးဓားပညာ၏နောက်ဆုံးသိုင်းကွက်ဖြစ်၏။ သိုင်းကွက်အမည်မှာ 'နေခွင်းမြားကိုးစင်း'ဖြစ်၏။ မိုးကြိုးဓား၏အထက်မြက်ဆုံးနှင့် ကြောက်မက်ဖွယ်ရာအကောင်းဆုံးသော တိုက်ကွက်တစ်ကွက်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်ဆုံးသိုင်းကွက်ကို တာရာအဘိုးအိုက သုံးနှစ်တိုင်တိုင်ကြိုးစားလေ့လာခဲ့သော်လည်း အထွဋ်အထိပ်သို့မရောက်နိုင်ခဲ့ပါ။ သိုင်းကွက်၏ထူးဆန်းအံ့ဩဖွယ်ရာစွမ်းရည်ကိုလည်း သဘောမပေါက်နိုင်ခဲ့ပါ။

ယခု မိန်းကလေးမှာမူ ယင်းသိုင်းကွက်ကိုကောင်းစွာအသုံးပြုနိုင်ကြောင်းတွေ့ရသဖြင့် သူသည် မလေးစားဘဲမနေနိုင်တော့ပါ။

ထို့ကြောင့်... ထန်ဟုန်သည် မခုခံတော့ဘဲ နောက်သို့ကမန်းကတမ်းဆုတ်သွား၏။

ထိုအချိန်တွင်.... ဓားဘီလူးသည် သစ်ပင်ပေါ်မှ အောက်သို့ဆင်းသက်လာပြီး သူ့အားမေးလိုက်၏။

"နောက်ဆုံးသိုင်းကွက်ကို ဘာကြောင့်ပြည့်စုံအောင်မသင်ခဲ့တာလဲ"

ဟုမေးလိုက်၏။

ထန်ဟုန်က ကမန်းကတမ်းဒူးထောက်၍ဂါရဝပြုလိုက်သည်။

"ကျွန်တော်ထန်ဟုန်က ဆရာ့ကို ရိုသေလေးစားစွာဂါရဝပြုကန်တော့ပါတယ်"

ပြောရင်း ဟာရိုတာသေကန်တော့လိုက်ရာ ဓားဘီလူးမှာမျက်မှောင်ကုပ်သွားသည်။

သူသည် ထန်ဟုန့်အားစိုက်ကြည့်ကာ....



"ငါဘယ်သူလဲဆိုတာ မင်းသိလို့လား"

ဟုမေးလိုက်၏။

ထန်ဟုန်က....

"ဟုတ်ကဲ့... သိပါတယ်ခင်ဗျာ"

"ဒါဖြင့် ပြောစမ်း"

ထန်ဟုန်က....

"သိုင်းလောကမှာပြိုင်စံမရှိတဲ့ဓားပါရဂူဖြစ်ပါတယ်၊ သိုင်းလောကတစ်ခုလုံးကတော့ ဓား... ဓား..."

သူသည် ဓားဘီလူးဟုပြောရန်မှာ မရှိသေရာရောက်မည်စိုးသဖြင့် စကားကိုတစ်ပိုင်းတစ်စနှင့်ရပ်လိုက်ရလေသည်။

ထိုလူက....

"ပြောလေ... ဘာဖြစ်လို့ရပ်သွားရတာလဲ"

ထန်ဟုန်က....

"ပြောရမှာ မရိုသေရာရောက်မှာစိုးလို့ပါ"

"ပြောသာပြောပါ... ငါ အပြစ်မယူပါဘူး"

ထိုအခါမှ ထန်ဟုန်က...

"ဟုတ်ကဲ့... ပြောပါ့မယ်ခင်ဗျာ"

သူသည် ယင်းသို့ပြောပြီး တုံ့ဆိုင်းဆိုင်းလုပ်ပြီးမှ မရဲတရဲလေသံဖြင့်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဓား... ဓားဘီလူးလို့ခေါ်ပါတယ်ခင်ဗျာ"

ယင်းစကားကိုကြားရသောအခါ ထိုလူသည် အားရပါးရ ရယ်မောလေတော့၏။

"ဟား... ဟား... ဟား"

သူ၏ရယ်မောသံသည် ဝန်းကျင်တစ်ခုလုံးသို့ ပွဲတင်ထပ်ရိုက်ခတ်သွားလေသည်။

ထိုလူက ခေါင်းကိုမော့၍အော်လိုက်၏။

"ငါကဓားဘီလူးဆိုပါလား၊ ဟုတ်တယ်... ငါက ဓားဘီလူးပဲ"

သူကအော်ပြောရင်း ရယ်မောလိုက်ပြန်၏။

"ဟား... ဟား... ဟား"

မိန်းကလေးကမျက်မှောင်ကုပ်ကာ....

"ဘယ်လို... ဆရာ့ကို ဓား... ဓားဘီလူးလို့ ခေါ်ကြတယ်ဟုတ်လား"

ဓားဘီလူးဆိုသူက....

"ဟုတ်တယ်... သူပြောတာကို မင်းမကြားဘူးလား"

ထိုစဉ် မိန်းကလေးသည် ရုတ်တရက် အော်ဟစ်ငေါက်ငမ်းလိုက်သည်။

"ဘယ်သူလဲဟေ့"



သူမသည် ဤသို့တစ်ချက်အော်ငေါက်လိုက်ရုံသာမက တစ်ဆက်တည်းမှာပင် ခန္ဓာကိုယ်ကိုပါ တစ်ချက်လှုပ်ရှားလိုက်၏။

ထိန်လင်းနေသောလရောင်အောက်တွင် မိန်းကလေးမှာ လေဟုန်စီး၍မျောပါသွားသည့်အလား ချောင်းတစ်ဖက်သို့ လွင့်မျောသွားလေသည်။

ဓားဘီလူးသည် ချောင်းတစ်ဖက်သို့ရောက်ရှိသွားသော မိန်းကလေး၏လှုပ်ရှားမှုကို လှမ်းကြည့်နေ၏။ တစ်ခဏအကြာတွင် မိန်းကလေးသည် ပြန်လည်ရောက်ရှိလာသည်။

ဓားဘီလူးက လှမ်းမေးလိုက်၏။

"ဘာကိုတွေ့ခဲ့သလဲ"

သူမက ခေါင်းခါယမ်းလိုက်၏။

"ဘာမှမတွေ့ဘူး... ကျွန်မမျက်စိမှားတာဖြစ်မယ်"

သူမအသံသည် ဓားဘီလူး၏အသံကဲ့သို့ပင် အေးစိမ့်ပြီး တိုတောင်းမာကျောလှ၏။ ဓားဘီလူးက....

"နင့်မျက်လုံးမှားတာမဟုတ်ဘူး... အဲဒီလူ အဝေးကိုရောက်သွားလို့ပါ"

သူက စကားဆက်လိုက်၏။

"ကိစ္စမရှိပါဘူး... ဒီလူဟာ ငါတို့ရန်သူမဟုတ်ဘူး"

တန်ဟုန်မျက်မှောင်ကုပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဓားဘီလူးရှိသောနေရာကို ယခုကဲ့သို့လာရောက်လှုပ်ရှားဝံ့သည်မှာ ကျားတစ်ကောင် ၏နှုတ်ခမ်းမွေးကိုဆွဲနှုတ်သည်နှင့်တူလှပေ၏။ အလွန့်အလွန်အန္တရာယ်များသော လုပ်ရပ်တစ်ခုပင်ဖြစ်နေသည်မဟုတ်ပါလော။

သူသည် ယင်းသို့စဉ်းစားနေစဉ် ဓားဘီလူး၏အေးစိမ့်သောအသံထွက်ပေါ်လာပြန်လေ၏။

"ကဲ... ပြောစမ်း၊ မင်းကို ဘယ်သူက မိုးကြိုးဓားပညာသင်ပေးတာလဲ"

ထန်ဟုန်သည် မိမိသင်ကြားတတ်မြောက်ထားသောမိုးကြိုးဓားပညာမှာ ဓားဘီလူး၏မူပိုင်ဓားပညာရပ် တစ်ရပ်ဖြစ်ကြောင်းသိထားသည်။ ထို့ကြောင့် ဓားဘီလူးသည် မိမိ၏ဆရာဖြစ်သည်ဟုမှတ်ယူထားလေ၏။

သို့ဖြစ်ရာ... သူသည် မိမိအဘိုးဖြစ်သူ တာရာအဘိုးအိုကလေးရှုးလိုဏ်ဂူတစ်ခုတွင် မမျှော်လင့်ဘဲသေဆုံးနေသော အမျိုးသမီးတစ်ယောက်နှင့် အသက်ရှင်သောကလေးငယ်တစ်ယောက်အားတွေ့ ခဲ့ရသည့်အကြောင်း....

သေဆုံးနေသောအမျိုးသမီး၏သေတမ်းစာပါအတိုင်း ဓားပညာကျမ်းကိုလက်ခံရယူပြီး အမျိုးသမီးအားသင်္ဂြိုဟ်၍ကလေးငယ်ကိုပြုစုစောင့်ရှောက်ကာ....



မိုးကြိုးဓားပညာကိုသင်ပေးခဲ့သည့်အကြောင်းများကို ပြန်လည်ပြောပြလိုက်၏။ သူ့စကားအဆုံးတွင် ဓားဘီလူးကမိန်းကလေးအားလှည့်ကြည့်လိုက်၏။ ပြီးနောက်....

"မင်း အပြင်ကိုခဏထွက်သွားစမ်း"

ရပ်၍နားထောင်နေသောမိန်းကလေးလည်း ချက်ချင်းဆိုသလိုပင် ချာခနဲလှည့်ကာအခန်းထဲမှထွက်ခွာသွား၏။ ထန်ဟုန်သည် ဓားဘီလူးက ထိုအကြောင်းများကိုမိန်းကလေးအားမသိစေလို၍ယခုကဲ့သို့ထွက်သွားခိုင်းဖြစ်ကြောင်းနားလည်လိုက်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်သည် ထိုမိန်းကလေးအကြောင်းကိုစဉ်းစားနေစဉ် ဓားဘီလူး၏အေးစိမ့်သောအသံကို ထပ်မံကြားလိုက်ရလေသည်။

"ကဲ... ဆက်ပြောစမ်း"

ထန်ဟုန် ဆက်ပြောလိုက်ရပြန်လေသည်။

တာရာအဘိုးအိုသည် အမျိုးသမီး၏သေတမ်းစာပါအတိုင်း ထိုကလေးငယ် ကြီးပြင်းလာသောအခါ မိုးကြိုးဓားကိုသင်ကြားပေးခဲ့သည့်အကြောင်းများကို စိတ်ရှည်လက်ရှည်ပြောပြလိုက်လေသည်။

ထိုကလေးငယ်မှာမိန်းကလေးဖြစ်ပြီး ဓားဘီလူး၏တပည့်မနှင့်ရုပ်ရည်ချင်းလွန်စွာတူလှကြောင်း ပြောပြလေသည်။

ဓားဘီလူးက သူ့အားစိုက်ကြည့်လိုက်ပြီး....

"ထားလိုက်ပါတော့... မင်းကိုကော မိုးကြိုးဓားပညာ ဘယ်သူကသင်ပေးလိုက်တာလဲ"

ထန်ဟုန်ကမဆိုင်းမတွပင်....

"တာရာအဘိုးအိုပါပဲ"



ဓားဘီလူးက....

"တာရာအဘိုးအိုက ဘာကြောင့် မင်းကို မိုးကြိုးဓားပညာ သင်ပေးရတာလဲ"

ထန်ဟုန်က....

"အကြောင်းက ဒီလိုပါခင်ဗျာ... ကျွန်တော်တို့သားအမိကို မြွေဘုရင်က လိုက်လံဒုက္ခပေးနေလို့ ထွက်ပြေးခဲ့ရပါတယ်၊ ပြေးရင်း လွှားရင်း ကျွန်တော် ချောက်ကမ်းပါးထဲပြုတ်ကျသွားခဲ့ပါတယ်၊ မေမေ့ကိုတော့ မြွေဘုရင်ကဖမ်းမိပြီးခေါ်သွားပါတယ်"

ဓားဘီလူးက စိတ်မရှည်ဟန်ဖြင့်အော်ငေါက်လိုက်၏။

"ဟိတ်.... လိုရင်းကိုပြောစမ်း"

ထန်ဟုန်က....

"တာရာအဘိုးအိုဆိုတာ ကျွန်တော့်ရဲ့အဘိုးပါ၊ ကျွန်တော့် အဖေနဲ့အမေအတွက် လက်စားချေနိုင်ဖို့ မိန်းကလေးကိုဓားပညာ သင်ပေးရင်း ကျွန်တော့်ကိုပါ တစ်လက်စတည်းသင်ပေးတာပါ"

သူက စကားဆက်လိုက်သည်။

"အခုလဲ ကျွန်တော် မြွေဘုရင်ကိုရင်ဆိုင်ဖို့လိုက်ရှာရင်း ဒီကိုရောက်လာတာပါ၊ ဒါကြောင့် မြွေဘုရင်နဲ့ရင်ဆိုင်ရတဲ့အခါ သူ့ကို အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့ ကျွန်တော့်မှာလိုအပ်နေတဲ့အချက်အလက်များရှိရင် ထောက်ပြပါလို့ တောင်းပန်ပါတယ်ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားရသောအခါ ဓားဘီလူးသည် အားရပါးရရယ်မောလိုက်လေ၏။

အတန်ကြာမှ ရယ်မောရာမှရပ်တန့်ကာ….

"ဩော်… မင်းရဲ့မိုးကြိုးဓားပညာဟာ ဆွေ့မင်ဆီကရလာတာကိုး"

သူကမဲ့ပြုံးပြုံးလိုက်၏။

"အဲဒီအချိန်တုန်းက ငါဟာ မြွေဘုရင်ရဲ့လုပ်ကြံမှုခံလိုက်ရတဲ့အတွက် ဒူးနှစ်ဖက်ပြတ်သွားတယ်၊ ဒါကြောင့် ဓားပညာသိုင်းကျမ်းနဲ့ဆွေ့မင်ရဲ့ကလေးကို လဲလိုက်တာကိုး"

သူက စကားဆက်လိုက်၏။

"ဒါပေမဲ့ ငါကြိုတင်ပြောထားတဲ့စကားတစ်ခွန်းရှိပါတယ်၊ အဲဒီမိန်းကလေးကြီးပြင်းလာလို့ ဓားပညာတတ်မြောက်ပြီးတဲ့နောက်မှာအရမ်းမသုံးရဘူး၊ မြွေဘုရင်ကို ငါလက်စားချေပြီးတဲ့နောက်မှာမှအသုံးပြုနိုင်တယ်လို့ပြောခဲ့တယ်၊ နောက်ပြီး ဒီမိန်းကလေးကလွဲလို့ဘယ်သူ့ကိုမှသင်မပေးရဘူးလို့လဲကန့်သတ်ခဲ့တယ်၊ အဲဒီအချက်ကိုကော ဆွေ့မင်ကပြောပြသေးသလား၊ ဒါမှမဟုတ် သေတမ်းစာထဲမှာရေးသားထားခဲ့သလား"

ထန်ဟုန်ခေါင်းခါလိုက်သည်။

"ကျွန်တော် မသိပါဘူးခင်ဗျာ"



ဓားဘီလူးက….

"မင်းအဘိုးက မိန်းကလေးကို ငါ့ရဲ့ဓားပညာသင်ပေးတာ ငါခွင့်လွှတ်နိုင်ပေမဲ့… ခွင့်မပေးဘဲ မင်းကိုသင်ပေးတာကိုတော့ ငါကလုံးဝသည်းမခံနိုင်ဘူး"

ဓားဘီလူးသည် ယင်းသို့ပြောရင်း မျက်နှာတစ်ခုလုံးတင်းမာခက်ထန်သွား၏။ ထန်ဟုန်ထိတ်လန့်တုန်လှုပ်သွားမိသည်။

ဓားဘီလူးက မိမိအားတိုက်ခိုက်ကောင်း တိုက်ခိုက်လာလိမ့်မည်ဟုလည်းယုံကြည်လာ၏။

သူသည် ရင်ကိုကော့ပြီးတုံ့ပြန်ပြောဆိုလိုက်၏။

"ကျွန်တော့်ရဲ့အဘိုးမမှားဘူးလို့ထင်ပါတယ်… ဒါကြောင့် ဒီကိစ္စကို နည်းနည်းလေးစဉ်းစားပေးပါလို့တောင်းပန်ပါတယ်"

ဓားဘီလူးကခေါင်းကိုခါယမ်းလိုက်သည်။

"မရဘူး… ငါ့ရဲ့အမိန့်မရဘဲ ငါ့ရဲ့ဓားပညာကိုသင်ကြားထားတဲ့လူဟာသေဒဏ်ခံစားရလိမ့်မယ်"

သူကပြောရင်း ထန်ဟုန်အားဖမ်းဆီးရန် လက်တစ်ဖက်ဆန့်ထုတ်လိုက်၏။ ထန်ဟုန် အဖမ်းမခံနိုင်ပါ။ ထို့ကြောင့် ဖမ်းဆီးရန်လှမ်းလာသည့်လက်ကိုဓားနှင့်တိုက်ခိုက်လိုက်သည်။

"ဟား… ဟား… ဟား"

ဓားဘီလူးကရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ပိုးစုန်းကြူးလေးရဲ့အလင်းရောင်က လမင်းကြီးရဲ့အလင်းရောင်နဲ့ယှဉ်ပြိုင်နိုင်လို့လား"

သူကပြောရင်း ထန်ဟုန့်ရှေ့သို့တိုးသွား၏။ ထန်ဟုန်က ဓားဖြင့်တိုက်ရင်းနောက်သို့ဆုတ်သွား၏။ ဓားဘီလူးက လက်ဝှေ့ယမ်းလိုက်သည်။ အရာဝတ္ထုတစ်ခုသည် သူ၏ဓားကိုင်ထားသော လက်ကောက်ဝတ်ကိုလာရောက်ထိမှန်သည်။

"ဒုတ်...."

ထန်ဟုန်၏ညာဘက်လက်တစ်ဖက် ထုံကျင်သွား၏။

"ခြွမ်း...."

လက်ထဲမှဓားလည်းလွတ်ကျသွားသည်။

ဓားဘီလူးကသူ့အားကြည့်ကာ...

"မင်း ငါ့လက်ကလွတ်အောင်ပြေးနိုင်မယ်လို့ ထင်သလား"

သူ၏ပုံဟန်မှာကြောင်တစ်ကောင်က ကြွက်တစ်ကောင်ကိုဆော့ကစားသောမျက်နှာထားမျိုးဖြစ်၏။

ထန်ဟုန်သည် ရုတ်တရက် ခြေဖျားဖြင့် မြေပေါ်ကျနေသောဓားကိုခတ်လိုက်ရာ ထိုဓားသည် အရှိန်ပြင်းစွာဖြင့် ဓားဘီလူးထံသို့ပစ်လွှင့်သွားသည်။

ဓားဘီလူးက နောက်သို့ခြေတစ်လှမ်းဆုတ်ပြီး ဓားကိုရိုက်ချလိုက်သည်။



ထန်ဟုန်သည် ဓားကိုခြေဖျားနှင့်ခတ်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ချောင်းဘက်ရှိရာသို့ အားကုန်ပြေးလွှားသွားသည်။

သူ့နောက်ဘက်မှ ဓားဘီလူး၏အသံထွက်ပေါ်လာ၏။

"မင်း ပြေးလို့လွတ်မှာတဲ့လား"

ထန်ဟုန်သည် ချောင်းစပ်သို့ရောက်ရှိနေပြီဖြစ်ရာ သူသည် ချောင်းတစ်ဘက်သို့ကိုယ်ဖော့ပညာကိုအသုံးပြုပြီး ခုန်ပျံကျော်လွှားလိုက်သည်။ ထိုအချိန်တွင် ဓားဘီလူးသည် သူ၏ခေါင်းပေါ်မှကျော်လွှားသွားသည်ကိုမြင်တွေ့လိုက်ရသည်။

ဓားဘီလူး၏သဘောမှာ ချောင်းတစ်ဘက်သို့ကြိုတင်ရောက်နှင့်ပြီး အရှိန်နှင့်ရောက်ရှိလာမည့်ထန်ဟုန်အား ဆီးကြိုဖမ်းဆီးရန်ဖြစ်သည်။ သို့သော်... ထန်ဟုန်ကချောင်းလယ်သို့ ရောက်ရှိချိန်တွင် ရုတ်တရက်အရှိန်သပ်လိုက်၏။ ထိုအခါ သူ၏ခန္ဓာကိုယ်သည် ချောင်းထဲသို့ကျသွားလေတော့သည်။

"ပလုံ...."

ချောင်းကလေးသည် ကျယ်ဝန်းလှသည်မဟုတ်သော်လည်း ရေအတော်နက်သည်။ ရေစီးလည်းသန်သည်။

ထန်ဟုန်သည် ရေထဲသို့ကျသည်နှင့် အသက်ရှူအောင့်ထားလိုက်၏။ ခေါင်းမဖော်ဘဲ ရေအောက်မှပင် ချောင်းရေစီးအတိုင်းအလိုက်သင့်မျောလိုက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ဝေးဝေးသို့ရောက်သွားသည့်အခါမှ ရေပြင်ပေါ် ခေါင်းဖော်ပြီး အားရပါးရအသက်ရှူလိုက်လေသည်။

ထို့နောက် ရေထဲသို့ပြန်ငုပ်သွားသည်။

သူသည် ဤသို့ဖြင့် တတိယအကြိမ်ရေပြင်ပေါ်သို့ခေါင်းပြန်ဖော်ပြီးကြည့်လိုက်ရာ ဓားဘီလူးနှင့်အတော်ဝေးဝေးရောက်ရှိနေပြီကိုတွေ့ရသည်။ သို့သော် သူသည် စိတ်မချနိုင်သေးပါ။ ထို့ကြောင့် ရေထဲသို့တပ်မံ၍ငုပ်လိုက်ပြန်သည်။

တစ်အောင့်ကြာမျှော်ပြီးနောက် ရေပြင်ပေါ်သို့ခေါင်းမော့လိုက်သောအခါ...

"ဒုတ်...."

မာကျောသောအရာဝတ္ထုနှင့်သူ၏ဦးခေါင်း ဆောင့်မိသွားသဖြင့်အလွန်နာကျင်သွားသည်။ ထိုအရာဝတ္ထုကိုသတိပြုကြည့်လိုက်မိသည့်အခါ ကျောက်ဆောင်အစွန်းတစ်ခုနှင့် ဝင်တိုက်မိခြင်းဖြစ်ကြောင်းသိလိုက်ရ၏။

ပတ်ဝန်းကျင်သို့တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထိုအခါ သူသည် အလွန်အံ့သြသွားရတော့၏။

အကြောင်းမှာ.... သူသည် ရေစီးနှင့်အတူမျောပါပြီး အလွန်ကျဉ်းမြောင်းသော တောင်နံရံနှစ်ခုကြား ထဲသို့ရောက်ရှိနေသည်ကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်သည်။



တစ်ဘက်တစ်ချက်စီတွင်ရှိသော ကျောက်နံရံများမှာ မတ်စောက်ပြီးချောမွတ်နေ၏။ ချောင်းရေသည် ဤနေရာသို့ရောက်ရှိလာသောအခါ ရေစီးအနည်းငယ်နှေးကွေးသွား၏။

သူသည် ရေစီးအတိုင်းဆက်လက်လိုက်ပါ၍ မျောသွားရာ ထိုတောင်နံရံကြားမှလွန်သည့်အခါ အလွန်ကျယ်ဝန်းသောမြင်ကွင်းတစ်ခုကိုတွေ့ရတော့၏။

ချောင်း၏တစ်ဘက်တစ်ချက်တွင် စိမ်းလန်းစိုပြေသောမြက်ပင်များနှင့်သစ်ပင်ကြီးများ အစီအရီရှိနေသည်ကိုမြင်ရလေသည်။ သူသည် ချောင်းစပ်မှမြက်ပင်များကိုဖမ်းဆွဲထားလိုက်သည်။

ထို့နောက် ချောင်းနံဘေးသို့တက်လာပြီး ပက်လက်လှန်လဲချလိုက်၏။ သူ အလွန်ပင်ပန်းနွမ်းနယ်နေပြီဖြစ်သဖြင့် ပက်လက်လှန်လဲလျောင်းပြီးအမောဖြေလိုက်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ဝါးအိမ်ကလေး

ထန်ဟုန်သည် တစ်ခဏအကြာ လဲလျောင်းလိုက်ပြီးနောက် အမောပြေသွား၏။ ထိုအချိန်တွင် အေးစိမ့်သောအသံတစ်သံကိုကြား လိုက်ရပြန်သည်။

"ရှင် ခေါင်းနာသွားလား"

ဂရုတစိုက်မေးလိုက်သောစကားပင်ဖြစ်သော်လည်း အသံက အေးစိမ့်လှပေ၏။

သူ ရင်ထိတ်သွားသည်။

အသံကိုကြားလိုက်ရုံနှင့် ဓားဘီလူး၏တပည့်မဖြစ်သည်ကို ချက်ချင်းမှတ်မိလိုက်၏။

သူ ထထိုင်ပြီးမော့ကြည့်လိုက်ရာ....

အဖြူရောင်အင်္ကျီနှင့်မိန်းကလေးသည် သူ့အား အေးတိအေး စက်ဖြင့်ကြည့်နေသည်ကိုတွေ့မြင်လိုက်ရလေသည်။

သူ့ခန္ဓာကိုယ်တစ်ခုလုံး....



ရုတ်တရက် အားအင်ချို့နဲ့သွားသလိုခံစားလိုက်ရ၏။

"ငါ ပြေးလို့မလွတ်ပါလား"

ဟုတီးတိုးရေရွတ်လိုက်၏။

မိန်းကလေးက....

"ရှင် ခေါင်းနာသွားလားလို့မေးနေတယ်"

သူမအသံသည် အေးစိမ့်မြဲအေးစိမ့်နေ၏။

ထန်ဟုန်သည် ယခုမှ ဦးခေါင်းအနည်းငယ်နာကျင်နေမှန်း ခံစားလာရသည်။

သူသည် ကျောက်ဆောင်နှင့်ဆောင့်မိသောနေရာကို လက် ဖြင့်စမ်းကြည့်လိုက်၏။

သူ့တစ်ကိုယ်လုံး ရေများစိုရွှဲနေသဖြင့် ဦးခေါင်းမှာလည်း ရေစိုနေခြင်းဖြစ်သည်ဟုထင်မိလေ၏။

လက်ဝါးဖြန့်ကြည့်လိုက်သည့်အခါမှ သွေးများပေကျံနေခြင်း ဖြစ်ကြောင်းသိလိုက်ရလေသည်။

သူ၏ဦးခေါင်းမှာအနည်းငယ်ပေါက်သွား၏။

သူကပြုံး၍ခေါင်းခါယမ်းလိုက်ရင်း....

"မနာပါဘူး"

ဟုပြောလိုက်လေသည်။

မိန်းကလေးကစကားမပြောတော့ဘဲ

F. 12. A

www.burmeseclassic.com

www.burmeseclassic.com



သူ့အား စိုက်ကြည့်နေ၏။

ထန်ဟုန်ကသက်ပြင်းတစ်ချက်ချလိုက်သည်။

"ငါ မပြေးတော့ပါဘူး၊ မင်းငါ့ရဲ့အဘိုးကိုလက်စားချေချင်တယ်ဆိုရင် မင်း ကျွေးမွေးခဲ့တဲ့ငါ့အဘိုးရဲ့မျက်နှာကိုထောက်ထားပါ၊ ဒါမှမဟုတ်ရင်လဲ ငါ့အဘိုးကိုယ်စားငါ့ကိုသတ်လိုက်ပါ"

မိန်းကလေးသည် သူ၏စကားကိုလုံးဝမကြားသည့်အလား အနောက်ယွန်းယွန်းသို့ရောက်နေသောလဝန်းကြီးကိုသာ ငြိမ်သက်စွာမော့ကြည့်နေလေ၏။

ထန်ဟုန်သည် ထိုမိန်းကလေး၏ရုပ်သွင်မှာ မင်လေးနှင့် အတော်ဆင်တူနေသည်ကိုတွေ့ရှိလိုက်ရသည်။ ထို့ကြောင့် သူသည် သက်ပြင်းတစ်ချက်ချကာ....

"ခင်ဗျားဟာ ကျုပ်နဲ့အင်မတန်ရင်းနှီးတဲ့ မိန်းကလေးတစ်ယောက်နဲ့ အတော့်ကိုတူတယ်ဗျ၊ ခင်ဗျားတော်တော့်ကိုလှတယ်... ခင်ဗျားရဲ့အလှနဲ့ ကျုပ်သိတဲ့မင်လေးရဲ့အလှဟာ တခြားစီဖြစ်ပေမဲ့ ခင်ဗျားရဲ့အလှဟာ အလွန်ကျက်သရေရှိတဲ့အလှဆိုတာ ကျုပ်ရဲ့စိတ်ထဲမှာခံစားမိတယ်"

သူမက သူ့အားလှည့်ကြည့်လိုက်၏။

"ကျွန်မနဲ့တူတဲ့မိန်းကလေးရှိလို့လား"

ထန်ဟုန်ကခေါင်းညိတ်၏။



"ရှိတာပေါ့... ဒါကြောင့် ကျုပ်ခင်ဗျားကိုစမြင်တွေ့လိုက်ကတည်းက လူမှားပြီးခေါ်မိတာပေါ့"

မိန်းကလေးက....

"သူတော်တော်လှသလားဟင်"

သူမ၏အသံသည် အေးစိမ့်ခြင်းမရှိတော့ဘဲ ပျော့ပျောင်းလာသည်ဟု ရင်ထဲမှသိရှိလိုက်၏။

"သူတော်တော်လှသလားဟင်"

"ဟုတ်တယ်... ခင်ဗျားလိုပဲလှတယ်"

သူကစကားကိုဆက်လိုက်၏။

"ကျုပ်သဘောပေါက်ပြီဗျ"

မိန်းကလေးမျက်မှောင်ကုပ်သွားသည်။

"ဘာကိုသဘောပေါက်တာလဲ"

ထန်ဟုန်က....

"မင်းတို့နှစ်ယောက်ဟာ ညီအစ်မဖြစ်ရမယ်"

သူက သူမအားစိုက်ကြည့်လိုက်၏။

"ဒါကြောင့် ဓားဘီလူးကကျုပ်ကိုမေးတဲ့အခါမှာ ခင်ဗျားကို မကြားစေချင်လို့ အပြင်ကိုထွက်ခိုင်းလိုက်တာမဟုတ်လား"

မိန်းကလေးက....

"ဒါကိုကျွန်မနားလည်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်က....

"ခင်ဗျားမှတ်ထား ခင်ဗျားအဖေနာမည်ဟာကျင်းဟန်၊ အမေကဆွေ့မေ၊ ခင်ဗျားရဲ့ညီမတစ်ယောက်ရှိသေးတယ်၊ သူ့နာမည်ကဟန်မေ"

မိန်းကလေးက ကောင်းကင်ပေါ်မော့ကြည့်လိုက်ပြန်သည်။ နှုတ်မှလည်း အသံတိုးတိုးဖြင့်ရေရွတ်လိုက်ပြန်၏။

"ငါ့အဖေကကျင်းဟန် အမေကဆွေ့မေ၊ ညီမကဟန်မေ"

၀၀၀၀



ထိုမိန်းကလေးသည် သူမ၏ဘ၀အဖြစ်အပျက်မှန်ကို ယခုမှသိရှိရဟန်ဖြင့် ဖခင်၏အမည်၊ မိခင်၏အမည်နှင့် ညီအစ်မဖြစ်သူ၏အမည်တို့ကို တတွတ်တွတ်ရွတ်ဆိုနေလေသည်။

သူမသည် ချောင်းနံဘေးသို့လျှောက်သွား၏။ ထို့နောက် ချောင်းရေပြင်ကိုငုံ့ကြည့်သည်။

သူမသည် ပါးကိုလက်ဝါးဖြင့်ပွတ်ရင်း....

"ငါလှတယ်လို့ပြောနေပါလား"

သူမသည် ယခုမှသူမ၏အလှကိုသိရှိရသည့်အလား နုနယ်သောမျက်နှာတစ်ခုလုံးမှာပြုံးရွှင်သွားလေသည်။

"ငါ လှတယ်တဲ့"

သူမသည် စိတ်ထားရက်စက်ကြမ်းကြုတ်သောဓားဘီလူးနှင့်အတူနေထိုင်ကြီးပြင်းလာရသောကြောင့် သူမ၏မျက်နှာထား၊ သူမ၏အသံများသည် ဓားဘီလူးကဲ့သို့အေးစိမ့်သောဟန်အမူအရာများအဖြစ်သို့ ပြောင်းလဲနေခြင်းဖြစ်ပေသည်။

ယနေ့ညတွင်မူ... သူမသည် အခြားဘဝတစ်ခုသို့ကူးပြောင်းရောက်ရှိသွားသည့်အလား မိခင်နှင့်ဖခင်တို့၏အမည်တို့ကိုတတွတ်တွတ်ရေရွတ်နေမိတော့၏။ ထို့ပြင် မိမိတွင်ညီအစ်မတစ်ယောက်ရှိနေသေးသည်ကိုလည်းသိရှိရသည်။

ထန်ဟုန်က သူမအနီးသို့လျှောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကျင်းကူးလှျံ... ခင်ဗျားဆရာက ကျုပ်ကိုလိုက်သတ်ဖို့ တာဝန်ပေးလိုက်တယ်ဆိုရင် ကျုပ်ကိုသတ်ပါ"

သူသည်ယင်းသို့ပြောလိုက်သော်လည်း ရင်ထဲ၌မူမချိအောင် ခံစားလိုက်ရလေသည်။

မိန်းကလေးက သူ့အားလှည့်ကြည့်၏။

သူမ၏အကြည့်သည် ယခင်ကအကြည့်ကဲ့သို့ အေးတိအေးစက်မဟုတ်တော့ဘဲ ပျော့ပျောင်းလာသည်ကိုတွေ့ရသည်။

သို့တိုင်အောင် မျက်နှာထားမှာ အေးတိအေးစက်နိုင်ဆဲဖြစ်သည်ကိုတွေ့ရသည်။ ထန်ဟုန်သည် မိန်းကလေးက သူ့ဆရာအမိန့်အတိုင်း မိမိအားသတ်လိမ့်မည်ဟုယူဆထားသည်။

ထို့ကြောင့် သူကလက်နှစ်ဖက်နောက်ပစ်ကာ မိမိ အနေဖြင့် ခုခံရန်ဆန္ဒမရှိဟူသောအသွင်ဖြင့်ရပ်နေသည်။

မိန်းကလေးက သူ့အားခေါင်းညိတ်ပြရင်း....

"ကျွန်မနောက်ကိုလိုက်ခဲ့"

မိန်းကလေးသည် ယင်းသို့ပြောပြီးနောက်....

ခန္ဓာကိုယ်ကို နောက်သို့တဖြည်းဖြည်းလှည့်ပြီး ချောင်းနံဘေးအတိုင်းလျှောက်သွားလေသည်။

ထန်ဟုန်က သေမထူး နေမထူးဟူသောစိတ်ဓာတ်ဖြင့် သူမနောက်သို့လိုက်ပါသွားသည်။



လရောင်အောက်တွင် ပတ်ဝန်းကျင်တစ်ခုလုံး အိပ်မက်ဆန်ဆန်လှပနေသည်ကိုတွေ့မြင်ရလေသည်။

ဝဝဝဝ

မိန်းကလေးသည် ခြေလှမ်းမှန်မှန်ဖြင့် ချောင်းနံဘေးအတိုင်းလျှောက်သွားသည်။

ထန်ဟုန်က သူမနောက်သို့လိုက်သွား၏။ သူတို့သည် ရေနွေးတစ်အိုးကျက်ခန့်အချိန်လျှောက်မိသောအခါ ရှေ့၌ ဝါးအိမ်ကလေးသုံးအိမ်တန်းစီ၍တည်ဆောက်ထားသည်ကိုမြင်ရလေသည်။

ထန်ဟုန် ရင်ထဲတွင်လေးလံလာသည်။

ဤနေရာ၊ ဤအိမ်ကလေးများသည် ဓားဘီလူး၏သီးခြားကမ္ဘာလေးဖြစ်သည်ဟု ယခုမှသိရှိလိုက်ရသည်။

"အင်း... ဓားဘီလူးက ဘာကြောင့် ဟိုလိုအိမ်စုတ်လေးမှာနေရသလဲလို့စိတ်ထဲသံသယဖြစ်နေတာ [illegible] နေရာမှာ တကယ်နေထိုင်တဲ့အိမ်လေးတွေရှိနေတာကိုး"

ထိုဝါးအိမ်တန်းရှေ့သို့ရောက်ရန် ခြေလှမ်းတစ်ရာခန့်အကွာသို့အရောက်တွင် ထန်ဟုန်ကခြေလှမ်းရပ်တန့်လိုက်ပြီး....

"ခဏနေပါဦးကျင်းကူးလှျံ"

မိန်းကလေးကခြေလှမ်းရပ်တန့်ပြီး သူ့အားကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်က....

"ခုနတုန်းက ခင်ဗျားရဲ့မိဘ... ညီအစ်မတွေအကြောင်းကို ပြောပြပြီးပြီ၊ အခုတော့ ကျုပ်နဲ့ပတ်သက်တဲ့အကြောင်း တစ်ခုပြော ပြရဦးမယ်"

မိန်းကလေးကစကားမပြောဘဲ သူ့အား စိုက်ကြည့်ရင်း နား ထောင်နေသည်။ ထန်ဟုန်က....

"ခင်ဗျားအနေနဲ့ ခင်ဗျားမိဘနာမည်ကိုသိရှိလိုက်ရပေမဲ့ မိဘ နှစ်ပါးစလုံးမရှိတော့ပါဘူး၊ ကူးလျှံရဲ့အဖေကို ရန်သူကသတ်လိုက် တယ်၊ ကူးလျှံရဲ့အမေကထွက်ပြေးရင်း လိုဏ်ဂူတစ်ခုထဲမှာ သေဆုံး သွားခဲ့တယ်"

သူစကားပြောနေစဉ် ဝါးအိမ်တန်းသုံးလုံးအလယ်တွင်ရှိ သောအိမ်၏တံခါးမှာပွင့်သွားလေသည်။ တစ်ဆက်တည်းမှာပင် အိမ်ထဲမှအသံတစ်သံထွက်ပေါ်လာသည်။

"စုစု... သူ့ကိုအထဲခေါ်ခဲ့"

မိန်းကလေးကိုစုစုဟုခေါ်ကြောင်း သူသိလိုက်သည်။

ထိုအသံသည် ဓားဘီလူး၏အသံမဟုတ်ပါ။

အဘွားအိုတစ်ယောက်၏အသံဖြစ်သည်။

ထန်ဟုန်အံ့သြသွားသည်။

"ဘယ့်နှယ် ဓားဘီလူးရဲ့အသံလဲမဟုတ်ပါလား"



ထိုစဉ် မိန်းကလေးကပြန်ထူးလိုက်သည်။

"ဟုတ်ကဲ့... ဘွားဘွား"

ပြန်ထူးပြီး ထန်ဟုန်ဘက်သို့လှည့်လိုက်သည်။

"ဘွားဘွားက ရှင့်ကိုခေါ်နေတယ်"

သူမ၏လေသံသည် အေးစိမ့်မြဲ အေးစိမ့်နေသည်။ သို့သော် သူမ၏ဟန်မူရာမှာ အိမ်ထဲတွင်ရှိသောအဘွားအိုအပေါ် အလွန်ရိုသေ လေးစားသည့်အသွင်သဏ္ဍာန်ရှိသည်ကိုတွေ့ရ၏။

သူသည် မိန်းကလေး၏အပြုအမူကိုကြည့်ပြီး အံ့သြမိရပြန် လေ၏။ အကြောင်းမှာ ထိုမိန်းကလေးသည် ဓားဘီလူးနှင့်ဆက်ဆံ သည့်အခါ ယင်းကဲ့သို့ရှိသေလေးစားမှုမျိုးကိုမတွေ့ခဲ့ရခြင်းကြောင့် ဖြစ်သည်။ ထန်ဟုန်သည် အိမ်ထဲမှအဘွားအိုမှာ မည်သူမည်ဝါဖြစ် ကြောင်းစူးစမ်းသိရှိလိုစိတ်များဖြစ်ပေါ်လာလေသည်။

သူသည် စိတ်ဝင်စားစွာဖြင့်အကဲခတ်နေစဉ် တံခါးပေါက်ဝ ၌ ခန္ဓာကိုယ်ထွားကျိုင်းသောအဘွားအိုတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။ ထန်ဟုန် သေချာစိုက်ကြည့်လိုက်ရာ ထိုအဘွားအို သည် အ ရပ်မြင့်ပြီးခန္ဓာကိုယ်ထွားကျိုင်းသည်ကိုတွေ့ရ၏။

သို့သော် သူ၏မျက်နှာတစ်ခုလုံးမှာ ပါးရေများတွန့်ပြီး ဆံပင် များဖြူဖွေးနေသောကြောင့် အဘွားအိုတစ်ယောက်ဖြစ်ကြောင်းပေါ် ပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မျက်လုံးတစ်ဖက်ကလည်းလပ်နေ၏။ အဘွားအိုက သူမ၏ တစ်လုံးတည်းသောမျက်လုံးဖြင့် ထန်ဟုန်အား စိုက်ကြည့်လိုက်သည်။ သူမ၏ကြည့်ပုံမှာအလွန်ရူးရှသည်ဟု ထန်ဟုန်ခံစားလာမိသည်။ ထို့ကြောင့် ယင်းအဘွားအိုသည် သာမန်အဘွားအို တစ်ယောက်မဟုတ်ကြောင်းနားလည်လိုက်၏။

သူက လက်နှစ်ဖက်ဆုပ်၍အရိုအသေပြုလိုက်၏။

"ကျွန်တော်ထန်ဟုန်ပါ... ဘွားဘွားကိုဂါရဝပြုပါတယ်"

အဘွားအိုကအသာအယာခေါင်းညိတ်လိုက်၏။

ထို့နောက် မိန်းကလေးဘက်သို့လှည့်လိုက်၏။

"သူ့ဘာသာသူရောက်လာတာကောင်းပါတယ်... အထဲကို ခေါ်သွားလိုက်"

ထိုအဘွားအို၏အသံမှာ ဓားဘီလူးနှင့်မိန်းကလေးတို့၏အသံနှင့်အတူတူပင် အေးစိမ့်နေသည်ကိုတွေ့ရှိရ၏။ ထို့ပြင် သူ၏အသံမှာ ပို၍ခက်ထန်သည်ဟုလည်းသတိပြုမိ၏။ ထန်ဟုန်သည် သေမထူး နေမထူးဟူသောသဘောဖြင့် စိတ်နှလုံးဒုံးဒုံးချထားသဖြင့် ခေါင်းကို မော့ရင်ကိုကော့၍အခန်းထဲသို့ဝင်လိုက်လေ၏။

၀၀၀၀



ထန်ဟုန်သည် အခန်းထဲသို့လှမ်းဝင်၏။ စုစုဟုခေါ်သော မိန်းကလေးက သူ့အား ဟန့်တားလိုက်၏။ ထန်ဟုန်မှာ ကြောင်အမ်းအမ်းဖြင့် ခြေလှမ်းရပ်တန့်လိုက်သည်။ စုစုဟုခေါ်သောမိန်းကလေးက

"ကျွန်မနောက်ကိုလိုက်ခဲ့"

ပြောပြောဆိုဆိုပင် သူမသည် ထန်ဟုန်အား အခန်းထဲသို့ မဝင်စေဘဲ ထိုအိမ်၏လက်ယာဘက်သို့ခေါ်ဆောင်သွားလေ၏။ ဝါးအိမ်၏နံဘေးမှာ သီးခြားတံခါးပေါက်တစ်ခုရှိနေသည်ကိုတွေ့ရလေသည်။ မိန်းကလေးကတံခါးပေါက်ကိုတွန်းဖွင့်ပြီး ထန်ဟုန်ဘက်လှည့်၍ခေါင်းညိတ်ခေါ်လိုက်၏။

"လာလေ"

တစ်ဆက်တည်းပင် အိမ်ထဲဝင်ရောက်သွားရာ ထန်ဟုန်လည်း မဆိုင်းမတွအိမ်ထဲသို့လှမ်းဝင်လိုက်၏။ အိမ်ခန်းထဲသို့လှမ်းဝင်လိုက်သည်နှင့် ထန်ဟုန်မှာအံ့အားသင့်သွားရပြန်လေသည်။

အခန်းထဲတွင် မီးအိမ်တစ်လုံးထွန်းထားသည်ကိုတွေ့ရ၏။ အခန်းတစ်ခုလုံး သန့်ရှင်းစင်ကြယ်သည့်သစ်သားများဖြင့်ပြုလုပ်ထားသည့်စားပွဲကုလားထိုင်များခင်းကျင်းထားသည်ကို တွေ့ရသည်။ အခန်းတစ်ခုလုံးမှာလည်း သန့်ရှင်းသပ်ရပ်နေသည်ကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသည်မှာ ကွပ်ပျစ်ခုတင်ဟူ၍ လုံးဝမတွေ့ရခြင်းပင် ဖြစ်ပါသည်။ မိန်းကလေးသည် အခန်းထောင့်တစ်နေရာတွင်ချထား သောသေတ္တာအဖုံးကိုဖွင့်လိုက်၏။ အဝတ်အစားများထည့်ထား သောသေတ္တာဖြစ်သည်။ မိန်းကလေးက အဝတ်အစားများကိုလှန် လှောရှာဖွေရင်း နောက်ဆုံး အစိမ်းရောင်အင်္ကျီရှည်တစ်ထည်ကို ဆွဲထုတ် ကာ ထန်ဟုန်အားပစ်ပေးလိုက်လေ၏။

"ရေစိုတဲ့အဝတ်အစားကိုလဲလိုက်ပါ"

ထန်ဟုန်ကအင်္ကျီကိုဖမ်းယူလိုက်သည်။

စုစုအမည်ရှိမိန်းကလေးက....

"ဒီအိမ်ကို ရှင်နေဖို့ပေးလိုက်တယ်"

ယင်းသို့ပြောပြီးသည်နှင့် မိန်းကလေးသည် ဘာမှဆက်မ ပြောတော့ဘဲ အခန်းထဲမှထွက်ခွာသွားလေတော့၏။ ထန်ဟုန်မှာ မိန်းကလေးပစ်ပေးသည့်အင်္ကျီကိုပိုက်ရင်း မိန်းကလေး ထွက်သွား သည်ကိုအံ့အားသင့်စွာကြည့်နေမိလေသည်။

ထိုမိန်းကလေးသည် ခြေလှမ်းလှမ်း၍လျှောက်သွားခြင်း ဖြစ်သော်လည်း သူမ၏ခြေထောက်များသည် မြေကိုမထိဘဲ လေဟုန် စီး၍သွားနေသည့်အလားထင်မှတ်ရလေသည်။ သူသည် အံ့အားသင့် လျက် မင်တက်ငေးမောရင်းကျန်ရစ်ခဲ့လေတော့၏။

ဝဝဝဝ



ထန်ဟုန်သည် မိန်းကလေးထွက်ခွာသွားသည်ကို သေချာစွာ စူးစိုက်ကြည့်မိနေလေသည်။

ယင်းသို့ကြည့်နေသည့်ကြားမှပင်....

သူမသည် မည်ကဲ့သို့လျှောက်သွားသည်ကို သေချာကျနစွာ မြင်တွေ့လိုက်ရခြင်းမရှိပါ။

မိန်းကလေးပျောက်ကွယ်သွားမှ သူသည် ကုလားထိုင်တစ် လုံးပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။

ထို့နောက် သက်ပြင်းရှည်တစ်ချက်ချလိုက်မိလေ၏။

"ငါ့မိုးကြိုးဓားပညာကိုရထားလိုက်လို့ ကိုယ့်ကိုယ်ကိုဟုတ် လှပြီထင်နေတာ... အခု ဒီမိန်းကလေးရဲ့ကိုယ်ဖော့ပညာကိုတွေ့မှ ငါဟာ အများကြီးလိုနေပါသေးသလားဆိုတာသိရတော့တယ်"

ထိုအချိန်တွင် လေတစ်ချက်သုတ်ခနဲဝှေ့ယမ်းတိုက်ခတ်လိုက် ရာ သူ၏တစ်ကိုယ်လုံးအေးစိမ့်စိမ့်ဖြစ်သွားလေ၏။

ယခုမှ....

ထန်ဟုန်သည် အဝတ်အစားလဲရန်သတိရလာတော့၏။

သူသည် ရေစိုအဝတ်အစားကိုချွတ်ချပြီး....

စုစုဟုခေါ်သောမိန်းကလေးကပေးလိုက်သည့်အစိမ်းရောင် အင်္ကျီကိုဝတ်ဆင်လိုက်၏။

ထိုအင်္ကျီသည်....

www.burmeseclassic.com

www.burmeseclassic.com



သူ့ထက်များစွာကျယ်ဝန်းနေသည်ကိုတွေ့ရ၏။

ထို့ပြင် ထိုအကျီမှာ နှစ်ပေါင်းများစွာသိမ်းဆည်းထားခြင်းခံရသောကြောင့် မှိုတက်နေသောအနံ့အသက်များရှိနေသည်ကိုလည်း ရှူရှိုက်မိလေသည်။

သူ မျက်မှောင်ကုပ်သွား၏။

"ဒီအိမ်မှာ တစ်ချိန်တုန်းက ယောကျ်ားလေးတစ်ယောက် နေထိုင်သွားခဲ့ဖူးတယ်နဲ့တူတယ်"

သူသည် အဝတ်အစားလဲပြီးနောက် ရေစိုအကျီကိုလှမ်းထားလိုက်၏။ ယနေ့ သူတွေ့ကြုံခဲ့ရသောအဖြစ်အပျက်များကို ပြန်လည်သတိရလာသည်။

"ဒီနေ့ ငါလူသုံးယောက်ကိုတွေ့ခဲ့တယ်... ဒီလူသုံးယောက်စလုံးဟာ အလွန်ထူးခြားတဲ့အပြင် ကြောက်စရာကောင်းအောင်ကို အေးစိမ့်နေကြတယ်၊ ဒီအဘွားကြီးကဘယ်သူလဲ"

သူ စဉ်းစားလိုက်ပြန်သည်။

"သူ ငါ့အပေါ်ဘယ်လိုသဘောထားမလဲ"

သူသည် အဘွားအို၏စကားသံကို ပြန်လည်ကြားယောင်လာမိလေသည်။

"ကောင်းတယ်... သူ့ဘာသာသူ ရောက်လာတာ... အထဲကိုခေါ်ခဲ့"



သူ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီစကားကိုထောက်ရင် ငါ့အပေါ်ကောင်းတဲ့သဘောတော့ရှိနိုင်မှာမဟုတ်ဘူး"

ယခုမှ သူသည် ပဟေဠိဆန်သောပတ်ဝန်းကျင်တွင်ရောက်ရှိနေကြောင်းနားလည်သဘောပေါက်လိုက်တော့၏။

သူ၏ကံကြမ္မာဆိုးရွားမည်လား....

သို့မဟုတ်....

ကောင်းမွန်လာမည်လားဆိုသည်ကို....

စောင့်ကြည့်ရပေတော့မည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## မျိုးဆက်အမွေ

ထန်ဟုန်သည် မိမိရင်ဆိုင်နေရသောဘဝကို အမျိုးမျိုးခန့်မှန်းကြည့်နေ၏။ ရုတ်တရက် အဖြူရောင်လူရိပ်တစ်ခု ရိပ်ခနဲထွက်ပေါ်လာလေသည်။

သူ လှမ်းကြည့်လိုက်သည်။

အခန်းထဲသို့ စုစုဟုခေါ်သောမိန်းကလေးဝင်ရောက်လာသည်ကိုမြင်တွေ့ရ၏။

သူမ၏မျက်နှာသည် အေးစိမ့်မြဲအေးစိမ့်နေ၏။

"ငါ့ကိုသတ်ဖို့လာတာလား"

သူကကျိတ်၍ရေရွတ်မိသည်။

သို့သော် စုစုလက်တွင် သေတ္တာဇန်းကလေးတစ်ဇန်းပါလာ၏။ ဇန်းလေးပေါ်၌ထမင်းပန်းကန်နှင့် အမဲသားဟင်းတစ်ပန်းကန်ပါရှိသည်ကိုတွေ့ရသည်။



စုစုက ဇန်းကိုသူ့ရှေ့တွင်ချပြီး စကားတစ်ခွန်းမှမပြောဘဲ လေနှင့်အတူလွင့်မျောသွားသလိုပြန်လည်ထွက်ခွာသွားလေသည်။

မွှေးကြိုင်သောထမင်းဖြူအနံ့နှင့် အမဲသားဟင်းအနံ့ကို ရှူရှိုက်မိလိုက်သည်နှင့်ဝမ်းဗိုက်တစ်ခုလုံးဆာလောင်မွတ်သိပ်နေသည်ကိုသိရှိလိုက်၏။ မှန်ပါသည်။

သူသည် အစားအစာ လုံးဝမစားခဲ့သည်မှာသုံးရက်ခန့်ပင် ရှိနေပြီမဟုတ်ပါလား။

"ငါ့ကို ထမင်းလာကျွေးတယ်ဆိုတော့ ငါ့ကိုသတ်ဖို့သဘောထားပြောင်းသွားပြီနဲ့တူတယ်"

သူက အကောင်းဘက်မှရှုမြင်လိုက်သည်။

"အို... ဘာပဲဖြစ်ဖြစ် ဝဝစားပြီးမှသေချင်လဲသေတော့"

သူသည် ထမင်းပန်းကန်ကိုကောက်ကိုင်လိုက်ပြီး အားရပါးရစားသောက်လိုက်၏။ အမဲသားတုံးပန်းကန်လည်း ပြောင်သလင်းခါသွားလေ၏။

ယခုမှ သူသည် သက်တောင့်သက်သာနှင့် နေသာထိုင်သာရှိသွားတော့သည်။

အစာဝလာသည်နှင့်မျက်လုံးများမှေးစင်းလာ၏။

"ငါ အိပ်ချင်ပြီ... တရေးလောက်အိပ်လိုက်မယ်"

သူသည် တစ်ကိုယ်တည်းပြောပြီးနောက်....

www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်နှစ်လုံးကိုပူး၍ ကွပ်ပျစ်ပမာသဘောထားကာ လဲလျောင်းလိုက်သည်။

မကြာမီ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေတော့၏။

၀၀၀၀

မည်မျှအချိန်ကြာမြင့်သွားသည်မသိ။

ထန်ဟုန် အိပ်ရာမှနိုးလာသည့်အခါ အခန်းတစ်ခုလုံး မှောင်မည်းနေသည်ကိုတွေ့ရလေသည်။

စားပွဲပေါ်မှဆီမီးခွက် မီးငြိမ်းသွားခြင်းကြောင့်ဖြစ်သည်။

ပြတင်းပေါက်အပြင်ဘက်တွင် လရောင်လင်းထိန်နေ၏။

သူသည် ပြတင်းပေါက်အနီးလျှောက်သွားသည်။

ဤနေရာမှထွက်ခွာသွားလျှင်ကောင်းမည်လောဟု....

သူ စိတ်ကူးမိသေးသည်။

သို့သော် ဤနေရာမှထွက်ခွာမည်ဆိုလျှင်ရေကူးရေငုပ်ပညာအတော်အတန်မတတ်လျှင် မလွယ်ကူလှပါ။

သူသည် ယင်းသို့စဉ်းစားနေစဉ်ပင် ပျော့ပျောင်းသောအသံတစ်သံ လေနှင့်အတူလွင့်မျောလာသည်ကိုကြားလိုက်ရ၏။

"ငါ့ကိုလှတယ်လို့ပြောတယ်... ငါ တကယ်ပဲလှနေလို့လား"

ထန်ဟုန်သည် အသံလာရာဘက်သို့လှမ်းကြည့်လိုက်သည်။



ပြတင်းပေါက်နှင့်ခြေလှမ်းနှစ်ရာခန့်အကွာတွင် ပန်းပင်များအစီအရီစိုက်ပျိုးထားသည်။

ထိုပန်းပင်များကြားတွင် စုစုတစ်ယောက် ကောင်းကင်ပေါ်မှလမင်းကိုမော့ကြည့်ရင်း ငေးငိုင်နေသည်ကိုတွေ့ရသည်။

ယခု သူမ၏အနေအထားမှာ တကယ့်နတ်သမီးလေးတစ်ပါးလူ့ပြည်သို့ဆင်းသက်လာသည့်အလား ထင်မှားရလောက်အောင် လှပလွန်းနေပေသည်။

ထန်ဟုန်မှာ ရှုမငြီးနိုင်အောင်ဖြစ်ကာ ရင်ထဲတလှပ်လှပ်ခံစားနေရပေတော့သည်။

"ခင်ဗျားတကယ့်ကိုလှပါတယ်ဗျာ... နတ်မိမယ်တစ်ပါးလို့ထင်ရလောက်အောင်ကိုလှပါတယ်ဗျာ"

သူသည် ယင်းသို့ပြောရန် စိတ်ဆန္ဒပြင်းပြနေသော်လည်း အသံကားထွက်မလာပါ။

သူသည် စုစုအားငေးမောကြည့်နေစဉ် ရုတ်တရက် စူးရှသောမျက်လုံးအစုံသည် သူ့ထံသို့တရွေ့ရွေ့ချဉ်းကပ်လာနေသည်ကိုတွေ့မြင်လိုက်ရလေသည်။

ထိုမျက်လုံးအစုံကိုမြင်တွေ့လိုက်သည်နှင့်... ဓားဘီလူးဖြစ်ကြောင်း ထန်ဟုန်ကောင်းစွာမှတ်မိလိုက်လေသည်။

သူ့ရင်ထဲ ထိတ်လန့်တုန်လှုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူရောက်ရှိလာလျှင် မိမိအားသတ်လိမ့်မည်ဟုသူကောင်းစွာယုံကြည်ထား၏။ ထို့ကြောင့် သူသည် နောက်သို့အသာဆုတ်ပြီး စားပွဲပေါ်၌တင်ထားသောဓားကိုကောက်ယူရန် ဟန်ပြင်လိုက်လေသည်။ ထိုအချိန်တွင် စုစု၏အသံဟိန်းထွက်လာသည်။

"ဆရာ... ဘာလုပ်မလို့လဲ"

ဓားဘီလူးကအော်ငေါက်လိုက်၏။

"ငါဘာပဲလုပ်လုပ် မင်းပြောစရာမလိုဘူး... သွားစမ်း"

စုစုကထွက်ခွာခြင်းမပြုပါ။

"ဆရာ... ဒီနေရာဟာ ဘွားဘွားရဲ့နေရာပါ၊ ဆရာကသာ ဒီနေရာကထွက်ခွာသွားဖို့ကောင်းတာ"

ထိုလူဒေါသထွက်လာသည်။

"မင်းတော်တော်ရိုင်းပျပါလား... ငါဟာမင်းရဲ့ဆရာဖြစ်တယ်ဆိုတာမင်းမေ့နေပြီလား"

စုစုက....

"ကျွန်မ မမေ့ပါဘူး... ဆရာ ကျွန်မအပေါ် ကျေးဇူးရှိသလို ဘွားဘွားလဲ ကျွန်မအပေါ်ကျေးဇူးရှိပါတယ်"

သူမကစကားဆက်လိုက်သည်။

"ဆရာက ကျွန်မကိုမိုးကြိုးဓားသိုင်းပညာသင်ပေးထားသလို ဘွားဘွားကလဲ ကျွန်မကိုထူးခြားတဲ့ကိုယ်ဖော့ပညာသင်ပေးတယ်၊



ဒါကြောင့် နှစ်ယောက်စလုံးကကျွန်မဆရာပါ"

ဓားဘီလူးက....

"ငါဟာမင်းရဲ့ဆရာမှန်းသိရင် ဆရာ့စကားကိုနားထောင်ရမယ်မဟုတ်လား"

စုစုခေါင်းညိတ်လိုက်သည်။

"ကျွန်မနားလည်ပါတယ်"

ဓားဘီလူးက....

"မင်းနားလည်ရင် ငါခိုင်းတာကိုလုပ်ပါ၊ အခုချက်ချင်း မင်း ဒီနေရာကထွက်သွားပါ"

သူမ ခေါင်းခါယမ်း၏။

"ကျွန်မက ဆရာ့ပိုင်နက်ထဲမှာရှိနေရင် ဆရာခိုင်းတာကို တသွေမတိမ်းလုပ်ပေးပါ့မယ်၊ ဒါပေမဲ့ ဘွားဘွားရဲ့ပိုင်နက်ထဲမှာတော့ ဘွားဘွားပေးအပ်တဲ့တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရမဲ့ တာဝန်ရှိနေပါတယ်ဆရာ"

ဓားဘီလူးက....

"ကြီးကျယ်လိုက်တာ... အခု ငါ ဒီကောင်လေးဒီအိမ်ထဲမှာရှိတယ်ဆိုတာငါသိတယ်၊ သူ့ကိုအရှင်ထားလို့မရဘူး၊ ဒါကြောင့် ငါ သူ့ကိုသတ်မယ်၊ အဲဒါကို မင်းဘွားဘွားကလဲ ကန့်ကွက်မှာမဟုတ်ဘူး၊ မင်းနားလည်သဘောပေါက်တယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူသည် စကားဆုံးသည်နှင့်လက်တစ်ဖက်ဖြင့်ပြတင်းပေါက်ကိုမှီ၍တွန်းထုတ်လိုက်သည်။

ထန်ဟုန်သည် ဓားဘီလူးရောက်လာကတည်းက မိမိအား အန္တရာယ်ပြုလိမ့်မည်ဟုသိရှိထားပြီးဖြစ်၏။

ထို့ကြောင့် သူသည်သတိ ကြီးစွာဖြင့်စောင့်ကြည့်နေစဉ် ဓားဘီလူးက လက်ဝါးတစ်ဖက်ဖြင့်တွန်းထုတ်လာသောအခါ သူကလည်း လက်ဝါးနှစ်ဖက်ဖြင့်တုံ့ပြန်ခုခံလိုက်သည်။

"ဝုန်း....."

ဟူသောအသံနှင့်အတူ ပြတင်းပေါက်တစ်ခုလုံးပွင့်ထွက်ကာ အဝေးသို့လွင့်စဉ်သွား၏။

အိမ်ခန်းထဲသို့လွင့်စဉ်သွားခြင်းမဟုတ်ဘဲ အပြင်ဘက်သို့ လွင့်စဉ်သွားခြင်းဖြစ်သည်။

ထန်ဟုန်သည် မိမိကဓားဘီလူး၏လက်ဝါးကိုတုံ့ပြန်နိုင်ခဲ့ကြောင်းတွေ့ရသည့်အခါ လွန်စွာအံ့သြဝမ်းသာသွား၏။ သို့သော် စိတ်ထဲတွင်မူ လုံးဝမယုံကြည်နိုင်အောင်ဖြစ်မိလေသည်။ သူသည် သတိပြုကြည့်လိုက်သောအခါ ဓားဘီလူးရှေ့တွင် လူနှစ်ယောက်ရပ်နေသည်ကိုတွေ့မြင်လိုက်ရ၏။

တစ်ယောက်မှာစုစုဖြစ်ပြီး ကျန်တစ်ယောက်မှာ အဘွားအိုပင်ဖြစ်သည်။



ဓားဘီလူးမှာမူ ကင်းမြီးကောက်ထောင်ထားသည့်အနေအထားဖြင့် လက်နှစ်ဖက်ကိုခြေထောက်အစား မြေပေါ်၌ထောက်ထားလိုက်၏။

သူ၏မျက်လုံးအစုံသည် စူးရှတောက်ပစွာဖြင့်အဘွားအိုကို စိုက်ကြည့်နေ၏။

ထန်ဟုန်သည် အဘွားအို အချိန်မီရောက်လာပြီး ဓားဘီလူး၏တိုက်ခိုက်မှုကိုဟန့်ခဲ့သောကြောင့် မိမိအနေဖြင့် အသက်ချမ်းသာရာရခဲ့ခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်လိုက်လေသည်။

ဝ၀၀၀

www.burmeseclassic.com

www.burmeseclassic.com



အဘွားအို၏အသံ ထွက်ပေါ်လာသည်။

"ရှင် ကတိဖောက်ဖျက်ပြန်ပြီလား"

သူမ၏အသံသည် အေးစိမ့်ပြီးပြတ်သားလှသည်။

ဓားဘီလူးက....

"ကျုပ်ဖောက်ဖျက်ချင်လို့ ဖောက်ဖျက်တာမဟုတ်ဘူး"

သူက ထန်ဟုန်ရှိရာအခန်းကိုလက်ညှိုးထိုးပြလိုက်ပြီး....

"ဒီလူယုတ်မာကောင်လေးကို မင်းခေါ်ထားလို့ ငါလာရတာကွ"

အဘွားအိုက....

"ဒီနေရာဟာကျွန်မပိုင်နက်... ကျွန်မနေရာ၊ ကျွန်မဘယ်သူ့ကိုပဲထားထား ရှင်စွက်ဖက်ပိုင်ခွင့်မရှိဘူး"

ဓားဘီလူးက....

"မင်းဘာသိလို့လဲ... ဒီကောင်လေးက ငါ့ရဲ့ဓားပညာကိုတတ်ထားတာကွ"



အဘွားအိုက....

"မိုးကြိုးဓားပညာဟာ ကျွန်မအဖေတီထွင်ထားတဲ့ပညာ သူ့အတွက်လုပ်ပေးဖို့ ရှင့်ကိုဒီဓားပညာသင်ပေးလိုက်တာ၊ ဒါကြောင့် ဒီဓားပညာဟာ ကျွန်မနဲ့ပိုပြီးသက်ဆိုင်တယ်၊ ဒါကြောင့် အရေးယူစရာရှိရင် ကျွန်မကပဲ အရေးယူပိုင်ခွင့်ရှိတယ်"

ဓားဘီလူးက....

"ဟုတ်တော့ဟုတ်ပါတယ်... ဒါပေမဲ့ ဒီကောင်လေးဟာ ငါတို့ဓားပညာကို ဟုတ်တိပတ်တိတတ်ထားတာမဟုတ်ဘူးကွ၊ တော်ကြာ ငါတို့ပြိုင်ဘက်က သူ့ကိုဖမ်းမိသွားရင် ငါတို့ရဲ့မိုးကြိုးဓားပညာလျှို့ဝှက်ချက်ကိုရရှိသွားနိုင်တယ်... ဒါကြောင့် သူ့ကိုအရေးတကြီးရှင်းလင်းသုတ်သင်ဖို့လိုတယ်"

အဘွားအိုကမဲ့ပြုံးပြုံး၏။

"ရှင်ကကောဘာအသုံးကျလို့လဲ၊ ကျွန်မအဖေက ရှင့်ကို အားကိုးတကြီးနဲ့မိုးကြိုးဓားပညာကိုသင်ပေးတာ သူနိုင်းတာကိုလုပ်ဖို့ရှင့်၊ ခုတော့ ရှင်က ဒီဓားပညာနဲ့သိုင်းလောကတစ်ခုလုံးကိုဒုက္ခပေးတယ်၊ ထင်ရာစိုင်းလုပ်ခဲ့တယ်.... နောက်ဆုံးတော့ မြွေဘုရင်ရဲ့ပရိယာယ်ကြောင့် ရှင်အခုလိုခြေနှစ်ဖက်ပြတ်သွားခဲ့ရတယ်မဟုတ်လား"

ထန်ဟုန်သည် နားထောင်ရင်း အဘွားအိုပြောသည့်ပြိုင်ဘက်ဆိုသည်မှာ မည်သူမည်ဝါဖြစ်သည်ကိုမသိဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုပြောနေသည့်စကားထဲတွင် သူမ၏ဆရာသည် မြေဘုရင်မဟုတ်မှန်းထင်ရှားနေသည်။

ထိုအချိန် ဓားဘီလူး၏အသံထွက်ပေါ်လာ၏။

"ပြီးခဲ့တာတွေကိုမပြောပါနဲ့တော့... အခု အရေးကြီးတာက ငါတို့ရဲ့ မိုးကြိုးဓားပညာကိုမဆီမဆိုင်တဲ့လူတွေလက်ထဲရောက်သွားရင် တစ်နေ့ ငါတို့ဒုက္ခရောက်မှာကွ၊ ဒါကို ခုကတည်းက ရှင်းလင်းထားသင့်တယ်"

အဘွားအိုက....

"ဒီအတွက် ရှင်ပူစရာမလိုဘူး... ကျွန်မအစီအစဉ်နဲ့ကျွန်မ ရှိပြီးသားပါ"

ဓားဘီလူးက သူမအားစိုက်ကြည့်လိုက်၏။

"မင်းနဲ့ငါကလင်မယားပဲ... ငါ့ကိုတောင်မယုံဘဲ ဒီသူစိမ်းတစ်ရံစာဖြစ်တဲ့လူကိုမှယုံရသလား"

အဘွားအိုကမဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မအဖေက ရှင့်ကိုယုံခဲ့လို့ ဘာတွေဖြစ်ခဲ့သလဲ၊ ကျွန်မတို့ရဲ့အဖိုးတန်ပစ္စည်းကို ရှင်ရအောင် ပြန်ယူနိုင်လို့လား၊ ရှင်ကတော့ သိုင်းလောကမှာလူတကာအော်ကြော့လန့်အောင် သောင်းကျန်းသွားတာပဲရှိတယ်၊ သောင်းကျန်းသွားလို့လဲ ခြေနှစ်ဖက်ပြတ်ခဲ့ရပြီး အခုလို လူသူမရောက်တဲ့တောထဲလာပြီးပုန်းနေရတယ်မဟုတ်လား"



ထိုစကားကြောင့် ဓားဘီလူးသည် ဒေါသအမျက်ခြောင်းခြောင်းထွက်လာလေသည်။

မျက်နှာတစ်ခုလုံး ဒေါသကြောင့်နီရဲလာပြီး...

"ယား..."

ယင်းသို့အားယူမာန်သွင်းပြီး လက်ဝါးနှစ်ဖက်ကိုရုတ်တရက် ယမ်းလှုပ်ရှားလိုက်ရာ သူနှင့်ငါးလံမျှအကွာတွင် ရှိရှိသမျှသော ပန်းပင်များ၊ ကျောက်တုံးများ ဖရိုဖရဲဖြစ်ကာလွင့်စဉ်သွားလေတော့၏။ ထန်ဟုန်သည် ဓားဘီလူး၏ဓားပညာကို မတွေ့မမြင်ခဲ့ရသော်လည်း ယခုအခါတွင် ဒုက္ခိတစ်ယောက်ဖြစ်လျက်နှင့်လက်ဝါးနှစ်ဖက်အတွင်းအားမှာ အားမာန်ပြင်းထန်ပြီး အလွန်ကြောက်မက်ဖွယ်ရာကောင်းနေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရပြီဖြစ်သည်။

ထို့ကြောင့် တုန်လှုပ်ချောက်ချားသွားမိလေသည်။

"ရပ်လိုက်"

အဘွားအို၏အသံ ဟိန်းထွက်လာသည်။ ဓားဘီလူးရပ်တန့်လိုက်သည်။ အဘွားအိုက ဖရိုဖရဲလွင့်စဉ်သွားသောပန်းပင်များကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"ရှင် ကျွန်မပန်းပင်တွေကို ဘာကိစ္စနဲ့ဖျက်ဆီးပစ်လိုက်ရတာလဲ"

ဓားဘီလူးက....

www.burmeseclassic.com

www.burmeseclassic.com



"ငါက ခြေနှစ်ဖက်မသန်လို့ ဓားကိုအသုံးမပြုနိုင်တော့ပေမဲ့ ငါ့ရဲ့လက်ဝါးနှစ်ဖက်ဟာ ရန်သူကိုချေမှုန်းနိုင်သေးတယ်ဆိုတာ မင်းသိအောင်ပြလိုက်တာပဲ"

အဘွားအိုကခေါင်းခါယမ်းသည်။

"လေကြွားမနေနဲ့... ရှင်ရဲ့ခြေထောက်ကောင်းတုန်းကလဲ သူများကိုနိုင်လို့လား၊ အခုဆိုရင် ပိုတောင်ဝေးပါသေးရဲ့"

ဓားဘီလူးကထန်ဟုန်ဘက်သို့လှည့်၍ လက်ညှိုးထိုးလိုက်၏။ ပြီးနောက်....

"မင်း သူ့ကိုဘာဖြစ်လို့ခေါ်ထားရတာလဲ"

အဘွားအိုက....

"တစ်နေ့ သူဟာ ကျွန်မတို့ရဲ့မိုးကြိုးဓားသိုင်းပညာကိုဆက်ခံနိုင်မဲ့လူတစ်ယောက်အဖြစ် ပြုစုပျိုးထောင်ပေးမလို့ဘဲ"

"ဘာကွ"

ဓားဘီလူး၏အသံ ဟိန်းထွက်သွားသည်။ အကြီးအကျယ်ခံပြင်းဒေါသထွက်သွားပုံလည်းရသည်။

"မင်းကသူ့ကိုမိုးကြိုးဓားပညာရဲ့အမွေဆက်ခံသူအဖြစ် ပြုစုပျိုးထောင်ပေးမလို့ဟုတ်လား"

အဘွားအိုကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

BURMESE CLASSIC .com



ဓားဘီလူးက....

"ငါ လုံးဝလက်မခံနိုင်ဘူး"

အဘွားအိုက....

"ရှင် အခုဒုက္ခိတဖြစ်နေပြီ... ဘာလုပ်နိုင်မှာမို့လို့လဲ၊ ဒီအတိုင်းသာဆက်သွားမယ်ဆိုရင် ကျွန်မတို့ရဲ့မိုးကြိုးဓားပညာဟာ တစ်နေ့သိုင်းလောကကနေ ပျောက်ကွယ်သွားလိမ့်မယ်၊ နောက်ပြီး ကျွန်မတို့ရဲ့အဖိုးတန်ပစ္စည်းကိုလဲ ဘယ်တော့မှပြန်ရမှာမဟုတ်တော့ဘူး"

ဓားဘီလူးက....

"ဒီဓားပညာ ဆွေ့မင်ရဲ့သမီးနှစ်ယောက်ကိုသင်ကြားပေးခဲ့ပြီးပြီမဟုတ်လား... ဘာလိုသေးလဲ"

အဘွားအိုက....

"ဟုတ်တယ်... ဆွေ့မင်ရဲ့သမီးနှစ်ယောက်ဟာ ဓားသိုင်းပညာသင်ကြားဖို့ထူးထူးခြားခြား ပါရမီရှိကြတဲ့မိန်းကလေးတွေဖြစ်တယ်... ဒါကြောင့် ငါတို့ရဲ့ဓားပညာကို သူတို့ကအောင်မြင်အောင်သင်ယူနိုင်တာပေါ့"

သူမကသက်ပြင်းတစ်ချက်ချ၍ စကားဆက်လိုက်သည်။

"ဒီလိုလုပ်ရတာလဲ... ရှင် အသုံးမကျလို့လုပ်လိုက်ရတာပါ"

ဓားဘီလူးမျက်မှောင်ကုပ်သွားသည်။

"ကျုပ်က ဘာများအသုံးမကျလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုက....

"ရှင်အသုံးမကျတာကိုဝန်မခံသေးဘူးလား"

သူမက စကားဆက်လိုက်သည်။

"ရှင်ဟာဉာဏ်ကောင်းပါတယ်၊ ပါရမီလဲရှိတယ်၊ ဒါကြောင့် ကျွန်မအဖေက ရှင့်ကို မိုးကြိုးဓားပညာကိုသင်ပေးတယ်၊ ဒီလိုဓားပညာသင်ပေးတဲ့ရည်ရွယ်ချက်က ကျွန်မတို့ပြိုင်ဘက်ဆီက ကျွန်မတို့ရဲ့ပစ္စည်းကိုပြန်ယူဖို့ပဲ၊ အဲဒီတာဝန် ရှင့်ကိုယုံယုံကြည်ကြည်နဲ့ပေးလိုက်တယ်မဟုတ်လား"

ဓားဘီလူးပါးစပ်ပိတ်ထားလိုက်သည်။

အဘွားအိုက သူ့အားစိုက်ကြည့်လိုက်ပြီး....

"ရှင် ဘာလုပ်ခဲ့သလဲ... ဓားပညာအားကိုးပြီး သိုင်းလောကမှာသောင်းကျန်းခဲ့တယ်၊ နောက်ဆုံး မြွေဘုရင်လက်ချက်နဲ့ ခြေနှစ်ဖက်ပြတ်ပြီး ဒီလိုနေရာမျိုးမှာ လာပုန်းအောင်းနေရတာယ်မဟုတ်လား"

သူမကစကားဆက်လိုက်သည်။

"ရှင် ခြေနှစ်ဖက်ပြတ်သွားတဲ့အတွက် ကျွန်မတို့ရဲ့ပြိုင်ဘက်က ဒီဓားကျမ်းကိုလာမလုဘူးလို့ ဘယ်သူပြောနိုင်မှာလဲ၊ ဒါကြောင့် ကျွန်မတို့ဟာ ဆွေ့မင်ကိုလေရှူးလိုဏ်ဂူထဲမှာနေထိုင်ဖို့ စီစဉ်ပေးခဲ့တယ်၊ ဓားသိုင်းကျမ်းနဲ့ သူ့ရဲ့ကလေးတစ်ယောက်ကိုလဲခဲ့တယ်၊

BURMESE CLASSIC .com



အမှန်အတိုင်းပြောရမယ်ဆိုရင် ကျွန်မတို့ပေးခဲ့တဲ့ဓားကျမ်းဟာ မိတ္တူတစ်ခုသာဖြစ်ပါတယ်၊ သိုင်းကွက် တစ်ကွက်တိုင်းမှာပါဝင်တဲ့လျှို့ဝှက်ချက်တွေကိုရေးမထားပါဘူး၊ အထူးသဖြင့် နောက်ဆုံးသိုင်းကွက်ဖြစ်တဲ့ 'ဓားပင်လယ်ကျယ်သရွေ့'ဆိုတဲ့သိုင်းကွက်ကို ဘယ်လိုမှနားလည်နိုင်ကြမှာမဟုတ်ဘူး... နားမလည်နိုင်တဲ့အပြင် လေ့လာတဲ့လူကို လမ်းမှားရောက်သွားအောင် တွန်းပို့ပေးတဲ့သိုင်းကွက်တစ်ကွက်လဲဖြစ်ပါတယ်"

ထန်ဟုန်သည် အဘွားအိုရှင်းပြသောစကားကိုကြားလိုက် ရမှ မိမိသည် မိုးကြိုးဓားပညာကိုရရှိထားသော်လည်း စုစုနှင့်ယှဉ်ပြိုင်သောအခါ အဘယ်ကြောင့် ရင်ဆိုင်၍မရမှန်း သဘောပေါက်နားလည်လာလေသည်။

ထို့ကြောင့် ကိုယ့်ကိုယ်ကိုမိုးကြိုးဓားပညာတတ်မြောက်ထားသည်ဟု ဝံ့ကြွားလိုစိတ်များပျောက်ကွယ်သွားလေသည်။

ဓားဘီလူးကရယ်မောလိုက်၏။

"ငါတို့ရဲ့ပြိုင်ဘက်ဟာ ဘယ်လိုလူစားမျိုးဖြစ်တယ်ဆိုတာ မင်းသိပါတယ်၊ မိတ္တူရသွားရင် သူတို့အဖို့ ဒီမိတ္တူထဲမှာပါတဲ့ချို့ယွင်းချက်တွေကိုလေ့လာသုံးသပ်သိရှိသွားနိုင်တယ်ဆိုတာ မင်းနားလည်ထားဖို့ကောင်းတယ်"

သူသည် ထန်ဟုန်ဘက်လှည့်၍လက်ညှိုးထိုးလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့ဓားပညာကို မင်းမတွေ့လိုက်လို့ပါ"

အဘွားအိုကကြားဖြတ်လိုက်သည်။

"ကျွန်မ သူ့ရဲ့ဓားပညာကိုတွေ့ခဲ့လို့လဲ သူ့ကို အခုလု... တို့ရဲ့မိုးကြိုးဓားပညာဆက်ခံသူအဖြစ်ခေါ်ထားလိုက်တာပေါ့"

ဓားဘီလူးအလွန်အံ့ဩသွားသည်။

"မင်း... မင်းတကယ်ပြောနေတာလား"

အဘွားအိုက....

"ဟုတ်တယ်... ကျွန်မစကားကုန်ပြီ၊ ရှင်သွားတော့"

ဓားဘီလူးသည် သူမအားအတန်ကြာစိုက်ကြည့်ပြီးမှ ပါးရရယ်မောလိုက်သည်။

"ဟား... ဟား... ဟား... ငါသွားပြီ... ငါသွားပြီ"

သူသည် အော်ဟစ်ရင်းလေထဲသို့ခုန်တက်ပြီးတိမ်တိုက်... လွင့်မျောပျောက်ကွယ်သွားလေတော့၏။

*ပထမပိုင်းပြီး...*

*ဒုတိယပိုင်းဓာတ်သိမ်းဆက်လက်ဖတ်...*

အမှန်အတိုင်း
တစ်ခုသော
လ
ကို

BURMESE CLASSIC .com

www.burmeseclassic.com